http://www.dhammadownload.com



ကိလေသာတစ်ခုတည်းက ဝဋ်ကိုလွန် ဝန်ဖြစ်လာပြီ။
ကံတစ်ခုတည်းကလည်း ဝဋ်မှကျွံ ဝန်ဖြစ်လာပြီ။
ဝိပါက်တစ်ခုတည်းကလည်း ဝဋ်အလွန် ဝန်ဖြစ်သွားလေပြီ။
သို့ကြောင့်ယင်းသုံးခုတို့သည်
တစ်ခုတည်းတွင် ဝန်၊ သုံးခုလည်းရာတွင်ကား ဝဋ်
ဤသို့လျှင် အမည်ထူးနှစ်ခုတို့ဖြင့် ဝင်လာ သတ္တဝါ
ဝန်ချိန်စီး၊ ဝဋ်ဖြစ်ချိန်ဝါး "စီးဝါး"အရာဝင်နေကြပါပြီ။

ခန္ဓာ့ဝန် ကမ္မဝန် ကိလေသာ့ဝန် — မဟာဗောဓိမြိုင်ဆရာတော်

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

# ကိလေသာ့ဝန် ကမ္မဝန် ခန္ဓာ့ဝန်

## (ဘာရနိက္ခေပကထာ)



graphic design : nyein chan tha(2011)

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

သုဝဏ္ဏာသျှမ်စာစဉ်

အမှတ်(၇၄)၊ သာယာအေးလမ်း၊ ၃-ရပ်ကွက်

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉၇၃၀၄၆၂၂၆၊၀၉၄၃၀၅၆၅၇၇

http://www.dhammadownload.com

http://www.dhammadownload.com

၂၉၄.၃

မဟာစောဓိမြိုင်ဆရာတော်

ကိလေသာ့ဝန် ကမ္မဝန် ခန္ဓာ့ဝန် / မဟာစောဓိမြိုင်ဆရာတော်၊ရန်ကုန်၊

သုဝဏ္ဏသျှမ်စာပေ၊ ၂၀၁၁၊

စာ - ၁၁၈၊ ၁၂.၅ × ၁၈စင်တီ၊

(၁)ကိလေသာ့ဝန် ကမ္မဝန်ခန္ဓာ့ဝန်

ပထမအကြိမ်

၁၃၇၃ သီတင်းကျွတ်/တန်ဆောင်မုန်း

အောက်တိုဘာ - ၂၀၁၁

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၆၀၀၆၈၄၀၈၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၆၆၀၆၆၇၀၉၁၁ |
| အုပ်ရေ | - | ၁၀၀၀အုပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ငြိမ်းချမ်းသာ |
| စာစီ | - | မန်းရွှေစာပေ |
| အတွင်းဖလင် | - | ကိုဦးနှင့်ညီများ |

ထုတ်ဝေသူ

ဦးစိန်မြင့်၊ သုဝဏ္ဏသျှမ်စာစဉ်

၇၄ - သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်း၊ ရန်ကုန်မြို့

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဦးဇော်မြင့်ဝင်း

ကာလာဇုံပုံနှိပ်တိုက်

တန်ဖိုး - ၁၅၀၀ ကျပ်

မှမ်းမံဖန်တီးမှု - ငြိမ်းချမ်းသာ၊ဝင်းဇော်ဦး

http://www.dhammadownload.com

http://www.dhammadownload.com

နမော တဿ ဗုဒ္ဓ ဝိရတ္ထု

နတ်တလှူစာစဉ်-၂၆

ကျေးဇူးတော်ရှင်

မဟာဗောဓိမြိုင်ဆရာတော်ကြီး

# ကိလေသာဝဋ် ကမ္မဝဋ် ခန္ဓာဝဋ်

# [ဘာရနိက္ခေပကထာ]

နတ်တလှူသာသနာပြုအသင်းမှ

စီစဉ်ထုတ်ဝေသည်

http://www.dhammadownload.com

http://www.dhammadownload.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်,ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

http://www.dhammadownload.com

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

မဟာဗောဓိမြိုင်ဆရာတော်

http://www.dhammadownload.com

http://www.dhammadownload.com

# ကိလေသာဝဋ် ကမ္မဝဋ် ခန္ဓာဝဋ်
## (ဘာရနိက္ခေပကထာ)

ကိလေသကမ္မဘာရံဝါခန္ဓဘာရံယေလဘန္တိ
နိစ္စာပတိတွာခဏေခဏေပရိဝတ္တေန ဘာရိတော
ဩဃယောယောဂေါ်ါအခါမတ္ထကဲဓာဝေယျုံတသိယာမှာ။

ယေ - အကြင်ပုထုဇဉ်တို့သည်
ကိလေသဘာရံဝါ - ကိလေသာ ဝန်ထုပ်ကြီးကိုလည်းကောင်း၊
ကမ္မဘာရံဝါ - ကံဝန်ထုပ်ကြီးကိုလည်းကောင်း၊
ခန္ဓဘာရံဝါ - ခန္ဓာဝန်ထုပ်ကြီးကိုလည်းကောင်း၊
ဆန္ဒဝသေန - အာသာဆန္ဒ၏ စွမ်းအားဖြင့်၊
လဘန္တိ - ရရှိလျက်က ရှိနေကြကုန်၏။ တေ - ထိုပုထုဇဉ်တို့သည် တံ - ထိုဝန်ထုပ်ကြီး သုံးထုပ်ကို နိစ္စာပတိတွာ - အမြဲလုံးလုံး ပခုံးထက်မှ မချမတော့ဘဲ၊ ခဏေခဏေ - အချိန်ချင်းဆက်လျက်က၊ ပရိဝတ္တေန -

တစ်ထုပ်ပြီးတစ်ထုပ် အလဲအလှယ်ဖြင့်၊ ဘာရိတော - ထမ်းဆောင် လျှက်ကပင်၊ဩဇုယောမဂ္ဂံဝါ - ဩဇုယခရီးဆီသို့လည်းကောင်း၊

ယောဂေါမဂ္ဂံဝါ - ယောဂခရီးဆီသို့လည်းကောင်း၊

အဂေါမဂ္ဂံဝါ - အပါယ်ခရီးဆီသို့လည်းကောင်း၊

သီဃ သီဃမှာ - အလျင်တကာ့ အလျင်ဆုံးသော နည်းများ ဖြင့်သာ၊ ဓာဝေယျုံ ဝတ - ပြေးဆင်းနေကုန်ကြပြီတကား။

❖ ❖ ❖

http://www.dhammadownload.com

ဝဲဇလုပ်ထဲမှ ခိုးထုပ်ခိုးထည်များ

လောကတွင်းသို့ သတ္တဝါအဖြစ်ဖြင့် ဝင်ရောက်လာသူတိုင်း ဘဝ တစ်ခု တစ်ခုကား ပါစမြဲပင်။ တစ်ဖန် ဘဝပါလာ သူတိုင်းလည်း မိမိရထားသော ဘဝအပေါ် ခင်မင်မြတ်နိုးခြင်းနှင့်အတူ . . .

* ဘဝအတွက် အသက်မွေးခြင်းအမှုလည်း မဖြစ်မနေ ပြုပေး ကြရတော့မည်။

* ဘဝအတွက် ဝမ်းကျောင်းခြင်းအမှုလည်း မဖြစ်မနေ ပြုပေး ကြရတော့မည်။

ဤအထိ နိယာမ အစဉ်အလာအရထက် မပိုသေး။

ထိုစဉ် ဘဝခန္ဓာအတွက် ဝမ်းစာဆက်ရာမှလည်းကောင်း၊

နတ်တလှူစာစဉ်

http://www.dhammadownload.com



အသက်မွေးရာမှလည်းကောင်း ဦးစွာ မိမိရှိ အကြည်ဓာတ်ခွက်များဖြင့် တစ်ဘက်၌ရှိသော ဝတ္ထုများကို အာရုံပုံဖမ်းပညာ အသုံးချကာ စူးစမ်းလေ့လာခြင်းအမှု ပြုပေးလေသောအခါ. . .

ထိုစဉ် ဓာတ်ခွက်များ၌ သတိထိန်းမပါဘဲ
ခံစားခြင်းကိုလည်း ပြုမိခဲ့ကြ၏။
မှတ်သားခြင်းကိုလည်း ပြုမိခဲ့ကြ၏။
ကြောင့်ကြထားခြင်းကိုလည်း ပြုမိခဲ့ကြ၏။
အသိလုပ်ပေးခြင်းကိုလည်း ပြုမိခဲ့ကြ၏။

ထိုစဉ် ညှို့ဓာတ်ပါသော တစ်ဘက်အာရုံ၏ အဆွဲတွင် မိမိတို့က် အထိန်းမဲ့ဖြစ်နေခြင်းကြောင့် မိမိကိုယ်မှ လွတ်ပါ သွားတော့ရာ. . .

မိမိဝေဒနာကပင် အသေးအကြီးဖြစ် ကြွားဝါပြနေသည်။

မိမိသညာကပင် မရှိကို အရှိအရာထား ဥပမာစကားဖြင့် မှတ်သားပေးနေသည်။

မိမိစိတ်ကပင် မကြိုက်တစ်မျိုး၊ ကြိုက်တစ်မျိုး သွေးထိုးပေးနေပြန်သည်။

တစ်ဘက်အာရုံကလည်း မီးခိုးဖြင့် အရုပ်ရေးပြသည့်ပမာ သမ္မုတိပညတ်ဖြင့် အထင်ကရ ပြပေးနေပြန်သည်။

ထိုသို့ ကိုယ့်ဘက်ကလည်း ကိုယ့်စိတ်ကို လျော့ထုတ်၊
တစ်ဘက်ကလည်း ကိုယ့်စိတ်ကို ညှို့ခေါ် ခေါ်နေချေရာ
သတ္တဝါတို့ ခမျာ . . .

* မသိသော အသိများဖြင့် လှည့်လည်ကျက်စားနေကြ ရရှာပြီ။

http://www.dhammadownload.com



* မမိသော အမိများ၌လည်း ငြီးငွေ့လျက်သား ဖြစ်နေကြရရှာပြီ။
* အမှတ်ပေးရာ သည်းခြေလိတ်ခေါ် ဇလုပ်ထဲ၌ကား အတေး အစွဲများက တင်းကြမ်း။

တကယ်တွေ့ထိ ခံစားခွင့်ရရာ တံခါးငါးပေါက်တို့မှာကား ဗလာ နတ္ထိ၊ ဘာဆိုဘာမှ မရမမိ။ သို့ကြောင့် . .

အာရုံအတိုးများသဖြင့် ခေတ္တအနားယူပေးရသည်ကိုပင် ဝသည်၊ ရသည်အထင် ထင်နေကြရ၏။

ဝတ္ထု အတိုးမပြတ်သဖြင့် ခေတ္တကြပ်နေသည်ကိုပင် ဝသည်၊ ရသည်အထင် ထင်နေကြရ၏။

အာရုံပုံစဉ် အထင်မပြသော လေ

ဝတ္ထုခြံ အတွဲမပါသော မီးခိုး၊

ယင်းတို့ကို ဖမ်းယူဆုပ်ကိုင်ကာ စားသုံးနေသော ကလေး ငယ်များသို့သာ၊ ဘာမှလည်းမရှိ၊ ဘာမှလည်းမမိဟူ၍ အပိုင်သိ သိနေသော် ထိုခံစားရုံမျှဖြင့်လည်း ကိစ္စမရှိသေး။

မရှိကို အရှိထင်

မမိကိုလျှင် အကောင်းမြင် မြင်လာသောအခါတွင်မူကား

အကောင်းနောက်၌ အကြိုက်ဝင်လာချေတော့မည်။

အဆိုးနောက်၌လည်း အားကျမခံ မကြိုက်က နေရာ ဝင်ယူတော့ မည်။

ထိုမှတစ်ဆင့်

မသိ၍ အကြိုက်မိရာမှ ကြိုက်မသိဖြစ်လာခြင်း၊

http://www.dhammadownload.com



မသိ၍ မကြိုက်မိရာမှ မသိမုန်း မုန်းလာခြင်းများနှင့် ဘက်ပြိုင်ခြင်း၊ ငါပိုင်ကိုင်ခြင်းများအထိ နယ်ကျော်လာသော အခါ မှတ်သည်း ခြေဝဲဇလုပ်ဝယ် အတေးအစွဲများကား မည်းမည်းလှုပ်ပြည့်နေကြပြီ။

[၁၃၆၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ပဋိပတ်တော]

❖ ❖ ❖

http://www.dhammadownload.com

လောဘောဒေါသောစမောဟော

ဒုယှန္တော တီဟိအဂ္ဂီဟိ

ဘာရိတော ဘ၀ ဘာရေန

နေရုံဥဒ္ဓရိတော ယထာ။

လောဘောစ - ကြိုက်တိုင်းဖိ အလိုက်မိနေခြင်းလည်းကောင်း၊

ဒေါသောစ - မုန်းတိုင်းလှည့် အခိုက်မိနေခြင်းလည်းကောင်း၊

မောဟောစ - မသိတိုင်းငြိ အမိုက်မိနေခြင်းလည်းကောင်း၊

တီဟိ အဂ္ဂီဟိ - မီးသုံးမီးတို့ဖြင့်၊ ဒုယှန္တော - ရှို့မြိုက်လျက်က၊ ဘ၀ ဘာရေန - ဘ၀ဝန်ထုပ်ကြီးကို၊ ဘာရိတော - ထမ်းပိုးချီမကာ ပြေးလွှာပေးနေ[illegible]ခြင်းများသည်၊ ယထာ - ဥပမာ ပေးရပါမူ၊ နေရုံ ဥဒ္ဓရိတောယထာ - မြင်းမိုရ်တောင်လုံးကြီးသုံးလုံးကို ကုန်းကျုံးထမ်းကာ ပြေးလွှားနေရသည်ပမာ လေးလံလှပါချေ၏တကား. . .။

နတ်တလူစာစဉ်

http://www.dhammadownload.com



သတ္တဝါတိုင်း မရှိသောနေရာမှ မသိသောကြမ္မာဖြင့် စတင်လာကြ သူများပီပီ ဘဝအတွက် အသက်မွေးဝမ်းကျောင်းမှု ပြုစုပေးရင်းက . . .

* မိမိခါတ်နှင့် အာရုံငင်ဝတ္ထုရှိ ဓာတ်များ တည့်နေရာကို အကောင်းထင်မိခြင်း၊ ထင်မိရုံမက အကြိုက်ဝင်နေရစ်ခဲ့ခြင်း၊

* မိမိခါတ်နှင့် တစ်ဘက်ခါတ် မအပ်မစပ်ရာများကို အဆိုးထင်၊ ထင်ရုံမျှမက အမုန်းဝင်နေရစ်ခဲ့ခြင်း၊

* မိမိခါတ်နှင့် တည့်သည် လွဲသည်ဟူ၍ အတိအကျ ဝေခွဲမရရာကို မကောင်းမဆိုးမြင်ခြင်း၊ မြင်ရုံမျှမက အထင်ကျန်နေရစ်ခဲ့ခြင်း၊

ထိုသုံးမျိုး တစ်မျိုးမဟုတ်တစ်မျိုး

မြင်ရာတိုင်းကလည်း မျက်စိနှင့်မရပ် မနောခါတ်လာကပ် နေချေရာ၊

ကြားရာတိုင်းကလည်း နားနှင့်မရပ် မနောခါတ် လာကပ်နေချေ၊

နမ်းမိတိုင်းလည်း နှာဝနှင့်မရပ် မနောခါတ်လာကပ် နေချေရာ၊

စားမိတိုင်းလည်း လျှာနှင့်မရပ် မနောခါတ်လာကပ် နေချေရာ၊

ထိတွေ့တိုင်းလည်း ကိုယ်နှင့်မရပ် မနောခါတ် လာကပ် နေချေရာ၊

အတေးကား တွေးမဆုံးတော့ပြီ။

အတွေ့များလည်း တွေ့မဆုံးတော့ပြီ။

စိတ်ကို ညစ်နွမ်းအောင်ပြုလုပ်တတ်သော ကိလေသာများကိုလည်း သဘာဝနိယာမအားဖြင့်ပင် စုဝေး၊ စည်းပေးပြီးသား ဖြစ်လာ

http://www.dhammadownload.com



ချေပြီ။

စိတ်ကို ပူပန်စေတတ်၊ နှိပ်စက်တတ်သော ကိလေသာများကိုလည်း ကမ္မနိယာမအတိုင်းလျှင် ပြုပေး၊ စုပေးပြီးသား ဖြစ်လာချေပြီ။

စိတ်ကို ပူးယှဉ်ပြီး စိတ်ကိုလျှင် မောင်းနှင်ခိုင်းစားတတ်သော သံယောဇဉ်များလည်း တစ်နွယ်ငင် တစ်စင်ပါဖြင့် နေရာယူပြီးသား ဖြစ်နေချေပြီ။

ထိုစဉ် စိတ်နှင့် ကာမအာရုံ၌ တပ်မက်ခြင်းလောဘတို့ ပူးယှဉ်နေသောအခါ ကာမရာဂသံယောဇဉ်။

စိတ်နှင့်ဘဝပုံ ခံ့မင်ရာ၌ တပ်မက်ခြင်းလောဘတို့ ပူးယှဉ်နေသောအခါ ဘဝရာဂသံယောဇဉ်။

စိတ်နှင့်ကာမ၊ ဘဝတို့အပေါ် အလိုမကျ အားမရခြင်း ဒေါသတို့ ပူးယှဉ်နေသောအခါ ပဋိဃသံယောဇဉ်။

စိတ်နှင့် လောက၏ သဘောဝအတွင်းထားကို အလျဉ်းမသိခြင်း၊ သညာက မှတ်ချက်ပေးထားသမျှအပေါ်၌သာ သိခြင်း၊ အမှားကို အမှန်ထင်ခြင်း သုံးမည်ရ မောဟနှင့် ပူးယှဉ်နေသောအခါ အဝိဇ္ဇာသံယောဇဉ်။

ဤသို့လျှင် သံယောဇဉ်တရားကိုယ် ဆယ်မျိုးရှိချေရာ ထိုအားလုံး မိမိစိတ်နှင့် ယှဉ်ခြင်းသာ သံယောဇဉ်မည်၏။ စိတ်၌ ယှဉ်လာသော လောဘ စသည်၌ ခင်ခြင်းသာ သံယောဇဉ်မည်၏။

အကြိုက်ကို မပယ်နိုင်ခြင်းသည် သံယောဇဉ်၊
အမုန်းကို လက်ခံထားခြင်းသည် သံယောဇဉ်၊

နတ်တလှစာစဉ်

http://www.dhammadownload.com



အထင်ကို လက်သုံးလုပ်နေခြင်းသည် သံယောဇဉ်၊

သို့ကြောင့် လူသားတို့ ပြောနေကျ သားသံယောဇဉ်ကြောင့်၊ မယားသံယောဇဉ်ကြောင့် ဆိုသောစကား လားလားမျှ မဟုတ်ကြပြီ။

ယင်းတို့ကား ကာမရာဂသံယောဇဉ် စသည် နှောင်ကြိုးများဖြင့် မိမိအပိုင်ရထားသောစိတ်နှင့် ထိုစိတ်ပိုင်ရာ ကိုယ်ခန္ဓာအား ချည်နှောင်ပေးထားရာ ချည်တိုင်အရာအမျှသာ။

အမှတ်မဲ့ သတိလွတ် သတ္တဝါတို့၏ တစ်နေ့တာကာလသည် ထိုအယုတ်တရားများဖြင့်သာ အချိန်ကုန်လွန်ကြရ၏။ သူတစ်ပါးထံ စိတ်သိပ်လျက်ကသာ အချိန်ကုန်လွန်ကြရ၏။ သူတကာ၏စိတ်များ အဖြစ်ဖြင့်သာ အချိန်ကုန်လွန်ကြရ၏။ အာရုံပူမိရာမှ ထိုစိတ်သည် လန့်လျက် ပျံ့ထွက် ထွက်သွားခြင်းကြောင့်တည်း။ ကိလေပူမိရာမှလည်း လန့်လျက် ပျံ့ထွက် ထွက်သွားခြင်းကြောင့်တည်း။

သတ္တဝါတိုင်း စိတ်မထွက်ချိန် မရှိ။

သတ္တဝါတိုင်း သူတစ်ပါးအရှိ အသိလုပ်မပေးရချိန်မရှိ။

သည်အတိုင်းချည်းသာ အရှေ့ဘက် ဆက်သွားနေကြသော် သွားလမ်းကား အရှေ့ဘက်မရောက်၊ အနောက်ကိုသာ။ အထက်ဘက်မရောက်၊ အောက်သို့သာ. . . ။

❖ ❖ ❖

http://www.dhammadownload.com

စိတ်တို့၏ပျော်ရာ ကိလေသာကား

ဒသကိလေသာ

လောဘော၊ ဒေါသော၊ မောဟော၊ မာနော၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိနမိဒ္ဓံ၊ အဟိရိကံ၊ အနောတပ္ပံ၊

မီးသတ္တိသည် ထင်းကိုလျှင်မှီပြီး ထိုထင်းကိုပင် အပူတိုက်ခြင်း၊ လောင်မြိုက်ခြင်း၊ မျိုဝါးပစ်ခြင်း ပြုကျင့်တတ်သည်ပမာ. .

စိတ်ကိုပင်မှီ၍ စိတ်ကိုပင် ပူပန်စေတတ်၊ နှိပ်စက်တတ်သော ကိလေသာ သဘာဝမွေနိယာမတို့ကား. . .

နတ်တလူစာစဉ်

http://www.dhammadownload.com



လောဘော - အာရုံအတိုက် အကြိုက်ကျစိတ်ကို လိုချင်စေခြင်း လောဘလည်းကောင်း၊

ဒေါသော - အာရုံအတိုက် အကြိုက်မကျ စိတ်ကို မလိုချင်စေခြင်း ဒေါသလည်းကောင်း၊

မောဟော - အာရုံနှင့်စိတ် မထိတထိဖြစ်ချိန် စိတ်ကို ဝေခွဲ မရစေခြင်း မောဟလည်းကောင်း၊

မာနော - အာရုံပုံ ခုံမင်ရာမှဖြစ်သော စိတ်ကို တက်ကြွစေခြင်း မာန လည်းကောင်း၊

ဒိဋ္ဌိ - အာရုံနှင့် အကြည်ဓာတ် ဟပ်မိရာ၌ စိတ်ကို သူငါ အသိပေးခြင်း ဒိဋ္ဌိ လည်းကောင်း၊

ဝိစိကိစ္ဆာ - အာရုံပုံ မယူရရိုး ယူရနိုးဖြင့် စိတ်ကို မရိုးမရွ ဖြစ်စေခြင်း ဝိစိကိစ္ဆာ လည်းကောင်း၊

ထိနမိဒ္ဓ - ထိုင်းမှိုင်းပျင်းရိ ကိုယ်နှင့်စိတ် နွမ်းရိနေချိန် ဣန္ဒြေမဲ့ စေခြင်း ထိနနှင့်မိဒ္ဓများလည်းကောင်း၊

အဟိရိက၊ အနောတပ္ပ - မကောင်းမှု ပြုကျင့်ရာတိုင်းတို့၌ မျက်မြင်၌ သူတော်ကောင်းတို့ နှာခေါင်းရှုံ့သည်ကို မရှက်စေတတ်ခြင်း၊ နောင်၌ မိမိတစ်ပြန်တစ်လှည့် ခံရမည့် အရေးကို မလန့်စေတတ်ခြင်း များဖြင့် စိတ်ကို ဇွတ်အတိုးခိုင်းခြင်း အဟိရိက၊ အနောတပ္ပများ လည်းကောင်း၊

ကိလေသာ - စိတ်ညစ်စရာတို့ကား၊ ဣမေဒသာ - ဤ ဆယ်ပါး တို့တည်း။

http://www.dhammadownload.com



ထိုဆယ်ပါးတို့သည် အမှတ်မှားရာ တံခါးမှ ဝင်လာကြ၏။

ထိုဆယ်ပါးတို့သည် အာရုံပြုမှားရာဒေသမှ လာခဲ့ကြ၏။

သဗ္ဗေအကုသလာဓမ္မာ

အယောနိသောမနသိကာရမူလကာ

အကုသိုလ်အားလုံး

နှလုံးသွင်း အာရုံယူမှားခြင်းမှ မြစ်ဖျားခံ၍ဆိုသော တရားတော်က အထင်အရှား သက်သေခံနေပြီ။

တောတွင်းဖျော် တောကြက်တောငှက်များသည် အတွေးမမှီး အတွေ့ဖြင့်သာ သူ့ခရီးပြီးစီးရ၏။

ရှေ့နောက် တိုင်းထွာခြင်း ဆင်ခြင်ဉာဏ်၊ ယင်းတို့ထံ၌ အလျဉ်း မပါသောကြောင့်တည်း။

သည့်ပမာလျှင် အဝိဇ္ဇာ အခြေခံထားဖြင့် အာရုံကြား ကျက်စား နေကြရသော သတ္တဝါအားလုံးသည် တွေ့ရင်းကမေ့၊ မေ့ရင်းက တွေ့ဖြင့်ပင် အချိန်ကုန်လွန်လေချေရာ တဏှာသည် စွဲလမ်းခြင်း ဥပါဒါန်ကို နောက်ပါအဖြစ် ခေါ်ဆောင်လျက်က

မေ့တတ်သော ဆင်ကို

မမေ့တတ်သော ဆင်ဦးစီးက

အမြဲလျှင် နားရွက်ကို ဒူးဖြင့်တိုက်ပေးကာ ခိုင်းစေနေပါသည် ပမာ. .

သူ့အကြိုက်ကျသော် တစ်မျိုးနှိုး၍ စိတ်ကိုခိုင်းတော့သည်။

သူ့အကြိုက်မကျသော် တစ်မျိုးနှိုး၍ စိတ်ကို ခိုင်းတော့သည်။

http://www.dhammadownload.com



သို့ဖြင့်ပင် . . ဆက်တွဲများဖြစ်ကြလေသော တွေဝေခြင်း၊ တက်ကြွခြင်း၊ သိမ်းပိုက်ခြင်း၊ ဒွိဟဖြစ်ခြင်း၊ စိတ်နှင့်ကိုယ် နွမ်းရိခြင်း၊ အရှက်အကြောက် ကင်းမဲ့သွားခြင်းများကပါ ခေါင်းထိုးဝင်လာကြတော့ရာ. . .

မြင်မှ မမြင်ရသေး မောဟက အမှား အသိပေးလိုက်ပြီ။

သိမှ မသိရသေး ဒိဋ္ဌိက ငါ-သူ ဘက်ခွဲပေးပြီး ဖြစ်နေပြီ။

ထိုအခါ

စိတ်အထင် အမြင်အကြိုက်ဖြစ်ခဲ့လျှင် အကြိုက်ပြ လိုက်စပေးရပြီ။

စိတ်အထင် အမြင်ကပ်ဖြစ်နေလျှင် တမင်လိုက် တိုက်ခိုက်ပေးရပြီ။

အကြိုက်တူ အယူချင်းဆိုင်နေလျှင် ယှဉ်ပြိုင်ကာ အနိုင်လုပေးရပြီ။

ယင်းတို့ကိုကား မရှက်တမ်းတရား၊ မကြောက်တမ်းတရား နှစ်ပါးက နောက်ယောင်လိုက်ကာ မြှောက်ပင့်ပေးကြသည်။

စိတ်နှင့်အာရုံအငြိ မမိတမိ ဖြစ်နေစဉ် ဒွိဟ၊

စိတ်ရောကိုယ် အပူမိများသွားသောအခါ ထိန၊မိဒ္ဓ။

ယင်းတို့ကား ခေတ္တမျှ တိုက်ပွဲရပ်နားရာ၏ လက်သုံးများတည်း။

သတ္တဝါတိုင်း ထိုဆယ်မျိုး တစ်မျိုးမျိုးက စိတ်၏လွှမ်းမိုးခြင်းကို ခံရရာ သို့မဟုတ် မသိမှု မောဟက စိတ်ကို ပင်တိုင်ထိုင် ကိုင်ပေးနေပြီ။ ကျန် ကိုးမျိုးတို့က တစ်မျိုးမဟုတ် တစ်မျိုး စိတ်ကို ထိုးကျင့်

http://www.dhammadownload.com



နေကြရာ

အေးသောစိတ် အပူဖြစ်သွားပြီ။

ဖြူသောစိတ် မည်းညစ်သွားခဲ့ပြီ။

ကြည်သောစိတ် မွဲမှောင်သွားခဲ့ပြီ။

စိတ်၏ ပင်ကိုသတ္တိသည် အင်အားကြီးမား၏။

ဘုရားအရိယာ အရှင်သခင်ကြီးများ၏ တန်ခိုးတော်များသည် ယင်းစိတ်တန်ခိုး စိတ်သတ္တိမှပင် အရယူတော်မူကြရ၏။

စိတ်၏ ပင်ကိုရောင်သည်လည်း အလွန်ကြည်လင်တောက်ပ၏။

နတ်ဗြဟ္မာတို့၏ ကိုယ်ရောင်ကိုယ်ဝါများလည်း ယင်း စိတ်မှပင် ဖြစ်ပေါ်လာစေ၏။

စိတ်၏ ဆွဲငင်အားသည်လည်း အလွန်လျှင် အစွမ်းထက်၏။

ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့၏ မြေလျှိုး မိုးပျံအားလုံး ယင်း စိတ်ဖြင့်ပင် ဖန်တီးရယူခြင်းဖြစ်၏။

သို့စဉ်လျက် ယနေ့ သတ္တဝါတိုင်း ထိုအခွင့်အရေးများ မရကြတော့ပြီ။

အိပ်တန်းဆင်းမှ အိပ်တန်းတက်တိုင်အောင် ရှာနိုင် ဖွေနိုင်မှ သုံးစားခွင့်ရကြ၏။ စေကိုင် ထိုင်နေရုံဖြင့် ဘာမျှ ဖြစ်မလာပြီ။ နေ့မှာနေ ညမှာလ အလှည့်ကျ ဝင်ပေးနေကြ၍သာ အလင်းရ၏။ သို့မဟုတ်က နေ့မည်းမည်း ညမည်းမည်း ဘာဆိုဘာမျှ သဲသဲကွဲကွဲ မြင်ခွင့်ရကြတော့မည်မဟုတ်ပြီ။

လေယာဉ်၊ ရေယာဉ်နှင့် မြေအောက်ရထားများ ထွင်ပေးထား

http://www.dhammadownload.com



ခြင်းကို ကျေးဇူးတင်ကြရမည်ဖြစ်၏။ သို့ကြောင့်သာ မြေလျှိုးမိုးပျံ ထက်အောက်ဆန်ခွင့် ရနေကြခြင်းဖြစ်၏။ သို့ဖြစ်ရသည်မှာ သတ္တဝါ တိုင်း ပင်ကိုစိတ်ပျောက် စိတ်နောက် စိတ်ယိုင်များကသာ လှိုင်းထလာ နေကြခြင်းကြောင့်တည်း။

ဤနောက်စိတ်သည် အဝိဇ္ဇာ တဏှာတို့၏ ခြေကုပ်ယူရာ စခန်းဖြစ်၏။

ဤနောက်စိတ်ကပင် အမှန်ကို ဖုံးကွယ်ပေးမည်ဖြစ်၏။

ဤနောက်စိတ်ကပင် အမှားကို လက်ခံပေးမည်ဖြစ်၏။

ဤနောက်စိတ်၏ နောက်ကွယ်မှပင် တစ်ဦးနှင့်တစ်ဦး အပေး အယူလုပ်ကြရမည်ဖြစ်၏။

တစ်ဖန်လည်း လောကဝယ် အနားမယူသူ သုံးဦးရှိ၏။ ယင်း တို့မှာ

(၁) အချိန်-ယင်းသည် ကွန်ပါဖြင့်ထောက် အစက်အပြောက် ချသွားနေသည်ပမာ၊ ထိုအချိန်သည် ဘယ်အခါမှလည်း မနား၊ ဘယ်အခါမှလည်း နောက်ပြန် မသွား။

(၂) ဇရာ- ယင်းသည်လည်း ကွန်ပါဖြင့်ထောက် အစက် အပြောက် ချသွားနေသည်ပမာ မွေးသည်မှ သေသည့်တိုင်၊ ဘယ်အခါမှ လည်း မနား၊ ဘယ်အခါမှလည်း နောက်ပြန်မသွား။

(၃) ကိလေသာ - ယင်းတို့သည်လည်း စိတ်ခြေရာကောက် တစ်ခု မဟုတ်တစ်ခု ထိုစိတ်နောက် တောက်လျှောက် လိုက်ပါနေချေရာ ဘယ်အခါမှလည်း မနား၊ ဘယ်အခါ မှလည်း နောက်ပြန်မသွား။

http://www.dhammadownload.com



သတ္တဝါများမှာမူကား. . .

နားသောအခါ နား သွားသောအခါ သွား၏။

သွားသောအခါ သွား စားသောအခါ စား၏။

တွေ့သောအခါ တွေ့ မေ့သောအခါ မေ့၏။

တွေးသောအခါတွေး ပြေးသောအခါ ပြေး၏။

သို့ကြောင့် ထိုသတ္တဝါအားလုံး . . .

ဆင်အကောင်ကြီးသော်လည်း လူတင်စီးရာခံရသည်ပမာ. .၊

ဆင်အကောင်ထွားသော်လည်း ကျွားအစားခံရသည်ပမာ. .၊

ကိလေသာ တင်စီးရာ၊

ကိလေသာ၏ အစာ . . .၊

သည်မျှသာဖြစ်ပြီး သတ္တဝါချင်း ဆက်ဆံရာတိုင်း၌လည်း မိမိကိုယ်တိုင် ဝင်ခွင့်မရ၊ ကိလေသာ ရှေ့နေချပြီး ထိုကိလေသာမှ တစ်ဆင့်သာ ဆက်ဆံရကြတော့သည်။

မိမိဘဝ မိမိတည်ဆောက်ရာတိုင်း၌လည်း မိမိကိုယ်ပိုင် ပြုလုပ်ခွင့်မရ၊ ကိလေသာ ရှေ့နေထားပြီး ထိုကိလေသာ အလိုကျအတိုင်းသာ ပြုကျင့်ခွင့်ရကြတော့သည်။

ကိလေသာ ဆရာတင်မှားသဖြင့် ဖြူသောစိတ် မည်းလာပြီး ကြည်သောစိတ်လည်း မွဲလာနေပြီ။

ကိုယ်ကိုညှာ စိတ်အလိုလိုက်ပါမိသဖြင့် နားသလောက် နာ၊ သွားသလောက်လည်း အရာမထင်ပြီ။

စိတ်မည်းသွားရာ ကိုယ်လိုက်ပါနေရသဖြင့်လည်း အထင်နှင့်

http://www.dhammadownload.com



အမြင်ပါ စင်အောင်လွှဲမှားနေချေပြီ။ အတွေ့နှင့် အတွေး တောင်နှင့် မြောက်ပမာ ဝေးနေပြီ။

အဝိဇ္ဇာကလည်း သတ္တဝါတိုင်း သည်လိုဖြစ်နေသည်ကိုသာ မြင်ချင်ပါသည်။

တဏှာကလည်း သတ္တဝါတိုင်း သည်တိုင်းဖြစ်နေသည်ကိုသာ တွေ့ချင်ပါသည်။

မသိသူသည်သာ သူတို့လှည့်ရာ လိုက်ပါမည်ဖြစ်သောကြောင့်။

မသိသူသည်သာ သူတို့ငေ်ရာ အတွင်ပါမည်ဖြစ်သောကြောင့်။

ထိုစဉ် လောဘသည် ကလေးဆိုးပမာ စိတ်ကို မြှူဆွယ် ပူဆာနေတော့မည်။ ပန်းစုံတော လိပ်ပြာဝဲနည်းပမာဖြင့်. . ။

(၁) ရူပတဏှာ - အဆင်းမင်လောဘကလည်း အဆင်းပုံရိပ်၊ သက်ရှိ (သက်မဲ့)များ၏ ရူပါရုံများသို့. . .

တစ်ခုမှတစ်ခု ပြောင်း၍ပူဆာမည်။

တစ်ခုထဲတည်း၌ပင် တစ်ခါပြီးတစ်ခါ ကြည့်ပြီးရင်းကြည့် တစိမ့်စိမ့်အသိဖြင့် ကြည့်ပေး၊သိပေးရန် ပူဆာမည်။

(၂) သဒ္ဒတဏှာ - အသံမင်လောဘကလည်း သာယာနာပျော်ဖွယ် ကောင်းမည်ထင်သော သက်ရှိသက်မဲ့များထံမှ အသံများကို တစ်ခုမှ တစ်ခုသို့ ပြောင်း၍လည်း ပူဆာနေမည်။ တစ်ခုထဲတည်း၌ပင် တစ်ခါပြီးတစ်ခါ နားထောင်ပြီးရင်း နားထောင်ရင်း နားလည်းပဲ အနားမရ၊ စိတ်လည်းပဲ မအားရ၊ တဏှာလည်းပဲ အားမရတိုင်း ခိုင်းနေပေရော့မည်။

http://www.dhammadownload.com



(၃) ဂန္ဓတဏှာ - အနံ့ကြိုက်တဏှာကလည်း အလွန်လိုချင်စရာကောင်းသော၊ အလွန့်အလွန် လိုချင်စရာကောင်းသော သက်ရှိသက်မဲ့တို့၏ထံမှ အမျိုးမျိုးသောအနံ့များရှိရာသို့ ရံတစ်ခါလေမှ တစ်ဆင့်ဖမ်း နမ်းရှုပေးရန် ပူဆာမည်။

ရံတစ်ခါ အချင်းချင်းထိ၍ မိမိရရ နမ်းရှုပေးရန် ပူဆာမည်။

တစ်ခုပြီးတစ်ခု ပြောင်း၍ပြောင်း၍လည်း အနမ်းခိုင်းသည်။ တစ်ခုထီးတည်း၌ တစ်ခါပြီးတစ်ခါ အထပ်ထပ်မှာ အခါခါ လွမ်း၍လည်း အနမ်းခိုင်းမည်။

(၄) ရသတဏှာ - အရသာကြိုက် တဏှာကလည်း

သက်မဲ့မှဖြစ်သော သက်မဲ့ထွက်အရသာ၊

သက်ရှိမှဖြစ်သော သက်မဲ့ထွက်အရသာများအပေါ်

အမြိန်ယှက်ဆုံးသော၊ အမွှန်တကာ့ အမွှန်မြတ်ဆုံးသော ကောင်းနိုးရာရာ အရသာများသို့လည်း သွားရောက် ယှဉ်ပေးရန် ပူဆာမည်။

တစ်မျိုးထီးတည်း၌ပင် တစ်ခါပြီးရင်း တစ်ခါသွင်းဖြင့် တင်းတိမ်ခြင်း၊ အားရခြင်း၊ ရောင့်ရဲခြင်းမရှိ၊ မထိတထိ ပူဆာနေတော့မည်။

ယင်း ရသတဏှာသည် အခြားအခြား တဏှာများအောက် ယုတ်လမ်းပေါက်စေ၏။

ကာယကံရှင် ငြင်းဆန်၍ မရနိုင်သောအချက်

သူ့လက်၌ မိထားသောကြောင့်. . ။

ယင်းကား အခြားမဟုတ် ဆာယာယက္ခ (အရိပ်စောင့်ဘီလူး)

http://www.dhammadownload.com



အမည်ရ ဝမ်းမီးခဲလက်ထဲ အပိုင်ကိုင်ခွင့်ရထားခြင်းပင်။

ရှေးခေတ်က သစ်ပင်အရိပ်ကြီးမားရှိရာတို့၌ ဘီလူးသည် ကပ်ခို နေလေ့ရှိသည် ဆို၏။ ယင်းသည် ထိုအပင်အောက် လာရောက်မှီခို မိသော သားကောင်မှန်သမျှ အပိုင်ဖမ်းစားခွင့်ရသည်ဆို၏။ ထိုစဉ် သစ်ပင်အောက်သို့ သမင်တစ်ကောင် လာခိုရာ ဖမ်းကား ဖမ်း၏၊ မစား။ ထိုမစားသော သားကောင်ကို အခြားသော မျိုးတူ၊ မျိုးကွဲ သားကောင်များ အသံကြားက အနားသို့ လာကြစေရန် အမှတ်အ သားဖြင့် အသံအော်မြည်ရန် ဆွပေးသေးဆို၏။

ဘီလူးအဆွကြောင့် ထိုသားကောင် ထအော်လေသောအခါ ကျန်သားကောင်များလည်း

- ဘာဖြစ်လို့ အော်သလဲ. . ။

- ဘာအန္တရာယ်တွေ့နေပြီလဲ. . ။

တစ်ကောင်ပြီးတစ်ကောင် စူးစမ်းကြည့်ဖြင့် ဝင်ရောက်လာကြ ရာ ထိုဝင်ရောက်လာတိုင်းသော သားကောင်များကိုသာ တစ် ကောင်ပြီးတစ်ကောင် ဖမ်းဆီးသတ်ဖြတ် စားတော့သည်ဆို၏။

သားကောင်ကလည်း မခံနိုင်သဖြင့် အော်မြည်ဆဲ. . ၊

ကျန်သားကောင်များလည်း မလာရှောင်လွှဲ၊ စဲသူစဲ. . ။

ထိုအခါကျမှ ဤလက်ရ သားကောင်အား သတ်ဖြတ်စား သောက်ကာ ပြီး. . ဖျောက်ဖျက်လိုက်သည်ဆို၏။

သို့ပမာ ရသတဏှာသည်လည်း ဝမ်းမီးကို ဖမ်းချုပ်၍ အူတ ကြွတ်ကြွတ်လှုပ်စေ၏။ အူတကြွတ်ကြွတ် မြည်တိုင်းလည်း

http://www.dhammadownload.com



ကာယကံရှင် များက ထည့်သွင်းဝါးမျိုပေးနေရ၏။ ကာယကံရှင်တို့ ကျေးတိုင်း မွေးတိုင်းလည်း အရသာခံ စားမာန်ခုတ်နေတတ်ပြန်၏။

ယနေ့ အူတကြွတ်ကြွတ် အသံပေးလည်း မကျေးမမွေး။ ထိုနေ့ ထိုအပူ ထိုအူနှင့် ဝမ်းတွင်းနေ အစာအိမ် စသည်များပါ တထွေးလုံး ချုံးချုံးကျအထိ ဝါးမျိုပစ်တော့၏။

ဝမ်းပူဒဏ် မခံနိုင်ခြင်းသည် ရသတဏှာ အတွက် ချက်ကောင်း။

သွေးဆူဒဏ် မခံနိုင်ခြင်းသည် ဖောဋ္ဌဗ္ဗတဏှာ အတွက် အကွက် ကောင်း။

စိတ်မြူးဒဏ် မခံနိုင်ခြင်းသည် ရှိရှိသမျှ တဏှာများ အတွက် အကွက်ကောင်း။

တစ်ဖန် ဖောဋ္ဌဗ္ဗတဏှာ၊ အတွေ့မက် အပျက်ကြိုက်တဏှာက လည်း သက်ရှိသက်မဲ့တို့ရှိ ပြင်ပအတွေ့အာရုံများနောက် လိုက်လျက် ကလည်း တစ်ခုပြီးတစ်ခုဆက် အတွေ့ချင်းဖက်၍ ဖျက်ပေးရန် ပူဆာမည်။

တစ်ခုထဲတည်း၌ပင် တစ်ကြိမ်ပြီးတစ်ကြိမ် ကြိမ်ပေါ်ကြိမ်ဖိ အထိ တွေ့ခိုင်းနေမည်။

တစ်ဖန် သက်ရှိအသွင်ကွဲများထဲ၌ရှိနေသော အတွင်းတွေ့ မေ့ လောက်စရာ ပျက်စေသော အပူငွေ့များရှိရာသို့လည်း တစ်ဦးပြီး တစ်ဦး ကူးလူးထိတွေ့ ရင်ဆိုင်ပွေ့ ပွေ့လျက်က တွေ့ဆိုင်ပေးရန် ပူဆာမည်။

တစ်ဦးထဲတည်းသော်မှလည်း တစ်ချိုပြီးတစ်ချို ချိုပေါ်ချိုဆင့်

http://www.dhammadownload.com



အင့်နေ နင့်နေအောင်အထိ အတွေ့အထိ ခိုင်းနေမည်။

ဤဖောဋ္ဌဗ္ဗတဏှာသည်လည်း ကံစောင့်ဘီလူး (ပေါက္ခရယက္ခ) ပမာ သွေးမြူးရာအတွင်း ကူးဆင်းလာသူ မှန်သမျှ သွေးမကုန်မချင်း စုပ်မျိုမည်။

ခြင်ဆီအားလုံး ပြည့်လာချိန်မှ

ခြင်ဆီအားလုံး အဆံချောင်သွားစေသည်အထိ

အရွယ်ရောက် အရွယ်လွန် မည်သူမျှ သူမလွန်ဆန်ဝံ့ကြ။

ယင်းအတွေ့မက် တဏှာသည်လည်း သူ့လက်သို့ ရောက်လာသော သတ္တဝါမှန်သမျှတို့ကို

စိတ်ကူးအမျိုးမျိုးတို့ဖြင့် သွေးထိုးခြင်း၊

အာရုံအမျိုးမျိုးတို့ဖြင့် သွေးထိုးခြင်း၊

ထိုအစွယ်နှစ်ချောင်းဖြင့် ထိုးစိုက်ကြည့်ရာမှ သွေးလိုက်လာပြီဆိုပါမူ

ငယ်သော ကြီးသော မညှာ၊ ပါသမျှသွေး အကုန်ငုံထွေး ပစ်တော့သည်။

လှသော မလှသော မညှာ၊ ပါသမျှသွေး အကုန်ငုံထွေးပစ်တော့သည်။

လူသားများ ဖြစ်ခဲ့ပါမူ နှစ်ဦးပူး ပူးပေးကာ စုပ်ထွေးခွင့်မရ၊ တစ်ဦးတည်း မြူလျက်ကပင် စုပ်ထွေး ထွေးပစ်တတ်သေးသည်။

သွေးအားကုန် တုန်တုန်ချိချိ ဖြစ်နေသော်မှလည်း အစာမှ ဖြစ်သောသွေး တဖြည်းဖြည်း စုပေးကာ သွေးနည်းနည်းလိုက်

http://www.dhammadownload.com



နည်းနည်းလေးဖြင့်ပင် နှိုက်ယူမည်။ မသေမချင်း နည်းအမျိုးမျိုး ညှင်းသော တဏှာဘုရင်တည်း။

(၆) တစ်ဖန် မွေ့တဏှာ - စိတ်ကူးယဉ်ပိုသော တဏှာကလည်း ကျန်သော လောဘတဏှာငါးမျိုးတို့ကို

တင်ထားရာနေရာက ဆရာ့နေရာဖြစ်ပြီး၊

ခိုင်းစားသောအခါကျ ငယ်ကျွန့်အရာချ၍ ခိုင်းစားလေ့ရှိရာ

အဆင်းကြိုက်တဏှာက လိုက်ပေး နှိုက်ပေးသမျှသော အဆင်းအာရုံများသို့လည်း

အဆင်းကြိုက်တဏှာကို အပေါ်ယံအရိပ်ကျရာကို အလိုက်စားခိုင်း၊

ယင်းမွေ့တဏှာကား အဆင်း၏ အတွင်းထား အသားကိုချည်း နှိုက်စား၊

ဤသို့လျှင် တဏှာပေါ် တဏှာပူး စိတ်ကူးဖြင့် ခံစားနေမည်။

ရံတစ်ခါ သူကပင် ရှာဖွေပေးစားမည်။

ရံတစ်ခါ ရူပတဏှာ ရှာဖွေပေးထားရာ လိုက်ပါခံစားမည်။

သည့်အတူ အခြားအခြားသော အသံကြိုက် အနံ့ကြိုက် အရသာကြိုက် အတွေ့ကြိုက်များ၌လည်း မိမိစိတ်ကူးကို ယင်းတို့က လိုက်လံကာ အကောင်အထည်ဖော်ပေးရသည်လည်းရှိ၏။

ထိုလောဘတဏှာတို့က အဆင်သင့် တည်ခင်းပေးထားကြသော အာရုံတို့၏ အရသာ မိမိလိုက်ပါခံစားရသည်လည်းရှိ၏။

ယင်းစိတ်ကူးယဉ်တဏှာသည် တဏှာတကာ့ တဏှာများ၏

http://www.dhammadownload.com



ဦးစီးတည်း။

သတ္တဝါအစားစား ဘဝဌား အရယူထားကြသူများ၏ စာရင်းဖိုင် ပိုင်ရှင်တည်း. . .။

❖ ❖ ❖

http://www.dhammadownload.com

စိတ္တေန နီယျတိ လောကော

လောကကို စိတ်ကပင် ဖန်ဆင်းပေးထားသည်ဆိုသော ဤစကား ဤစိတ်ကူးယဉ် မွေတဏှာကို ရည်ညွှန်းသော စကားတည်း။

ထိုစဉ် သတ္တဝါများအပေါ် စိတ်ကူးယဉ်တဏှာက ကြီးစိုးရာ၌

(က) စိတ်ကူးဖြင့် ဘဝစုံ ပုံဖော်ပေးခြင်း၊

(ခ) စိတ်ကူးဖြင့်ပင် ဘဝဂုဏ် အာရုံခံပေးခြင်း၊

(ဂ) စိတ်ကူးဖြင့်ပင် ဘဝမြှူ အကုန်ဝင်ပေးခြင်း၊

ဤသုံးမျိုးတို့ဖြင့် ကြီးစိုး၏။ အားလုံးအပေါ် အနိုင်ယူပြ၏။ ယင်းသည် ဘဝစုံ ပုံဖော်ပေးလိုသောအခါ. . .

ထိုသတ္တဝါ တစ်ဘဝလုံးက စုဆောင်းထားသော အကောင်း

http://www.dhammadownload.com



အဆိုးရောရာထဲမှ မိမိစိတ်အဝင်စားဆုံးတစ်ခုကို အတုပြုလုပ်ပေး ကာ ထိုသတ္တဝါကို အာရုံယူခိုင်း၏။

အတုတစ်ခုကား ယခင်က ပြုမူထားခဲ့စဉ်ကပုံ၊

အတုတစ်ခုကား လာမည့်ဘဝ ရလာရမည့်ပုံ၊

ထိုအခါ ထိုသတ္တဝါသည် မိမိ ယခင်က ပြုမိခဲ့ဖူးရာ ဒေသ၊ မိမိ အပြုခံထားရသောဝတ္ထု၊ မိမိပြုကျင့်နေပုံများ အသစ်ပမာ ထင်ရှား လာစေကာ. . .

ထိတ်လန့်စရာဆိုက ကြောက်ရွံ့ထိတ်လန့်ပေးရမည်။

စွဲမက်အားကိုးစရာဆိုက စွဲငြိဖက်တွယ်ပေးထားရမည်။

ထိုသို့ စွဲစိတ်များ အိပ်ရာမှ နိုးထလာစဉ် လာမည့်ဘဝ ခံရမည်ပုံ အရိပ်ပြလိုက်ရာ

ထိုသူခမျာ ခံရမည့် ထိုနေရာ အစွဲဖြင့် ကူးပြောင်းကာ လိုက်ပါ ခံပေးရတော့မည်။

အကယ်တိတိ. . လာမည့်ဘဝ စံရမည်ပုံ ဖြစ်နေပါကလည်း ထိုစံရမည့်နေရာ ထိုအစွဲဖြင့်သာ လိုက်ပါခံစားရမည်။

ထိုသို့ ဘဝသစ်ဖန် ခံစံရာ၌ တစ်ဘဝလုံးလုံး စိတ်ဖြစ်တဏှာ သည် အတွေးကို ယာဉ်အရာထားလျက်က

ပြင်ပထား တဏှာစားကျက် ငါးဌာနများသို့လည်း တစ်ဌာနမှ တစ်ဌာနကူး မြူးချင်တိုင်း မြူးနေမည်။

ပြင်ပဌာနများက အလုပ်မရ လက်ခါပြလိုက်သော် မိမိ အတွင်း ပြင်ပ ငါးဌာနတို့ထံမှ သွင်းပေးမြှုပ်နှံထားရာ. .

http://www.dhammadownload.com



သိုးခြင်း၊ ပုပ်ခြင်း လုံးဝကင်းရှင်းသော ဓမ္မအာရုံ။
သဘာဝ၏ အရိပ်ပြ သဘောမျှသာဖြစ်သော ဓမ္မအာရုံ။
အကာပစ် အနှစ်မျှသာ ကျန်နေခဲ့သော ဓမ္မအာရုံ။
ပေါ်တိုင်းတွေး တွေးတိုင်းပေါ်လေ့ရှိသော ဓမ္မအာရုံ။

ထိုပုံရိပ်ပြ အာရုံများကို တစ်ပုံပြီးတစ်ပုံ လှန်လျှောလျက်က လည်းကောင်း၊

တစ်ပုံမှတစ်ပုံ ကူးထွက်လျက်ကလည်းကောင်း အာရုံခံ ပေးနေတော့မည်။

ယင်းကား လူနားလေ သူမနားလေတည်း။
ယင်းကား လူရှင်းလေ သူကမြင်းလေတည်း။

တစ်ဖန် ထိုဘဝသစ်အတွင်းထဲ၌ပင် ကျန်သောတဏှာ ငါးမျိုးတို့ကို အပါခေါ်လျက်ကလည်းကောင်း၊

၎င်းတို့အသုံးပြုသော အကြည်ဓာတ်ခွက်ငါးမျိုး ပြင်ပဆီသို့ လှည့်လည် အထိုးခိုင်းလျက်ကလည်းကောင်း၊

မိမိကိုယ်တိုင် (သည့်အတွင်းသား ဝိညာဉ်ကိုယ်တိုင်လည်း) လည်း အပြင်ဘက်ထွက်လိုက်လျက်က လည်းကောင်း၊

မိမိကိုင် မနောအကြည်ခွက်ကိုလည်း ပြင်ပဘက်ဆီသို့ လှည့်၍ လှည့်၍ အထိုးခိုင်းလျက်ကလည်းကောင်း၊

စိတ်ကူးကို ယာဉ်ပမာထား၍
တစ်ဘက်ဝတ္ထုနှင့် အာရုံများကို ယာဉ်နားရာ ကွင်းပမာထား၍
တစ်ဘက်၏ ဘဝအသိုက်အမြုံအားလုံးသို့ လိုက်လံကာ နှိုက်သုံး

နတ်တလူစာစဉ်

http://www.dhammadownload.com



လည်း သုံးပေးနေသေးသည်။ ထိုအားလုံးတို့ကလည်း မရမရှိ လက်မခံမရှိ။ ကြည်၏ ဖြူ၏။ မကြည်မဖြူသော်မှလည်း အရည်ကားတူ၏။ အရည်မတူသော်မှလည်း ပြူစူရကောင်းမှန်းမသိ။

စိတ်ကူးဖြင့် လွန်ကျူးမှု မည်သူသည် တိုင်ကြားရဲသနည်း။

စိတ်ကူးဖြင့် စော်ကားပြစ် မည်သူသည် ခေါ်စစ်ရဲသနည်း။

သည်မျှပိုင်နိုင် ပိုရိလှသော ဓမ္မတဏှာသည် စိတ်ကူးကို ယာဉ်အဖြစ် စီးနင်းကာ

ဤသို့ လိုက်လံကျူးလွန်နေသော်လည်း

ထိုသို့ မည်သူမျှလည်း မကိုင်၊ မည်သူမျှလည်း မကိုင်ဝံ့ သောကြောင့် အားလုံးက လက်မြှောက်အရှုံးပေးထားချေရာ ယင်းကားထင်တိုင်းကျဲ တွဲပွဲမလုပ်မိချိန်မရှိ။ မြင်တိုင်း ကြားတိုင်း တွဲမတွဲမိလိုက်သော ပွဲဟူ၍လည်း မရှိပြီ။

ရံတစ်ခါ သတ်ပွဲ ဖြတ်ပွဲ၊

ရံတစ်ခါ လုယက်ပွဲ။

ရံတစ်ခါ မုဒိမ်းပွဲ၊

ရံတစ်ခါ လိမ်လည်ပွဲ၊

ရံတစ်ခါ မူးယစ်ပွဲ၊

သည်မျှပင် မကသေး။

တစ်ဘက်ဘုရင် မဖြုတ်ဘဲနှင့် လည်း ဘုရင်တက် လုပ်သေး၏။

တစ်ဘက်အတွဲ မဖြုတ်ဘဲနှင့်လည်း တွဲပွဲဝင်လုပ်သေး၏။

ကိုယ့်ရှိအတွဲ တွဲရင်းကလည်း သူ့အတွဲတွင် ဝင်ကမြင်း သေး၏။

http://www.dhammadownload.com



သာဝတ္ထိမှ ခေမကသူဌေးသားသည် မိန်းမများ မက်မောစရာ ညှို့ဓာတ်များ ကိုယ်ခန္ဓာ၌ အပြည့်ပါချေရာ ခေမက၏ အပြင်အဆင်ကို မြင်ရသူ လင်ရှိမယားများ မနေနိုင်၊ မထိုင်နိုင်ဖြစ်ကြရသည်ဆို၏။

တစ်ဖန် ခေမက၏အမူအရာကို ကြည့်မိခဲ့လျှင်လည်း လင်ရှိမယားတိုင်း ရိုးရိုးရွရွ ဖြစ်လာကြတော့သည်ဆို၏။

သို့နှင့်ပင် သာဝတ္ထိနေ လူဂုဏ်တန်တို့၏ လင်ရှိမယားများ ထိုခေမက၏ ရင်ခွင်အောင်းမှ မလွတ်ကြဆို၏။

လူဂုဏ်တန်လောကမှမဟုတ်၊ အလယ်အလတ် တန်းစားလောက၊ ဆင်းရဲသားလောကများမှ ချောမောလှပသူ လင်ရှိမယားမှန်သမျှလည်း ခေမကနှင့် မလွတ်ကင်းကြဆို၏။

ယင်းသတ္တိကား အခြားမဟုတ်။ လောဘတဏှာ၏ ပြင်းထန်သောဆွဲအားပင်တည်း။

လောဘတဏှာသည် ဆွဲအားကိုသုံး၍ လူကိုနှိုးစေ၏။

ဒေါသတဏှာသည် တွန်းအားကိုသုံး၍ လူကိုနှိုးစေ၏။

အလုံးစုံခြုံ၍ပြောရလျှင် ဓမ္မတဏှာသည်

မြင်ဖူးကြားဖူးရာမှန်သမျှ အထက်နတ်ပြည်ခြောက်ထပ်အထိ တက်ဆော့ခိုင်းမည်။

မြင်ဖူးကြားဖူးရာ အခြေတည်၍ မမြင်ဘူးသော မကြားဘူးသေးကိုပင် စိတ်ဖြင့်ကူး၍ အမြှူးခိုင်းမည်။

စိတ်ကူးဖြင့် သွားလာကျက်စားခြင်းသည် စရိတ်မကုန် လူမပန်း။

စိတ်ကူးဖြင့် ပျော်ပါးခြင်းသည် ကိုယ့်စိတ်တိုင်းကျ ကိုယ်လို

http://www.dhammadownload.com



သလိုလည်းရ၏။

စိတ်ကူးဖြင့် လွန်ကျူးခြင်းသည် သူတစ်ပါးမရိပ်မိ။ ခွင့်ပြုရန် ခွင့်မပြုရန်ပင် မလျှဉ်းမသိ။ သို့ကြောင့် ယင်းဓမ္မတဏှာသည် အရာရာ အစွာဆုံး။

သတ္တဝါတို့၏ တစ်နေ့တာသည် ထိုစိတ်ဆောင်ရာ ကိုယ်လိုက်ပါ ပြုကျင့်ပေးနေရခြင်းဖြင့် အချိန်ကုန်၏။

သတ္တဝါတို့၏ တစ်ဘဝသည်လည်း ထိုစိတ် ခိုင်းစေရာအတိုင်း လိုက်ပါပြုကျင့်ပေးနေရခြင်းဖြင့် အချိန်ကုန်၏။

သတ္တဝါတို့၏ သံသရာလည်ပတ်ရခြင်းများကလည်း ထိုဆွဲငင်ရာ အတိုင်းသာ ဘဝသစ်များကို လက်ခံပေးနေရ၏။

စိတ်ကား လှည်းတိုက်စားရာ၏ လှည်းဦးစီးသမား။

ခန္ဓာငင်ဘဝကား စိတ်ညို့ရာ အတွင်းသွား ဝန်ရုန်းသည့် နွား။

ထိုစိတ်ကား တဏှာပြန်ပေးအဆွဲခံထားရသော စိတ်တည်း။

တဏှာ ပြန်ပေးအဆွဲခံထားရသော ထိုစိတ်သည် ဆိုခဲ့ပြီးသည့် အတိုင်း လောဘတဏှာက ပုံတိုးငါးမျိုး ပုံခိုးတစ်ထုပ်မှနေကာ အာရုံ မိရာတိုင်း လှည့်ပတ်ခိုင်းစား၍ချည်း နေချေရာ. . .

အဆင်းအာရုံ၌လည်း တစ်ခုဆိုတော်သေး။ ယခုသော် တစ်ခုပြီး တစ်ခု၊ အခုခုကား ခုပေး၍ပင်မကုန်နိုင်။

ထိုတစ်ခု၌လည်း တစ်ခါဆိုတော်သေး။ ယခုသော် တစ်ခါပြီး တစ်ခါ အခါခါကား ခါပြတိုင်း ပြိုင်းပြိုင်းထ။ ကျန် အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အတွေးများ၌လည်း သည့်အတူ ချည်းပဲဖြစ်ရာ

http://www.dhammadownload.com



ခန္ဓာအိမ်ကား မီးခိုးတအူအူ။

တစ်ဖန် တစ်ရက်လောက်ဆိုတော်သေး၏။ ယခုသော် တစ်ရက်ပြီးတစ်ရက် မခိုင်းရက် မစေရက်ဟူ၍ မရှိခဲ့။

သည့်အတူ ရက်ကုန်သော် လသို့ဆက်၊ လကုန်သော် နှစ်သို့ပြောင်း၊ တစ်နှစ်ကုန် တစ်နှစ်ပြောင်းဖြင့် ပါရမီ စုဆောင်းပေးထားရာ လူနှင့်သာသနာကြုံစဉ်က ဆည်းပူးထားရာ ပရမတ်အစစ် ဓာတ်အနှစ်(ပါရမီအဖြစ် အမြတ်နှစ်)များသာ ကုန်သွားသည်။ တဏှာ၏ ပူဆာခြင်းကား မရပ်နားပြီ။

တစ်ဖန် တစ်ဘဝလောက်ဆို တော်သေး၏။ ယခုသော် ဘဝအဆက်ဆက်။

အထက်တက်လည်း သူ့အပူဆာ မလွတ်ခဲ့။

အောက်ဆင်းပြေးလည်း သူ့အပူဆာက မလွတ်ခဲ့။

အလယ်ပြန်ခိုလည်း သူ့အလိုက မလွတ်ခဲ့။

ထိုစိတ်သည်မှုအထိ နာလာလေသောအခါ တစ်ဘက်အာရုံများနောက်မှ မီးခိုးထဲ ကြပ်ခိုးစွဲပါနည်းအတိုင်း အညစ်ခိုးများကြောင့်။

တစ်ဖန် မိမိစခန်းချရာ ဘဝခန္ဓာနှင့် နှလုံးသွေးများ တဏှာပူ၊ ဘဝလေပူ၊ တေဇောပူ ထိုအပူခိုးများနောက်မှပါသော အညစ်ခိုးများကြောင့်. . .

ထိုစိတ် ညစ်ပေနေပြီ။

စိတ်အေးကလေး တဖျပ်ဖျပ်ဆူ ပူနေပြီ။

စိတ်ကြည်ကလေး မှိုင်းခိုးနှော်သဖြင့် နောက်သွားပြီ။

http://www.dhammadownload.com



ဖြူနေသောစိတ်ကလေး အပူခိုးစွဲသဖြင့် မည်းသွား ညစ်သွားပြီ။

ယင်း လောဘတဏှာ၏ သဘာဝသည် ညစ်နွမ်းစေတတ်သော သတ္တိသဘောကြောင့် ကိလေသာဟူသော အမည်ထူးလည်း ဆွတ်ခူး ရရှိသည်။ တစ်ဖန်

ပူပန်စေတတ်၊ နှိပ်စက်တတ်သော သဘာဝသတ္တိ သူ့၌ရှိခြင်း ကြောင့်လည်း သံကိလိဋ္ဌ၊ သံကိလေသိက ဟူသော ဘွဲ့ထူးကြီးကို လည်း ဆွတ်ခူးရရှိနေပြန်သည်။

ထိုလောဘတဏှာသည် သတ္တဝါတို့ကို နင့်ဖို့ပြောပြီး သူ့ဖို့ချည်း ကြောယူသွားလေ့ရှိသည်။

သတ္တဝါကို အရိပ်ပြ သူက ကာမကို နှိုက်ယူစားလေ့ရှိသည်။

လောဘတဏှာကို အခရာ ထင်မိမှားသော သတ္တဝါတို့ခမျာ မုဆိုးဖို လူပျိုထင်ကာ လက်ခံမိမှားသော မိန်းမသားတစ်ဦး လင်ပါ သားဆယ်ယောက်ကိုပါ ကောက်ချီပေးရသည့်ပမာ နောက်ပွားမီး (၁၁) မျိုးတို့၏ အလောင်ကိုပါ ခံကြရရှာသည်။

ယင်းတို့ကား . . .

ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ အမည် ပေါက် (၆)မျိုးနှင့် နောက်တိုး သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပယာသ (၅)မျိုး၊ ပေါင်း (၁၁)မျိုးတို့တည်း။

ရှေ့နေ (၆)မျိုးတို့တွင် ရာဂသည် လက်ရင်း၊

နောက်တိုး (၅)မျိုးတို့တွင်လည်း ရာဂသည်သာ လက်ရင်း။

ရှိရှိသမျှ ကာမဒုက္ခ၊ ဘဝဒုက္ခ၊ ဝိဘဝဒုက္ခ အားလုံး အကြိုက်

http://www.dhammadownload.com



ကလေးနောက် လိုက်ခဲ့မိ၍ချည်း မဟုတ်လော။

ထိုတွင် ရာဂ၏သဘောသည် ကြိုက်တွင်းကြီးထဲ ဆင်းမိရာမှ အကြိုက်ဖျက်သဖြင့် ပျက်သောအပျက်ကို မက်မိသွားတော့ကာ မခံစားရ မနေနိုင်လောက်အောင် ကြိုက်စိတ်ပြင်းလာခြင်းပင်။

ဒေါသသည် ရာဂ(လောဘ)၏ ရှောင်ပြန်မျှသာ။

မောဟသည် ရာဂ(ဒေါသ)၏ အပြစ်ဖုံးပေးရုံသာ။

မာနသည် ရာဂ(ဒေါသ)၏အလုပ် ကိုင်လှုပ်ပေးရုံသာ။

ဒိဋ္ဌိသည် ရာဂ(ဒေါသ)၏ အကြိုက် သိမ်းပိုက်ပေးရုံသာ။

ဝိစိကိစ္ဆာသည် ရာဂ(ဒေါသ)၏ကိစ္စ အချီအချ လုပ်ပေးရုံသာ။

သို့ကြောင့်လျှင်

တဏှာယနိယျတိလောကော ဟူ၍ ရှင်စောဘုရား ထုတ်ဖော်ဟောကြားခဲ့သည် မဟုတ်လော။

သတ္တလောကကို တဏှာက ဖန်ဆင်းပေးထားသည်။

(တဏှာယနိယျတိလောကော)

သတ္တဝါမှန်သမျှကို တဏှာက ဆွဲငင်ထားသည်။ (တဏှာယ ပရိကဿတိ)

အရာရာ တဏှာ၏ အလိုသို့သာ လိုက်ပါနေကြရသည်။

(တဏှာယဧကဓမ္မဿသဗ္ဗေဝဝသမန္နဂူ)

ထိုတဏှာက လိုရာရာသွင်း သတ္တဝါတို့ကို ကြိုက်အားကြီး တင်းပေး၊ ပြင်းပေးလိုက်သောအခါ၊ ယင်းတို့ခမျာ. .

အကြိုက်ကြီးသလောက် သောကမီး တောက်ကြရသည်။

http://www.dhammadownload.com



သောကမီးစွဲ ငိုပွဲကြီးလည်း ဆင်နွှဲကြရသည်။

သောကမီးစွဲ ကိုယ်ဆင်းရဲခြင်းသို့လည်း ရောက်ကြရသည်။

သောကမီးစွဲ စိတ်ဆင်းရဲခြင်းသို့လည်း ရောက်ကြရသည်။

ဒုက္ခမီးတို့ အလျှိုအလျှိုကျ ငိုမရ ရှိုက်မရ ဘဝသို့ ရောက်ကြရသည်။

မီးကို လူတိုင်းကြောက်၏။ သို့သော် မီးကို တောက်စေသော အကြိုက်ကိုကား မကြောက်။

စင်စစ် မီးသည် ကြောက်စရာမဟုတ်။ မီးကို ဖြစ်စေတတ်သော လောဘတဏှာသည်သာ တကယ့်ကြောက်စရာ။

သို့စဉ်လျက် ထိုတဏှာရမ္မက်ကို သတ္တဝါတိုင်း တွယ်ဖက်ထားခြင်းသည် အလင်းမဲ့၊ တန်ခိုးမဲ့၊ သတ္တိမဲ့၊ ဖြစ်လာကြသဖြင့် ယင်းကို အားကိုးအားထား ပုံထားကြခြင်းတည်း။

မသိ အဝိဇ္ဇာ၏ စည်းရုံးရာ စိတ်ပါနေကြသဖြင့် တဏှာအားကိုး ဟုတ်နိုးနိုးထင်နေကြခြင်းတည်း။

ကံ၊ ဉာဏ်၊ ဝီရိယအလုပ်၊ တဏှာကြောင့်ဟူ၍ ထင်နေကြခြင်းတည်း။

ကြိုက်တိုင်းလည်းမရ ကံပေးမှ ရသည်သာ။

ကံချည်းထဲမရ၊ ဉာဏ်ကမှ သက်သာရာရမည်သာ။

ကံဉာဏ်ချည်းထဲမရ၊ ဝီရိယကမှ ရသည်သာ။

လိုချင်ခြင်းကား လိုချင်ရုံမျှသာ။

ကြိုက်ခြင်းကလည်း ကြိုက်ကြိုက်ပေးရုံသာ။

http://www.dhammadownload.com



လိုချင်ခြင်း လောဘသတ္တိကို စွဲလမ်းနှစ်သက် မပစ်ရက် မဖယ်ရက် ဖြစ်နေခြင်းသည် တဏှာ။

ထိုလောဘတဏှာကို တွယ်ဖက်ထားသောအခါ အမှာပူးပမာသော ဒေါသတဏှာသည်လည်း

ညကိုမှီလျက် နေ့ဟူသော ဆန့်ကျင်ဘက်ဖြစ်လာရသည်။

အဖြူကိုမှီလျက် အမည်းဆန့်ကျင်ဘက် ဖြစ်လာရသည်။

သို့ပမာ. . ထို ဒေါသတဏှာသည်လည်း ထိုလောဘတဏှာ၏ ခြေရာနင်းလျက်ကပင် အဆင်းအာရုံက မျက်စိတံခါးသို့ ဝင်လာလေတိုင်း ဝင်လာသမျှ ခေါင်းခါချည်း အပြခိုင်းမည်။

တစ်မျိုးမဟုတ် လာသမျှအမျိုး တိုးသမျှအာရုံတိုင်း၊ တစ်ကြိမ်မဟုတ် ပြသမျှအကြိမ် လာချိန်သမျှ အကြိမ်တိုင်း. . ။

တစ်ဘက်က မည်မျှ ကောင်းမွန်လှပနေပါစေ။

တစ်ဘက်က သည်မျှ ဖော်ရွေ ကျေပွန်နေပါစေ။

သူ့ပင်ကို သတ္တိကိုက အလိုမကျတတ်ခြင်း၊ မနှစ်သက်တတ်ခြင်း၊ မကျေချမ်းခြင်းများဖြင့် တည်ဆောက်ထားချေရာ. . .

တစ်ဘက်၌ လောဘညဉ်ပါ ခေါင်းခါလွှတ်မှာချည်းပင်။

တစ်ဘက်၌ မောဟညဉ်ပါ ခေါင်းခါလွှတ်မှာချည်းပင်။

တစ်ဘက်က မိမိနှင့် ညဉ်မတူ ပြူးစူလွှတ်မှာချည်းပင်။

မီးသည်ရေတွင်းများနှင့်တွေ့ပါက ရှောင်ကွင်းသွားတတ်ပြီး လောင်စာပူ လျှောင်ထားတတ်ရာ တိုက်တာ၊ နေအိမ်၊ သစ်၊ ဝါး၊ ထင်း စသည်များတွေ့က ဟီးဟီးသံပေး အကုန်လုံး လိုက်၍ မျိုဝါး

http://www.dhammadownload.com



ဖျက်ဆီးပစ်သည့်ပမာ ယင်းဒေါသတဏှာသည်လည်း
ရတနာသုံးပါးတွေ့လျှင်သာ ရှောင်၏။
မိဘ ဆရာများဆိုကလည်း တိမ်း၏။
ကျန်အားလုံးတို့ကိုကား မည်သူ့ကိုမျှ အညှာမပေးတတ်။

တစ်ဖန်အဆင်းမှိုလို့ လက်မခံအထင်ဖြင့် အသံကောင်း၊ အနံ့ကောင်း၊ အရသာကောင်း၊ အတွေ့ကောင်း၊ သောင်းပြောင်းအာရုံအဖုံဖုံတို့ဖြင့် သူ့ဆိုင်ရာတံခါး သွားရောက်ပြပေးထားကြည့်လည်း မည်သည့်အာရုံမဆို၊

အာရုံစုံ အကုန်ဖျက်ဆီးပစ်မှာချည်းပင်။

တစ်ခါက အနိတ္ထိဂန္ဓမင်းသားဟူ၍ ပေါ်ပေါက်ခဲ့ဖူး၏။ ယင်းသည် မွေးကတည်းကိုကပင် မိန်းမတို့၏အနံ့ကို မခံနိုင်ခဲ့သူဖြစ်၏။ သို့ကြောင့် ယင်းအမည် မှည့်ခေါ်ပေးထားရ၏။

ဣတ္ထိ - မိန်းမများ၏၊ ဂန္ဓ - အနံ့အသက်ကို၊ န - မလိုချင်သူ။
အနိတ္ထိဂန္ဓ - မိန်းမနံ့ မခံချင်သော မင်းသားကလေး။

မင်းသားလေး အကိုင်မခံသော ထိုမိန်းမများကား နန်းတွင်းသူကလေးများချည်းသာ ဖြစ်ရကား မည်မျှအနံ့မွှေးလေမည်မသိ။ မည်မျှအတွေ့ညက်လေမည်မသိ။

သို့တိုင်လည်း ထိုမင်းသားလေး၏ စိတ်နှင့်အတူကပ်ပါလာသော ညဉ်စွဲသည် မိန်းမဆို လိုချင်ခြင်း အလျဉ်းမရှိရကား. .

အနံ့ကောင်းလည်း မကောင်းထင်၊ မနှင် မလွတ်ခဲ့။
အတွေ့ကောင်းလည်း မကောင်းထင်၊ မနှင် မလွတ်ခဲ့။

http://www.dhammadownload.com



ထိုမင်းသားလေးသည် ဗြဟ္မာပြည်က ဆင်းသက်လာသူ ဖြစ်ခြင်းကြောင့်ဆို၏။ တစ်ဖန် မိန်းမလက်ချက်ဖြင့် အသက်ထွက်ခဲ့ရသူလည်း ဖြစ်ကောင်းဖြစ်နိုင်၏။

သို့ပမာလျှင် ဒေါသတဏှာသည်လည်း. .

ရံတစ်ခါ မိမိ၏ ပင်ကိုသတ္တိ၏အစွမ်းပြအဖြစ် ခေါင်းခါ၏။

ရံတစ်ခါ လောဘနှင့် အတိုက်အခံလုပ်လျက်ကလည်း ခေါင်းခါ၏။ ထူးခြားသည်မှာ

စိတ်သို့ လောဘကပ်နေစဉ် သူမဝင်လာ။

စိတ်သို့ ဒေါသကပ်နေစဉ်လည်း ထိုလောဘက မဝင်လာခြင်းပင်။

အချစ်မိနေလျှင် အမုန်းထိခွင့်မရ။

အမုန်းကဲနေလျှင် အချစ်တွဲခွင့်မရ။

နေနှင့်လနှစ်ပါးတို့ကမူ ဆန်းစတွင် နေဝင်ခါနီး လထွက်ပြ။ ဆုတ်သောအခါ လမဝင်မှီ နေထွက်ပြဖြင့် နီးစပ်ပြကြသေး၏။ ဤလောဘ၊ ဒေါသနှစ်ပါးတို့ကား မည်သည့်ကာလမှ နီးစပ်မပြတတ်ချေ။

ထို ဒေါသတဏှာကလည်း

တစ်ခုဆို တော်သေး၏။ ယခုသော် အခုခု။

တစ်ခုသော်မှ တစ်ချို့ဆို တော်သေး၏။ ယခုသော် အချို့ချို့။

တစ်နေ့တစ်ရက် တစ်ဘဝလောက်ဆို တော်သေး၏။

ယခုသော် ရက်၊ လ၊ နှစ်ဆက်၊ ဘဝတိုင်း ဘဝတိုင်း တွဲလျက်။

နတ်တလူစာစဉ်

http://www.dhammadownload.com



ကြာသော် ထိုစိတ် ဒေါသပူ မြူလိပ်ကြောင့် မည်းချိပ်ချိပ်ဖြစ်လာနေပြီ။ ဒေါသစွဲ အမည်းကြောင့်လည်း မွဲတဲတဲ ဖြစ်လာနေပြီ။ ဒေါသမီးတောက် အပေါက်ပေါက်များကြောင့်လည်း နောက်တောက်တောက်ဖြစ်လာနေပြီ။

သို့ကြောင့်လည်း ယင်းဒေါသတဏှာကိုလည်း စိတ်ကို ညစ်နွမ်းအောင် ပြုကျင့်တတ်သော ကိလေသာတစ်မျိုးဟူ၍ ကမ္ပည်းထိုးကြရသည်။ ဒေါသသည် ကြမ်းတမ်းရက်စက်ခြင်း။

ယင်း သဘာဝအချက် နှစ်သက်နေခြင်းက တဏှာ။

စင်စစ် ဒေါသတဏှာဟူသည် ငရုပ်သီးကြိုက်သမားပမာ ထိုကြမ်းပြ၊ ရမ်းပြတတ်သော အမူအရာကိုပင် အကောင်းထင်လက်ခံနေခြင်းတည်း။

မှတ်ချက် - ဤဒေါသတဏှာ ဝင်ရောက်နေပါကလည်း (၁၁)မီးများလည်း တောက်ထလာကြရမည်မှာ မလွဲပြီ။

သတ္တဝါတိုင်း မိမိကိုယ်ကိုသော်လည်းကောင်း၊ သူတစ်ပါးကိုယ်ကိုသော်လည်းကောင်း အတွင်းသိ၊ အဆင်းသိလည်းမသိ။ ရှေ့အရေး နောက်အရေးကိုလည်း ပြေးမကြည့်တတ်သောကြောင့်သာ ဤကြိုက် မကြိုက်နှစ်ပါး ဖြစ်ပွားလာရသည်။ တစ်ဖန်

ကြိုက်အားကြီးနေပြန်လျှင်လည်း ဘာဆိုဘာမျှ မသိရ။
မုန်းအားကြီးနေပြန်လျှင်လည်း ဘာဆိုဘာမျှ သိခွင့်မရ။
သို့ကြောင့် ထိုသတ္တဝါများ အာရုံလိုက်စားရာတိုင်း၌
ကြိုက်မသိနှင့် မသိကြိုက်များချည်းသာ။

http://www.dhammadownload.com



ကြိုက်ကောင်းသောအရာကား များများ။

ကောင်း၍ကြိုက်သောအရာကား ရှားရှားပါးပါး။

သည့်အတူ မသိ၍ မုန်းခြင်းနှင့် မုန်းနေ၍ မသိခြင်းများချည်းသာ။

မကြိုက်ရာမှဖြစ်သော မကောင်းကား အများအပြား။ မကောင်း၍ မကြိုက်သောအရာကား နည်းနည်းပါးပါး။

သို့မဟုတ်. .

မောဟကြောင့် လောဘဖြစ်၊ လောဘညစ်၍ မောဟဖြစ်လာခြင်း။

မောဟကြောင့် ဒေါသဖြစ်၊ ဒေါသညစ်၍ မောဟဖြစ်လာခြင်း။

ထိုစဉ်

လောဘကြောင့်ဖြစ်သော မောဟကပင် ချိတုံ့ချတုံ့ကို မြှောက်စားမည်။

ဒေါသကြောင့်ဖြစ်သော မောဟကပင် ပုံ့ပူများကို မြှောက်စားမည်။

ပင်ကိုမောဟကား တွေဝေငေးမောခြင်းကို အားပေးမည်။

ထိုအားလုံး မသိမှု အဝိဇ္ဇာတွင်း ဆင်းသက်ကြမည်။

မောဟသည် သူ့ပင်ကို သဘာဝကပင် အာရုံမစွဲ သွေးညစ်မွဲမှ စတင်ဖြစ်ခွင့်ရရာ ဘဝစိတ် (အိပ်မောကျစိတ်) သာသာမျှသာ အားရှိ၏။

မိမိ၏ တိုက်အားမရှိသည့်အလျောက်

လောဘ၊ ဒေါသ စသည်များ ကြိုက်စော်ကား မုန်းပြစ်မှား စသည်

http://www.dhammadownload.com



မဖြစ်ပွားမီ၊

ဆိုင်ရာကံများ နိုးထလှုပ်ရှား ကံများမတူးဆွမီ၊

အကျိုးဝိပါတ်များ ခံစားခွင့် မရသေးမီ၊

စစ်သားစုဆောင်းရေးတပ်မှ တပ်မမှူးပမာ ကိလေသာများ ဖြစ်ပွားလာစေရန် သညာလိမ်၊ ဝိညာဉ်လိမ်၊ အာရုံလိမ်တို့၏ အကူဖြင့် စိတ်ကိုလည်း မှင်သက်ခိုင်းထားမည်။ ကိလေသာကိုလည်း ခေါင်းညိတ်ပြထားမည်။ အာရုံကိုလည်း ပုံချပေးထားမည်။

တစ်ဖန် လောဘဝင်လာသောအခါတွင်လည်း ဘုမသိ၊ ဘမသိ ဖြင့်ပင် ထောက်ပို့တပ်မမှူးပမာ လိုက်ပါကူမည်။

ဒေါသဝင်သောအခါတွင်လည်း ဘုမသိ ဘမသိဖြင့်ပင် ထောက်ပို့ အရာ လိုက်ပါ၍အကူပါမည်။

သူ့ဆိုင်ရာများ လွန်ကျူးပြီးသောအခါ

သူ့ဆိုင်ရာများ လွန်ကျူးနေကြဆဲအခါ

သူ့ဆိုင်ရာများ လွန်ကျူးရန် အားယူနေကြဆဲအခါ

ထိုမောဟသည် ပညတ်ဖုံးလေးခု၊ တစ်ခုတည်း ပေါင်းစု ပေးလျက်က

လွန်ကျူးပုံ မမှတ်မိစေရန်လည်း ဖုံးပေးထားမည်။

လွန်ကျူးသူမှန်း မသိစေရန်လည်း ဖုံးအုပ်ပေးထားမည်။

လွန်ကျူးဝတ္ထုချင်း အတွင်းသိ မသိစေရန်လည်း ဖုံးအုပ် ပေးထား မည်။

သို့ကြောင့်လျှင် ထိုသတ္တဝါတိုင်း

http://www.dhammadownload.com



ယမန်နေ့ကအကြောင်း ယနေ့ ကောင်းကောင်းမသိတော့ခြင်းတည်း။

တရားခံ လောဘ၊ ဒေါသ မည်သူမျှ မရိပ်မိကြခြင်းတည်း။

သူ့အရှိ ကိုယ့်အရှိ အတွေ့ဖြင့်သာ အမိခံနေကြရခြင်းတည်း။

သွေးမွဲနှင့် ကျစိတ်မှ သန္ဓေတည်ပေးထားသော ထိုမောဟသည်

တစ်ဘက်၌သော ပညတ်အဖုံးကြီးလေးမျိုးကို ထိုးဖောက်နိုင်ခြင်းအလျဉ်းမရှိသောကြောင့်လည်းကောင်း၊

မိမိခန္ဓာ၌လည်း ထိုပညတ်ဖုံးကြီးများ အထပ်ထပ်ဖုံးထားခံရသော မိမိခန္ဓာတွင်းဖြစ်စဉ်ကို အလျဉ်းမသိသောကြောင့်လည်းကောင်း၊

(က)သစ္စာတရားကို မိမိလည်းမသိ၊ အခြားအခြားများကိုလည်း မိမိကဲ့သို့ မသိစေရန် ဖုံးဖိ၊

(ခ) သညာကပြောသော အမှတ်အသားများကို မိမိလည်း လက်ခံ၊ အခြား အခြားများလည်း လက်ခံရန်တိုက်တွန်း။

(ဂ) အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘာဝတရားများအပေါ် နိစ္စ၊ သုခ၊ အတ္တဟူ၍ မိမိလည်း ထင်မြင်၊ အခြားအခြားများလည်း မိမိကဲ့သို့ အမြင်ပေါက်ရန် စည်းရုံး။

ဤနည်းဖြင့်ပင် အဝိဇ္ဇာနိုင်ငံ ပြည်တည်ပေးထား၏။

ဤနည်းဖြင့်ပင် သိမ်းသွင်းအုပ်ချုပ် မင်းလုပ်၏။

သတ္တဝါတိုင်း ဘာမှ သတိမထားလေ၊ သူကြိုက်လေ။

သတ္တဝါတိုင်း ဘာမှ အသိမလိုက်လေ၊ သူ့အကွက်ဆိုက် လေ

http://www.dhammadownload.com



သာ။

သို့ကြောင့် ယင်းမောဟသည် ပျင်းရိသူ၊ ကိုယ့်ကိုယ်ကိုယ် ညှာသောသူ၊ စိတ်အလိုလိုက်တတ်သူများဆိုက အထူးအရေးပေး ဆက်ဆံမည်။

သတ္တဝါတို့၏ ယေဘုယျဘဝဖြစ်စဉ်များသည် မောဟ၏ အချိန်ပြည့် လွှမ်းမိုးခြင်းကိုသာ အစိက ခံယူထားကြရသောကြောင့် တိရစ္ဆာန်ဘဝ အဖြစ်အများဆုံးဆို၏။

ထိုတိရစ္ဆာန်ဘဝ တစ်ရာလောက် ခရီးရောက်ပြီးမှ (တစ်ချက်ကောင်း စေတနာလေးများ၏ အလှည့်ကျလာတတ်ရာ) လူ့ဘဝသို့ တစ်ခေါက်မျှလောက် အလည်ရောက်လာတတ် ဆို၏။

သို့ကြောင့် ဉာဉ်ကလည်း တိရစ္ဆာန်ဉာဉ်အများဆုံး။ တိရစ္ဆာန်ဉာဉ်သည် အတွေ့လောက်သာ သိ၏။ ထို့ထက် မပို။ စရိုက်ကလည်း တိရစ္ဆာန်စရိုက် အလိုက်အများဆုံး။

တိရစ္ဆာန်စရိုက်သည် ကြိုက်- လိုက်မည်။ မကြိုက်- တိုက်ခိုက်မည်။ မသိ - ငိုက်မည်။ ထို့ထက်မပို။

ဝါသနာများကလည်း တိရစ္ဆာန်ဝါသနာ အများဆုံး။ တိရစ္ဆာန်ဝါသနာသည် အပင်ပန်းခံ မတွေးလိုခြင်း၊ အပင်ပန်းခံ မပြောလိုခြင်း၊ အပင်ပန်းခံ မလုပ်လိုခြင်းများနှင့်အတူ ဘာမဆို မလုပ်ဘဲ နေရစားရသည်ကိုသာ သဘောကျ၏။

သည့်ပမာ မောဟကြီးသမား ထိုလူသားများသည်လည်း မိမိကိုယ်ပိုင်ဉာဏ်၊ မိမိကိုယ်ပိုင်အလုပ် သုံးလေ့မရှိတတ်။ အပင်ပန်းခံ

http://www.dhammadownload.com



ရသောအလုပ်မျိုး၊ မိမိကိုယ်ပိုင်အလုပ်သုံးလေ့ မရှိတတ်။ အပင်ပန်းခံရသော အလုပ်မျိုး လုပ်လေ့မရှိတတ်။ အပင်ပန်းခံ၍ တွေးတောဆင်ခြင်မှု မပြုတတ်။ သူတစ်ဘဝ ဖြစ်သလိုနေ၊ ဖြစ်သလိုစားဖြင့်သာ အချိန်ကုန်လွန်မည်။

မောဟသည် သည်လူစားများကို လက်သပ်မွေးစား၏။

သည်လူစားမျိုးကလည်း ထိုမောဟကို လက်သပ်မွေးထား၏။

ကောသမ္ဗီပြည်က ဃောသကသူဌေးလောင်း. . .။ ယင်းသည် ကောသမ္ဗီသူဌေးကြီး၏ မွေးစားသားဖြစ်၏။

ထိုသူဌေးကြီးကား သားသမီးမထွန်းကားစဉ်က ယင်းကို အရေးပေးခဲ့ပြီး သားတစ်ယောက် ကိုယ်ပိုင်ထွန်းကားလာချိန်တွင်ကား အရေးမပေးလို။

သို့ဖြင့်ပင် ယင်းအတွက် သေရွာပြန်ပို့ရန်ကိုချည်း ကြိုးစားတော့၏။ ယင်းကလည်း သေကံကလည်း ရောက်ချိန် မဟုတ်သေး။ သူဌေးအမည်ပေါက်ဖြင့် မလုပ်ရသောအလုပ်မျိုး လုပ်၍သာ ဘဝတည်ဆောက်ရန်ကလည်း ကျန်သေး။

သို့ဖြစ်ရာ ငယ်စဉ်ကာလက ငယ်သဘာဝ သေနည်းကား အတိုင်းလှည်းလမ်းလယ်၌ ပစ်ချခံရခြင်း၊ သုသာန်၌ ပစ်ထားခံရခြင်း စသည်စသည် သေလောက်စရာများဖြင့် အသတ်ခံခဲ့ရ၏။ မသေ။

တစ်ဖန် လူငယ်အရွယ်တော်ပိုင်းကာလတွင်လည်း တစ်ခါက အုတ်ဖုတ်နေကြသော အုတ်ဖိုသူကြီးထံ. . .

'ဖိုသူကြီး. . ယခု စာပါလာသူကို ဖိုမီးကျင်းတွင်း ထိုးသွင်းပြီး

http://www.dhammadownload.com



အသေသတ်ပစ်လိုက်ပါလေ။'

ထိုစာနှင့်အတူ ထိုစာပို့ခိုင်းရာ၊ ယင်းကလည်း ကိုယ်သေရမည့် စာမှန်း အလျဉ်းမသိ၊ မအေခိုင်း ခိုင်းသလို လုပ်ပေး၏။

ထိုစဉ် အိမ်မှ အုတ်ဖိုအသွား လမ်းဝယ် သူဌေးကြီး၏သားအရင်း က ဂုံညင်းထိုးတမ်းကစားရာ၌ ရှုံးနိမ့်နေချေရာ ယင်းအား အကူအညီ တောင်း၏။

ယင်းကလည်း သွားစရာရှိသေး၍ အပြန်မှသာ ကူညီမည် ဖြစ်ကြောင်းပြော၏။ မရ။သို့ဖြင့်. . .

ထိုစာကို သားအရင်းက သွားပို့။

ယင်းကား သား‌နေရာဝင် ဂုံညင်းထိုး။

သို့ကြောင့် ယင်းကား မသေ။ သားအရင်းက သေရသည်။

ကောသမ္ဗီသူဌေးကြီးကား ပို၍ပင် အငြိုးကြီးလာပြီ၊ သို့နှင့် တစ်နေ့ အခြားမြို့နေ အလွန့်ထက်အလွန် ရင်းနှီးနေသော သူဌေးကြီးထံ. . .

အားကိုးချစ်ခင်ရပါသော သူဌေးကြီး. . ။

ယခု စာပါလာသူသည် အကျွန်ုပ်၏ မွေးစားသားဖြစ်ပြီး အကျွန်ုပ် အလွန်ထက်အလွန် အမုန်းပွားနေသောသူဖြစ်ပါသည်။

သို့ပါ၍ သူဌေးကြီးထံရောက်သည်နှင့် ချက်ချင်းလည်းသေ၊ သတ်မှန်းလည်း လူမသိစေသောနည်းဖြင့် ဖျောက်ဖျက်ပစ်လိုက်ပါ။

ဤသို့ စာရေးပြီး ယင်းအား အပို့ခိုင်း၏။

ယင်းကလည်း သူဌေးကြီးခိုင်း ခိုင်းသလိုလည်း လုပ်ပေးတတ်၊ ချက်ချင်းခိုင်း ချက်ချင်းလည်းလုပ်ပေးတတ်သူပီပီ. . ။

နတ်တလူစာစဉ်

http://www.dhammadownload.com



သည့်စာက မိမိသတ်မည့်စာဟူ၍လည်း သူမသိ။

သတ်မည့်သူထံ သေစာပြ၍ အသေခံရမည်ကိုလည်း သူမသိ။

သူသိသည်မှာ သူဌေးကြီးခိုင်းရာလုပ် သူဌေးကြီးပေးသမျှယူ၊ ကျွေးသမျှစား အလကားနေရခြင်းမျှသာ။

သို့နှင့် ထိုမြို့ ထိုသူဌေးကြီးအိမ် ရောက်သွားပြီ။ သူဌေးကြီး အပြင်ထွက်ခိုက်ဖြစ်နေသဖြင့် ချက်ချင်းမတွေ့။ အိမ်ရှိ အစေခံအစောင့်များကသာ. . .

ကောသမ္ဗီသူဌေးကြီး၏ သားတဲ့။

ထိုစကားအရ သူဌေးသား အဆောင်အယောင်ဖြင့် ပြုစုညှော်ခံထားကြ။ နားနေဆောင် သီးခြားအခန်းဖြင့်လည်း ထားပေး၏။

ထိုအချိန် ကျွန်မသည် သူဌေးသမီးထံသွားရောက်၍ ထိုသတင်းပြောပြရာ သူဌေးသမီးကား ပြီးခဲ့သောဘဝက ရေစက်ဟောင်းခေါင်းထလာပြီး ကြားကတည်းက စိတ်ဝင်စား၏။ ရေမိုးချိုးရာမှအမြန်ပြန်လာပြီး အခြေအနေကြည့်၏။

ယင်းကား ပင်ပန်းလွန်းလှသဖြင့် အိပ်မောကျနေပြီ။ ထိုအချိန်ပုဆိုးစ၏ ထောင့်တစ်ထောင့်ဆီမှ အထုပ်ကလေးကို ထိုသူဌေးသမီးမြင်တွေ့သွားရာ တိတ်တဆိတ် သွားရောက်ယူငင်ပြီး ဖတ်ကြည့်၏။

ဖြစ်မှဖြစ်ရလေ မောင်မင်းကြီးသားရယ်။ ကိုယ့်ပြန်သတ်မည့်စာ၊ ကိုယ်သေရမည့်နေရာ အရောက်လာပို့ရသည်ရယ်လို့။ ထိုစဉ်

သူဌေးသမီး ဖြတ်ထိုးညာဏ်ပေါ်လာကာ. .

ရင်းနှီးချစ်ခင်ရပါသော သူဌေးကြီး

နတ်တလှစာစဉ်

http://www.dhammadownload.com



ယခု စာပါလာသူသည် အကျွန်ုပ်၏သားဖြစ်ပါသည်။ သို့ပါ၍ အကျွန်ုပ်၏ကိုယ်စား သူဌေးကြီးကပင် သူဌေးကြီး၏ သမီးနှင့် ကြီးကျယ်ခမ်းနားစွာ မင်္ဂလာပွဲ ကျင်းပပေးပါလေ။

သူဌေးသမီးသည် ထိုစာကို ဤစာဖြင့် လဲလှယ်ကာ ယင်းပုဆိုးစ၌ပင် ထုပ်မြဲတိုင်းသောပုံစံအတိုင်း ထုပ်ပေးထားလိုက်၏။ ထိုစာကိုကား အပြီးအစီး ဖျောက်ဖျက်ပစ်လိုက်တော့၏။

သူဌေးကြီးလည်း အပြင်မှ ရောက်လာပြီ။

သကောင့်သား လူမသိတတ်လည်း နိုးနေပြီ။

သို့ဖြင့် ဆုံကြလေသောအခါ သူဌေးကြီးကလည်း ကောသမ္ဗီ သူဌေးကြီးဆီက လာသောသားဆိုသဖြင့် အထူးအရေးပေး ဆက်ဆံ၏။

ယင်းကလည်း သူဌေးငွေ့ မကင်းရကား တည်ခန့်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ လေးစားရိုသေခြင်းများနှင့်အတူ ယူလာသောစာကို သူဌေးကြီးလက် ဆက်သလိုက်၏။

သူဌေးကြီးသည် ထိုစာကို အခေါက်ခေါက်ဖတ်၏။ ဖတ်ရင်းကပင် ခေါင်းများလည်း ညိတ်လာနေ၏။

သည်ကိစ္စ စောစောကတည်းက အတွေးဝင်ပြီးဖြစ်ခဲ့၏။

အရွယ်ရောက်လာပြီဖြစ်သော သမီးအတွက်

မျိုးတူ ရိုးတူလည်းဖြစ်ရမည်။

အဆင့်တူ တန်းတူလည်းဖြစ်ရမည်။

သက်တူ ရွယ်တူလည်းဖြစ်ရမည်။

http://www.dhammadownload.com



သည်သုံးဆင့် အသင့်ရှိနေသူ သတ္တဝါများ ပေါ်ပေါက်လာလျှင် . . ။

အေးအေး. . သည်လိုဆို စိစဉ်ပေးရတာပ။ မောင်တို့ ဖခင်က ငါတို့အား ယုံကြည်လို့ အပ်နှံလိုက်တာ။ ငါတို့ဘက်ကလည်း အားလုံး တာဝန်ကျေစေရမယ်။

ကဲကဲ. . သမီးများနဲ့ ချမ်းချမ်းသာသာနေ။

ယင်း၏ မသိသော အသိကား အကွက်မိသွားစေပြီ။

သို့ပမာလျှင် ဤမသိခြင်းသည်လည်း

မရှိခြင်းများကိုလည်း ရှိလေသယောင် ဆောင်ပေးတတ်၏။

မမိခြင်းများကိုလည်း မိလေသယောင် ဆောင်ပေးတတ်၏။

မသိခြင်းများကိုလည်း သိလေသယောင် ဆောင်ပေးတတ်၏။

သို့ကြောင့် မသိခြင်းလောက် ကြောက်စရာကောင်းသော အလိမ်တရားကား လောကထဲဝယ်မရှိပြီ။ မသိခြင်းသည် သူတကာမဆိုထားဘိ ကိုယ့်ကိုယ်ကိုယ် လိမ်ရာ၌ပင် ပါရဂူဖြစ်ခဲ့၏။

ဒေါသညာဉ်က ခန္ဓာအိမ် ဝင်လိမ်လျှင် မိမိမှုသာမက၊ အတူနေ ပတ်ဝန်းကျင်များကပါသိ၏။

လောဘညာဉ်က ခန္ဓာအိမ်ဝင်လိမ်ပြန်လျှင်လည်း ဘေးလူမသိသော်မှ မိမိကိုယ်တိုင်ကား သိသေး၏။

ဤမောဟညာဉ်သည် ခန္ဓာအိမ် ဝင်လိမ်နေရာ၌ကား သူတကာ မဆိုထားဘိ၊ မိမိသော်မှ မရိပ်မိတော့ပြီ။

ထိုမောဟသည်လည်း သတ္တဝါတို့၏စိတ်ကို မွဲညစ်သွားအောင်

http://www.dhammadownload.com



ပြုကျင့်တတ်သောကြောင့် ကိလေသာဟူသော အမည်ကိုလည်း ခံယူရ၏။

တစ်ဖန် ယင်းမသိမှုကြောင့်ပင် မဖြစ်သင့်သောအမှုများ ပေါ်ပေါက်လာကြရပြီး ဖြစ်သင့်သောအမှုများ ငုတ်ရှား သွားစေတတ်ခြင်း။ အရှိလမ်းကို ပိတ်ဆို့၍ မရှိလမ်းချည်းသာ တွန်းပို့နေခြင်း၊ မသိမှုကိုချည်းသာ ကျူးလွန်စေခြင်းများကြောင့် . . .

ယင်းနှင့်မကင်းသော သတ္တဝါတိုင်း အမြဲပူပန်နေကြရတော့၏။ အမြဲလည်း သူက နှိပ်စက်နေ၏။

သို့ကြောင့် ယင်းမောဟကား သတ္တဝါများကို ပူပန်စေတတ်၊ နှိပ်စက်တတ်သော၊ သို့မဟုတ် သံကိလိဋ္ဌ၊သံကိလေသိက သမားကြီးဘွဲ့ထူးလည်းပေးကြရ၏။

ထို မသိမောဟကြောင့် အောက်ထဲ ဝဲလှည့်ကာရောက်သွားကြရ၏။

ထို မသိမောဟကြောင့်ပင် အထက်ဘက်တက်မက်ခဲ့ကြရ၏။

ထို မသိမောဟကြောင့်ပင် ဤလူ့ဘုံထဲ တဝဲလည်လည် တွယ်ခဲ့ကြရ၏။

ထို မသိမောဟသည် ကိုယ်လှုပ် နှုတ်ဖွင့် ပြုကျင့်ရာတိုင်း လောဘစသည် အညစ်အစုပ် တစ်ခုနှုတ်တစ်ခုပွဲထုတ်ကာ သူနောက်ပါ၏။

ရုတ်ချည်းပြေးအတွေ့မိတိုင်း၌လည်း လောဘစသည် ကိလေသာ အတွက် အကာအကွယ်ယူလျက်ကသာ သူ့ နောက်ကချည်းပဲသာ။

http://www.dhammadownload.com



သတ္တဝါတိုင်း မောဟ၏အတွင်းခံတွင် လောဘကလည်း ဖောက်ပြန်၊ မြင် မြင်သမျှ၊ ကြား ကြားသမျှ၊ ကြံပေးစမ်း၊ ပြောပေးစမ်း၊ ကျင့်ပေးစမ်းတို့ဖြင့် စိတ်ကိုညို့ တို့၍ တို့၍ချည်း အတင်းခိုင်းနေချေရာ . . .

ဒေါသကလည်း ဖောက်ပြန်၊ မြင်မြင်သမျှ၊ ကြားကြားသမျှ သန်ပေးစမ်း၊ ထန်ပေးစမ်း၊ မာန်ပေးစမ်းတို့ဖြင့် စိတ်ကို ထိုး တစ်မျိုးပြီး တစ်မျိုး စိတ်ကိုချည်း ဆွပို့နေချေရာ . . .

ထိုစိတ်သန်ရာမှထန်၊ ထန်ရာတွင် မာန်ဝင်လာတော့သည်။ လိုချင်စိတ် ပြင်းထန်သလောက် ဘာမသိ ညာမသိ ငါပညတ် သူပညတ်များနှင့် အငွေ့ဟတ်၊ အတွေ့ဟတ်များ အပေါ် တကယ်ရ၊ တကယ်ရှိ တကယ်မိ အထင်ကပ်လာ၏။

ထိုအခါ ကိုယ်ထင်သလိုမရ၊ အလိုမကျ ဒေါသလည်း ဖြစ်လာ၏။

အလိုကဲ အစွဲကြီး ပစ္စည်းလက်ထဲမှလက်လွှတ်လိုက်ရလျှင်လည်း မကျေချမ်း ဒေါသလည်း ဖြစ်လာစေ၏။

ဝတ္ထုတစ်ခု၊ အာရုံတစ်ခုတို့အပေါ် အကြိုက်ချင်းတူ၊ အလိုက်ချင်းတူ များချင်း တွေ့ဆုံမိလျှင်လည်း မုန်းငြိုးပစ်မှား အာဃာတထားသည့် ဒေါသကပါ အတင်းတိုးဝင်လာ၏။ ထိုအခါ

နင်ဘာလဲ၊ ငါဘာလဲ၊ မာနတရား စိတ်ထဲစွဲလာပြီ။

မာနသည် မြတ်နိုးခြင်းကို အခြေခံ၏။(လောဘမာန်တက်လာခြင်း)

မာနသည် ဖက်ပြိုင်ခြင်းကို အခြေခံ၏။ (ဒေါသမာန် ကြွတက်

http://www.dhammadownload.com



လာခြင်း)

ထိုစဉ် အားကိုးလောက်သော သားသမီး၊ ပစ္စည်း၊ ဇနီး၊ လင် စသည်များကို အခြေခံလျက်က အလိုလို မောက်မာနေခြင်းများလည်း ဖြစ်လာရာ လောဘမာန်ထွက် ထွက်လာခြင်း၏ သင်္ကေတတည်း။

ထိုသား ထိုသမီး စသူများက အားကိုးလောက်သည်ဖြစ်စေ၊ အားမကိုးလောက်သည်ဖြစ်စေ ယင်းတို့အပေါ် အထင်ကြီး မြတ်နိုး နေချေက ထိုလောဘအခံ မာန်အရာသို့ ထိုးတက်လာချေပြီ။

တစ်ဖန် မိမိအတွက် အသုံးတည့်လှသဖြင့်လည်းကောင်း၊ မိမိကပင် အထင်ကြီးမြတ်နိုးလှသဖြင့်လည်းကောင်း၊ အရိပ် တကြည့်ကြည့်ဖြင့် တယုတယလက်သပ်မွေး ပြုစုထားသော အလိုချင်ဆုံး အနှစ်သက် ဆုံး သက်ရှိသက်မဲ့ပစ္စည်း လက်လွတ်ဆုံးရှုံးသွားချိန် ရရန်ဖန် အကြံ မအောင်ချိန်၊ ရရန်လက်တစ်ကမ်းအရှိ အဖျက်မိသွားချိန် အခါမျိုး များ၌ကား ဒေါသအခံကပင် မာန်အသွင်ဆောင်လာချေပြီ။

သူတစ်ပါးတို့အထောက်အခံဖြင့် မာန်ဖြစ်လာသော ထိုတရား သည် ကျောထောက်နောက်ခံ ကိလေသာတို့၏ ထန်အား ကန်အား များကြောင့် ဘဝလေပူကြီးက ခန္ဓာတွင်းကနေ ထကန် ကန်လိုက် သောအခါ

ငြိမ်နေသော မနောအကြည်ပြင်လေး လှိုင်းဖြစ်လာပြီ။
အေးနေသော နှလုံးအကြည်ခွင်လေး အပူဝင်လာပြီ။
ကြည်နေသော နှလုံးသွေးအစု နောက်ကျုသွားရပြီ။

ထိုအခါ တက်စိတ် ထန်စိတ်ကြီးသည် ဘာဆိုဘာမှ မမြင်တော့

http://www.dhammadownload.com



သော မိုက်လုံးကြီးနှင့်အတူ ငါ၊ သူ ဆိုသော ဘက်ခွဲသိမှုတစ်ပါး အခြားဘာမျှ သိခွင့်မရတော့ပြီ။

(က)သည်အကြံမျိုးကြံက သင့်မသင့် သူ့၌ ချင့်ခွက်မရှိတော့ပြီ။

(ခ) သည်အပြောမျိုးပြောက သင့်မသင့် သူ့၌ ချင့်ခွက်မရှိတော့ပြီ။

(ဂ) သည်အလုပ်မျိုးလုပ်က သင့်မသင့် သူ့၌ ချင့်ခွက်မရှိတော့ပြီ။

သည်မျှပင် မကချင်သေး။ ဂုဏ်ရှိသူ၊ ဂုဏ်မဲ့သူ၊ ကိုယ့်ထက်သာသူ၊ ကိုယ့်အောက်ကျသူ စသည် တိုင်းစရာ တိုင်းတုတ် အားလုံးပြုတ်ကျသွားရပြီ။

သူ့၌ မောက်မာခြင်း၊ ထောင်လွှားတက်ကြွခြင်း ယှဉ်ချင်ရာကလာယှဉ် ပြိုင်ပွဲဝင်ရန် အသင့်ပြင်ထားခြင်းမျှသာရှိတော့သည်။

တစ်ခါက တောအုပ်ကြီး တစ်ခုအတွင်းဝယ် တောပျော်တိရစ္ဆာန်လေးများ စုဝေးနေထိုင်ကြရာ၊ တစ်နေ့ သစ်ခုတ် ဝါးခုတ် တောအလုပ်ဝင်သော အလုပ်သမားတစ်စုသည် နောက်ချေးပိုးထိုးကောင်၏ အနီး သစ်ပင်ကြီး၏အောက်ဝယ် စုဝေးကာ တပျော်တပါးအရက်သောက်ကြ၏။ ပြီးသော် ယင်းခွက်ဟောင်းများနှင့်တကွ ထိုခွက်များ၌ ကပ်နေသော ခွက်ကပ်လက်ကျန်များ မြေပေါ် နွားခြေရာခွက်ထဲ၌ ဖိတ်စင်ကျထားသော မြေကပ်အရက်များပါ ထားပစ်ခဲ့ကြကာ ပြန်သွား ကြ၏။ ထိုစဉ် . . .

အနီးနေ ချေးပိုးထိုးကောင်သည် ရသောအနံ့ကို သဲလွန်စဖန် ခြေရာခံလျက်က တွင်းမှတက်လာကာ မြေကပ်လက်ကျန် အရက်ကိုလည်း သောက်သုံးကြည့်၏။ ခွက်ကပ်လက်ကျန် အရက်များကို

http://www.dhammadownload.com



လည်း တက်ရောက်သောက်ကြည့်၏။

ထိုအရက်များက နောက်ချေးပိုးထိုး သောက်သဖြင့် မမူးမရှိ၊ မသောက်ဘူးက အမူးပိုထိ၏။ မသောက်ဘူးက အမြူးပိုမိ၏။

ထိုစဉ် ထိုချေးပိုးထိုးကောင် အရက်မူးမူး၊ သွေးရူးရူးဖြင့် အနီးရှိ ဆင်ချေးတုံးကြီးကို တောင်လုံး တောင်ကတုံးကြီးထင်ကာ ထိုဆင် ချေးတုံးကြီးပေါ်တက်လိုက်၏။ ပြီးသော် . . .

သည်တော သည်တောင်မှာ ငါလိုအကောင် ဘယ်သူ စောင်ရဲ သလဲ၊ စောင်ရဲသူ ထွက်ခဲ့ကြစမ်း။

သည်တောသည်တောင်ထဲ ငါနှင့်တွဲယှဉ်ပြိုင်ရဲသူရှိ ထွက်ခဲ့ကြ စိမ်ခေါ်လိုက်သည်။ ထိုအသံ အားလုံးကပင် ကြားကြရာ အားလုံး ကပင် မခံချင်ကြ။

သို့ကြောင့် တစ်နေရာ အစာရှာစားနေသော ဆင်ကြီးထံ ငှက်ငယ် တစ်ကောင်က သွားရောက်ပြီး သည်လိုသည်လိုတဲ့ဟူ၍ သတင်းပို့ရာ ဆင်ကြီးသည် အစာစားရာမှ စားကျက်ဖျက်ခဲ့ပြီး ထိုငှက် ညွှန်ပြသော ချေးပိုးထိုးရှိရာသို့သွား၏။

မူးနေရူးနေသော ချေးပိုးထိုးကား စိမ်ခေါ်လျက်။

အရက်ခံမှုဖြစ်သော ထန်စိတ်ကာ ထိပ်တက်ဆဲ။

ထိုစဉ် ဆင်ကြီးသည် ချေးပိုးထိုး၏ ကိုယ်ပေါ်တည့်တည့် သို့ ဆင်ချေးတုံးများ တစ်တုံးပြီး တစ်တုံး အတုံးလိုက် အတုံးလိုက် ပစ်ချ လိုက်ရာ ခမျှာ ဆင်ချေးတုံးပိနေရာမှပင် မချိမဆန့်ဖြင့် နေရာရှာပြီ။

သို့ပမာလျှင် မာန၏သဘာဝတရားသည်လည်း ငါဖို့ သူ့ဖို့ဟူ

http://www.dhammadownload.com



သော အယူလည်းမရှိ၊ ကြီးသည် ငယ်သည်ဟူသော မှုလည်းမရှိချေ။

ထိုမာန ငါသည် မည်သည့် ကိလေသာလုပ်ကွက်နှင့် လုပ်စာပင် ဖြစ်ပစေ . . .

အထင်ကြီးတိုင်း မြတ်နိုးတိုင်းလည်း ဝင်ရောက်ပြိုင်ပေးမည်။

အထင်သေးတိုင်း မြတ်နိုးတိုင်းလည်း ဝင်ရောက်ပြိုင်ပေးမည်။

အထင်ကြီးခြင်း မှန်သမျှကား ကိုယ့်ဘက်မှာ။

အထင်သေးခြင်း မှန်သမျှကား တစ်ဖက်မှာ။

မာန်အနှောင့် အထောက်ဖြင့် မောက်မာလာသောအခါ ထိုသတ္တဝါ၏ ကိုယ်သည်လည်း ဘဝင်လေပင့် ကြွားကြွားဝင့်လာ၏။

ထိုသတ္တဝါ၏ စိတ်သည်လည်း သွေးနားထင်ရောက် လွင့်လွင့်မောက်လာ၏။

ထိုအခါ ကိုယ်မှာနွမ်းရိ စိတ်လည်း အပူမိသွားစေပြီ။

ယင်းတို့နှင့်အတူ စိတ်အညစ်များလာခြင်း၊ မည်းတူလာခြင်းများ ဖြစ်ပွားကာ ဖြူနေသောစိတ် အဖြူတိတ်ဆိတ်သွားစေ၏။

မာနသည် စိတ်ညစ်ခြင်း၏ အကြောင်း။

မာနသည် စိတ်မည်းတူခြင်း၏ အကြောင်း။

သို့ကြောင့် ထိုမာနသည် ကိလေသာအမည် ခံယူခဲ့ရ၏။ ယင်းကို လက်ကိုင်ပြုသူတိုင်း စိတ်ပူပန်လာသည်အထိ နှိပ်စက်ဖျက်ဆီးတတ်သောကြောင့် သံကိလိဋ္ဌသံကိလေသိက အမည်ကိုလည်း ခံယူခဲ့ရ၏။

လူမှန်သမျှ တော်ကြ၏။

မာနနှင့် ပေါင်းခြင်းကြောင့်သာ တစ်ဘက်စောင်းနင်း ဖြစ်နေကြ

http://www.dhammadownload.com



ရ၏။ သူမပါ လူချည်းသာဆို ဘယ်လောက် ကောင်းမည်နည်း။

တစ်ဖန်လည်း သတ္တဝါတိုင်း တိရစ္ဆာန်အဖြစ်များနေခြင်း၊ တစ်ဘက် အာရုံနောက် အလိုက်များနေခြင်း၊ သတိကင်းမဲ့ နေတော့ခြင်းများကြောင့်

အသက်မဲ့ ရုပ်နှင့်နာမ် အပြန်အလှန် ကျေးဇူးပြုကာ လှုပ်ရှားသွား လာနေပုံကို အလျှဉ်းမသိခြင်း၊

ယင်း အသက်မဲ့တို့၏ အပျက်နှင့်အပျက်ဆက်ကာ အသက်ဝင် နေပါသည်ကို အကောင်းထင်ခြင်း၊

-အကောင်းမင် အလိုက်ကြီး အကြိုက်ကြီး ဝင်နေတော့ခြင်း။

-အကြိုက်မရ ဒေါသမာန်ရှုခြင်း။

-မကြိုက်ရာ လာရောက်ပြ ဒေါသမာန် အမျက်ရှုခြင်းများလည်း လက်ပွားအဖြစ် ဆက်လက်ပေါ်လာချေရာ ငါဟူသော အယူ၊ သူဟူ သော အယူ မှုအဖြစ် ဝင်ရောက်လာချေပြီ။

ဒိဋ္ဌိဟူသော သဘာဝတရား . . . လောဘ၊ ဒေါသ၊ မောဟ ထို သုံးပါးက မွေးစားလိုက်ခြင်း၊

ထိုသုံးပါးတို့၏ အထိုးကြောင့် . . .

ထိုဒိဋ္ဌိဆိုး စိတ်ဝယ် တိုးလာလေသောအခါတွင်မူကား

ဘယ်သူတွေ ဘာပြောပြော ငါတကောကောဖို့ ဝန်မလေးပြီ။

ယနေ့ ဘာသာခြားတို့ ဘာသာကပြားပျိုး၍ သူ့ဘာသာမှ ငါ့ဘာသာတိုးပွားရန် ကြိုးစားရာ၌ ထိုဒိဋ္ဌိ ရှေ့ဆုံးမှ အလံကိုင် ထွက်လာပြီ။

ယနေ့ လူမျိုးခြားတို့ လူလူချင်းကပြားပျိုး၊ ကိုယ့်လူမျိုးချည်း

http://www.dhammadownload.com



ဖြစ်အောင် ကြိုးစားနေကြရာတိုင်း၌လည်း ထိုဒိဋ္ဌိရှေ့ဆုံးမှ အလံကိုင် လျှက်ရှိလေပြီ။

စင်စစ် ဘယ်သူဘာအဖြစ်ဖြစ် သူဟာ ငါ့ဟာအဖြစ် ဆစ်ပိုင်းပိုင်း တူရာတိုင်း၌

အမှားသိ မောဟ၊

အကြိုက်မိ လောဘ၊

အလိုမကျ အားမရဖိ ဒေါသ၊

ထိုသုံးပါးတို့ ကြိုးကိုင်ပေးရာအတိုင်း ထိုဒိဋ္ဌိက လိုက်လံသိမ်းပိုက် ပေးရခြင်းပင်ဖြစ်ရာ . . .

မသိခြင်း မောဟသည် တိရစ္ဆာန်ဖြစ်ရန်၏ အကြောင်းခံ အမှန်တရား။

လိုချင်ခြင်း လောဘသည် ပြိတ္တာဖြစ်ရန်၏ အကြောင်းခံ အမှန်တရား။

ပြစ်မှားခြင်း ဒေါသသည် ငရဲကျရန်၏ အကြောင်းခံ အမှန် တရား။

သို့ကြောင့် ထိုတယူသန် ဒိဋ္ဌိကြီးသမား . . .

မိမိ၏ ဆင်ကြဲကြဲ၍ ကျားချောင်းချောင်းသော မသမာစိတ် ကပင် မိမိအား အပါယ်ဘုံသို့ ပို့လွှတ်ပေးတော့မည်။

ဒိဋ္ဌိကား အပါယ်ပို့ လုပ်သားတည်း။

ဒိဋ္ဌိကား မူလပိုင်ရှင် လောဘ၊ ဒေါသ၊ မောဟတို့၏ လက်ကား ကိုယ်စားလှယ်ကြီးတည်း။

နတ်တလူစာစဉ်

http://www.dhammadownload.com



လူသားတိုင်း ငရဲကြောက်၏။ သို့သော် ဒိဋ္ဌိသည် ငရဲတံခါးပေါက် ဆိုသည်ကို ထိုလူသားတိုင်းမသိ။

ဘာသာတိုင်း ငရဲကြောက်ကြ၏။ သို့သော် ဒိဋ္ဌိသည်ငရဲ ကိုယ်စားလှယ် ဆိုသည်ကို ထိုဘာသာတိုင်းမရိပ်မိ။

သည့်အတူ မည်သူမဆို တိရစ္ဆာန်၊ ပြိတ္တာ (အသူရကာယ်) ဆိုသော ချမ်းသာမဲ့ဘုံအားလုံး မုန်းကြ ကြောက်ကြသည်ချည်းပင်။

သို့တစေလည်း ထိုဘုံတို့၏ မျိုးစေ့ဖြစ်သော မူလအယုတ်တရား သုံးပါးနှင့် ယင်းတို့၏ ကိုယ်စားလှယ်ဖြစ်သော ထင်တိုင်းကျဲ ငါစွဲ ဒိဋ္ဌိများအပေါ် မိမိအား မိမိစိတ်မှတစ်ဆင့် အောက်လမ်းဖွင့်၍ လျှော်ထုတ်နေသည်ကို လက်ခံထားသမျှ ရေခဲရေသောက် ခဏ လောက်တော့ အေးပေမပေ့ါ။

သို့သော် သဘာဝ ရေခဲကို ငရဲမီးဖြင့် အတုလုပ်ဖန်ဆင်းထားရာ ဖြစ်ခြင်းကြောင့် ကြာကြာအောင်းလေ ဝမ်းခေါင်းပူလေ၊ ကြာကြာ ဝင်လေ ဆီးကျင်ဆီးခန်းလေ၊ ကြာကြာသောက်လေ ဒုက္ခရောက်လေ ဖြင့် သုံးသူထံ ပြန်၍ ဒုက္ခပေးတော့၏။

သို့ပမာ မိမိဘာသာ တိုးပွားရေးဟူသော စေတနာထားကား ကောင်းသော်လည်း တစ်ဖက်ဘာသာ တစ်ဖက်လူမျိုး ဖျက်ဆီးလိုမှု ကိုယ့်စေတနာကား တစ်ဘဝတော့ ခဏအနားပေးထားဦးမည်။ သေတွင်း သေဝပေါက် မေ့မေ့ကြီးနှင့် ရောက်သွားချိန်တွင်မူကား မိမိကြမ္မာငင်ရာ လိုက်ပါရတော့မည်ဖြစ်ရာ

မည်သည့်ဘုရားကမျှ ဝင်ရောက်မကယ်နိုင်။

http://www.dhammadownload.com



မည်သည့် တန်ခိုးရှင်ကမျှ တန်ခိုးဝင်မပြနိုင်။
ကျိုးဆက်မှန်သမျှ အကြောင်းခံနှင့် မကင်းကောင်း၊
အကြောင်းခံမှန်သမျှလည်း အကျိုးဆက်နှင့်မလွဲကောင်း။
မျိုးစေ့မှီ၍ အပင်ပေါက်စေရာ၌
ငရုပ်စေ့သည် ငရုပ်ကောင်းပင်အဖြစ် လွှဲမရ။
ဘူးစေ့များက ကြက်ဟင်းခါးပင် ပေါက်ခွင့်မရှိ။

သို့ပမာလျှင် မကောင်းမှုနှင့် တွဲထားသော စေတနာ၊ ကြက်သတ်ပြီး ဆွမ်းတော်ကပ်ရာ၌ ဆွမ်းကပ်စေတနာက ကောင်းကျိုးကို မုချပေးစေပြီး ကြက်သတ်မှုကလည်း ဆိုးကျိုးကို မုချပေးစေမည်။

ဆွမ်းကပ်မှုက ငရဲ၊
ကြက်သတ်မှုက ကောင်းကင်ဘုံ။

သို့မဟုတ် ထိုနှစ်စလုံးတို့က ကောင်းကင်ဘုံ ပို့မည်ဟူ၍ကား အမျှော်လည်းမထားအပ်။ စိတ်ကူးလည်း မယဉ်အပ်ကြပြီ။

ဤဒိဋ္ဌိသည် အမြင်မှားခြင်းကို အခြေခံ၏။

သတ္တဝါတိုင်း စိတ်မျက်စိလည်လေ သူကြိုက်လေဖြစ်၏။ သွေးဆူသောလူမျိုး ၊ စိတ်ထန်သောလူမျိုးဆိုက ထိုဒိဋ္ဌိကတိုး၍ အလိုလိုက်၏။

သွေးဆူမှ စိတ်မွဲ၊
စိတ်ထန်မှ အမြင် မသဲကွဲတော့သောကြောင့်။
ထိုဒိဋ္ဌိက စိတ်ငြိလာသမျှ အတွင်းသိမ်းပိုက်ပေးနေသောအခါ
လောဘရမ္မက်ကလည်း ရှေ့တက် အကွက်ဖော်ပေး၍ ရသွားပြီ။

http://www.dhammadownload.com



မာနအထက်လည်း ရှေ့တက်ဖက်ပြိုင်၍ ရသွားပြီ။

ဒေါသအမျက်ကလည်း ရှေ့တက် ဖျက်ပေး၍ရသွားပြီ။

မောဟ အမက်ကလည်း ရှေ့နောက်အလုံး အတွင်ဖုံးပေး၍ ရသွားပြီ။

-မည်သည့်အာရုံမဆို လိုသလို ဖျက်ခွင့်ရသွားပြီ။

-မည်သည့် တံခါးသုံးသုံး ဖုံးပြီးဖိပြီးသားချည်းဖြစ်သွားပြီ။

တိရစ္ဆာန်တို့တွင် နဂါးကောင်သည် သူများအကောင် ကိုယ့်အကောင်လုပ်ယူရာ၌ အအောင်မြင်ဆုံး။

ထိုနဂါးကောင်သည် ပထမ မြေကျင်းများဖြင့် ထုံကူးစရာ လုံကျင်းကို တည်ဆောက်ပေးထား၏။ ထိုနောက် သစ်ရွက်များမှဖြစ်သော ပိုး၊ ရွက်လိပ်ပိုး၊ လောက်လန်းပိုးများကိုနေရာ အနံ့ရှာဖွေကာ ဖမ်းဆီးကိုက်ချီလာ၏။

သူ့နေရာရောက်သောအခါ ကျောအရိုးမပါသော သတ္တဝါ တွားသွားသတ္တဝါကို မိမိကဲ့သို့ အတောင်အလက်အစုံ ကောင်းကင်ပျံ အမာခံရှိသော မိမိနှင့် ချွတ်စွတ်တူ နဂါးမျိုး ဖြစ်လာစေရန်၊

မိမိ ချီလာသော အကောင်ကို ပက်လက်အနေအထားဖြင့် မိမိဝိုက်အောက်သို့သွင်းကာ ရှေ့ခြေ နောက်ခြေများဖြင့် ကုပ်ထား၏။ ရင်ချင်းကပ် ကိုယ်ချင်းထိကို ဖြစ်စေ၏။

ထို့နောက် မိမိ၌ရှိသော အစွယ်များဖြင့် . . .

ခေါင်းမှခြေဆုံးတိုင်အောင်လည်း ထိုး၍ ထိုး၍ အငွေ့သွင်း၏။

တစ်ဖန် ခြေဆုံးမှခေါင်းအထိလည်း ထိုး၍ ထိုး၍ အငွေ့သွင်း

http://www.dhammadownload.com



ပေး၏။

အစုန်အဆန် ထိုးသွင်းခံနေရသော ထိုသတ္တဝါကား

အိမ်မွေ့အချခံထားရသောလူ၊ တို့ဆေးမိသွားသောလူ၊ မေ့ဆေး အသွင်းခံထားရသောလူ ထိုလူသားများ၏ အမူအရာများပမာ မလှုပ် မယှက် ပက်လက် ဘာဆိုဘာမျှ မအောက်မေ့၊ အတွေ့ကိုပင် မတွေ့၊ အမေ့။

ထိုသို့ အငွေ့မိ၊ အမေ့မိသောအခါကျလေမှ အဆင်သင့်ထားရှိ သော လုံကျင်းထဲသို့ ထိုးသွင်းကာ ပြင်ပကနေ မြေကျင်မြေစေးများ ဖြင့် အပေါက်ကို ဖိပိတ်ပေးလိုက်၏။ အချိန်စေ့ ရက်ကြာလာသော အခါတွင်ကား . .

ဟော နဂျီကောင်ငယ်ကလေးတွေ . . . ၊

တစ်ကောင်ပြီးတစ်ကောင် စဉ်တိုက်ထွက်လာ ကုန်ကြပြီ။ နဂျီ ကောင်၏ နဂျီလုပ်နည်း နိသျှည်းတည်း။

သည့်ပမာလျှင် ဒိဋ္ဌိသည်လည်း အဝိဇ္ဇာက ငါ၊ သူ ဘက်ခွဲပေးရာ တွင် မာန တဏှာတို့၏ ခြေရာစုံ အကုန်နင်းလျက်က . . . ၊

သူ့ဘက်ဆိုသော ထိုအရာမှန်သမျှ

ငါဘက်ဆီ၊ သည့်မှာဘက် အတွင်းယက်သိမ်း သိမ်းခိုင်းသည်။

အစွဲ ဆွဲ၍ ရသော်လည်း အထဲ ဆွဲမရသည်ကို သူမသိ။

ကာမသတ္တိ အပိုင်ရသော်လည်း ဗီဇသတ္တိ အပိုင်မရသည်ကို သူမသိ။

သူသိသည်မှာ ငါဆီပါ၊ ငါ့ဟာချည်းသာ။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုသို့ ထိုဒိဋ္ဌိက ထိုစိတ်ကို ငါ့ဟာအဖြစ် သိမ်းပိုက်ခိုင်းလေရာ

- လက်ထဲရောက်ကတည်းက ထိုပစ္စည်း ထိန်းသိမ်းပေး နေရပြီ။

- တစ်ဘက်ဝင် အခင်များသလောက် စောင့်ရှောက်ပေး နေရပြီ။

တစ်ဘက်အလို သူဆိုသမျှ မျှတပေးနေရပြီ။ သို့ကြောင့် ထိုဒိဋ္ဌိကပ် စိတ်ကား အရောင်မထွက် မည်းနက်လာချေပြီ။

ဒိဋ္ဌိဆိုသော ထိုတရား ကိလေသာဟူသော နယ်စားရသွားပြီ။

သံကိဒိဋ္ဌိသံကိလေသိက ဘွဲ့ထူးလည်း ဆွတ်ခူးပြီး ဖြစ်သွားပြီ။

စိတ်နဲ့ပူးယှဉ် ဒိဋ္ဌိသံယောဇဉ်ဟူ၍လည်း အမည်ခံလိုက်ရပြီ။

တစ်ဖန် . . . ထို ဒိဋ္ဌိ အာရုံစိတ်နှင့်စိတ် မချိတ်မိ၊ မတွဲမိ၊ မထိတထိဖြစ်နေသောအခါ

လောဘနှင့်စိတ် မချိန်မိ မတွဲမိ မထိတထိ ဖြစ်နေသောအခါ

ဒေါသ၊ မာန စသည် အထက်များနှင့်စိတ် မချိတ်မိ မတွဲမိ မထိတထိ ငြိနေသောအခါ စသည် . . .

အဝိဇ္ဇာသည် ငါသူ ဟူ၍ ယတိပြတ်ဖြတ်မပေးနိုင်။

တဏှာကလည်း ကောင်းမကောင်း မှတ်ချက်မပေးနိုင်။

ထိုအခါမျိုးဝယ် ချိတုံချတုံအမည်ရ ချီယူလိုက် ပြန်ချလိုက် ဝိစိကိစ္ဆာထဲ တိုးဝင်သွားချေပြီ။

ယူလိုက်မှ ထင်ပါရဲ့။ ဖြစ် . . . မထင်ပါဘူးလေ။

ပေးလိုက်မှ ထင်ပါရဲ့။ တော် . . . မထင်ပါဘူးလေ။

စသည် ငါသူစွဲ၏အတွဲ မရဲတရဲ ဖြစ်လာခြင်းမှန်သမျှ တဏှာကို အဝိဇ္ဇာငပုပ်ဖမ်းခံထားရခြင်းကြောင့် လောဘတဏှာ ဒေါသတဏှာ

http://www.dhammadownload.com



များ စိတ်နှင့်တွဲ လမ်းခွဲမပေးနိုင်ခြင်းများ၏ သင်္ကေတများတည်း။

အဝိဇ္ဇာသွေး တဏှာအပူပေးနဲလျှင် သွေးမွဲ၍ စိတ်မရဲ။

အဝိဇ္ဇာသွေး တဏှာအပူပေး အားကြီးလျှင် သွေးလည်းရဲ၊ စိတ်လည်းရဲ။

အဝိဇ္ဇာသွေး တဏှာအပူပေးလွဲသွားလျှင် သွေးလည်းမည်း စိတ်လည်းမည်း။

ထို ဝိစိကိစ္ဆာသည် မောဟ၏ လက်ခွဲဖြစ်ပြီး မူရင်း မောဟကဲ့သို့ တွေဝေနေခြင်းမျိုး မဟုတ်ဘဲ တဏှာပင်းကပြား မောဟပီပြီ၊ တွေတစ်ဝက် တွေးတစ်ဝက်မျိုးသာ။ တစ်ဖန် တက်စိတ်တစ်ခို ကျမှိတစ်ချ တက်လိုက် ကျလိုက်မျိုးသာ။

တစ်ခါက ဗြဟ္မဏဘာသာဝင် ပုရောဟိတ်ပုဏ္ဏားတစ်ဦးသည် ယဇ်ပူဇော်ရန်အတွက် သိုးငယ်လေးတစ်ကောင်ကို ချိုပိုးထမ်းယူကာ မြို့ပြင်ညောင်ပင်ကြီးရှိရာသို့ ထွက်လာခဲ့ရာ

အရက်သမားတစ်စုသည် စောစောကတည်းက ကြိုတင်သိ ကြိုငတ်ညှိထားကြသည့်အတိုင်း တစ်နေရာစီ လူစုခွဲကာ ညောင်ပင် မရောက်မီအတွင်း ငါးနေရာမှနေ စောင့်နေကြ၏။

ထိုစဉ် ပထမအသုတ်က "ပုရောဟိတ်ကြီး ခွေးကြီးထမ်း လမ်းလျှောက်နေသလား"။ ထိုသို့ ဆီးကြိုမိတ်ဆက်လိုက်ရာ ပုရောဟိတ်ကြီးသည် စိတ်ဆိုးမာန်ဆိုးဖြင့် ကျောပေါ်မှ သိုးပစ်ချကာ. . .

"ဒါလား ခွေး၊ သိုးကွ သိုး"

ပြောပြောဆိုဆိုပင် ပြန်လည်ချိုပိုးကာ ရှေ့ဆက်ထွက်လာ၏။

http://www.dhammadownload.com



ဒုတိယသုတ်ရှေ့ ရောက်သောအခါ

"ဟဟ. . ဟိုမှာ ဟိုမှာ နန်းတွင်းက ပုရောဟိတ်ကြီးရယ် ခွေးကြီးထမ်းလို့. . ."

ထိုစကား ကြားရသောအခါ နည်းနည်း သံသယဝင်လာ၏။ သို့ကြောင့် ချီပိုးလာသောသိုး ချကြည့်တော့၏။

"ခွေးကောင်လေးတွေ၊ သိုး. . ခွေးဖြစ်အောင် ပြောကြသလား . ."

ပြောပြောဆိုဆိုပင် တစ်ဖန် ချီပိုး၍ ရှေ့တိုးသွားပြန်၏။

တတိယသုတ်ရှေ့ ရောက်သောအခါ

"အမယ်လေး. . ပုရောဟိတ်တဲ့ဗျား၊ ကြည့်စမ်းပါဦးတော့ ခွေးကြီးထမ်းလို့၊ ထမ်းလို့"

ထိုစကား ကြားရလေသောအခါ ပုရောဟိတ်ကြီး ပို၍ပင် တွေဝေသွားတော့၏။ ရော်. . ခက်ချေပြီ။ ဟုတ်များ ဟုတ်လေရော့သလား ပဲ အတွေးပေါ်လာပြီ။ သို့နှင့် ထိုလူရပ်လွန် ရောက်သွားသောအခါ တစ်ဦးတည်း ချီပိုးထားရာမှ ချကြည့်ရပြန်၏။

ဒါ. . ခွေးနှုတ်သီးနှင့်တူသလား၊ သိုးနှုတ်သီးနှင့် တူသလား။ သေသေချာချာ ကြည့်လေမှ ခွေးယောင်ယောင်၊ သိုးယောင်ယောင် က ပိုဖြစ်လာ၏။

ဒါ. . ခွေးမျက်လုံးလား၊ သိုးမျက်လုံးလား။ စိုက်ကြည့်လေ သိုးတူ၊ ခွေးတူ ဖြစ်လာလေဖြင့် ပိုဆိုးလာ၏။

ဒါကတော့ သိုးမွေးထင်ပါရဲ့။ လက်ဖြင့် သပ်ကြည့်လေ ခွေးမွေး

http://www.dhammadownload.com



ထင်ရလေ ဖြစ်လာ၏။

သို့တစေလည်း ဝယ်စဉ်ကလည်း သိုး၊ အိမ်တုန်းကလည်း သိုး၊ သိုးဖြစ်ဖို့က ပိုများပါသလေဆိုကာ တစ်ဖန် ချိုပိုးကာ ရှေ့ဆက်ထမ်း သွားပြန်၏။ ထိုစဉ်

စတုတ္ထမြောက်အဖွဲ့နှင့်တွေ့သောအခါမူကား

"ဟားဟား. . ဟားဟား. . ကြည့်လိုက်ကြစမ်း သူငယ်ချင်းတို့၊ ခွေးကြီးက ပုဏ္ဏားကြီးကိုစီး ခရီးသွားနေလိုက်တာ တော်တော် ဘုန်းကြီးတဲ့ခွေး ဖြစ်ရမယ်ကွ သိလား. ."

ထိုသို့ တစ်ယောက်တစ်ပေါက် လှမ်းပြောနေကြရာ ထိုပုဏ္ဏားကြီး ရှေ့အထိပင်မရောက် ချိုပိုးထားသောသိုး ကျောပိုးထားရာမှ လွှတ်ချ ပစ်ထားခဲ့ပြီး မြို့ဘက်ပြန်လှည့် သွားသောဟူ၏။

သို့ပမာလျှင် ဝိစိကိစ္ဆာ၏ သဘောတရားသည် အာရုံတစ်ခု အပေါ် ပိုင်နိုင်ထိမိစွာ မဝင်စားနိုင်ခြင်းပင်ဖြစ်၏။

အာရုံနှင့်စိတ် မထိတထိ ဖြစ်နေချိန် အဖြစ်များတတ်၏။ တက်စိတ်နှင့်ကျစိတ် အားညီနေချိန်လည်း ဖြစ်လာတတ်၏။ ကိုယ်ပိုင် ဉာဏ်သွင်း ကင်းသူများလည်း ဖြစ်လေ့ရှိ၏။

ထို ဒွိဟတရား စိတ်သို့ လာကစားသောအခါတွင်မူကား ခန္ဓာ သွင်းနေ ဘဝင်လေ နှလုံးသွေးများကပါ အလိုက်မမှန်တော့ခြင်းများ ကြောင့် ထိုခန္ဓာရှင်၏ မျက်နှာသည်လည်း ဝင်းလက်လာလိုက် မှိန် သွားလိုက် ဖြစ်နေပြီ။ ထိုခန္ဓာရှင်၏ စိတ်သည်လည်း လန်းလာလိုက်၊ ညှိုးသွားလိုက်ဖြစ်နေပြီ။ သို့ဖြင့်ပင် ကြည်သောစိတ် နောက်လာတော့

http://www.dhammadownload.com



၏။ အေးစိတ်လည်း ပူစိတ်ဖြစ်လာတော့၏။ ဖြူစိတ်လည်း မည်းတူတူ ရောင် ထွက်လာတော့၏။ ထိုဝိစိကိစ္ဆာလည်း ကိလေသာ အမည်ထူး ဆွတ်ခူးသွားပြီး သံကိလိဋ္ဌကံကိလေသိက အမည်လည်း ထပ်ဆင့် ခံယူလိုက်ပြီ။

တစ်ဖန် ထိုသို့ ဒွိဟစိတ်ဖောက် အနှောက်များလာသောအခါ သို့မဟုတ် တက်စိတ် ထန်စိတ်များ၏ဒဏ် ခံရဖန် များလာသောအခါ သို့မဟုတ် အာရုံတို့ အငြိမရှိ၊ မိမိစိတ်ချည်း နေရဖန်များလာသော အခါ စသည်အခါမျိုးများတွင် ထိုအပူလွန်စိတ် အပူဒဏ် ခံနိုင်စွမ်း မရှိတော့ပြီ။

စိတ်မှီများလည်း အပူဒဏ် ခံနိုင်စွမ်း မရှိကြတော့ပြီ။ ထိုအခါ စိတ်များ ထိုင်းမှိုင်းပျင်းရိလာတော့ရာ ခန္ဓာတွင်း သွေးများလည်း သားတစ်များ ဆေးကြောထားရာ ရေပမာ ဖြူရာဖြူ မည်းရာမည်း၊ မွဲရာမွဲနှင့် ပျစ်ချွဲချွဲဖြစ်လာပြီ။ သွေးလည်နှုန်း နှေးကွေးလာခြင်း၊ အပူ အပုပ်များ လွှမ်းမိုးလာခြင်းများလည်း ဖြစ်လာပြီ။

ထိန - စိတ်မခိုင်ခံ့ သဘာဝတရား ထင်ရှားလာစေပြီ။

မိဒ္ဓ - စေတသိက် မခိုင်ခံ့ သဘာဝတရား ထင်ရှားလာစေပြီ။

ရံတစ်ခါ သမ်းဝေရှု ရံတစ်ခါ ငိုက်မြည်းအားကြီးလာသောအခါ ပစ်လှဲအိပ်ပေးလိုက်ရပြီ။

ကြွေးတင်ကုန်ရှုံး အကြွံတုံး ဉာဏ်တုံးသမားပမာ၊
အလုပ်အကိုင်မရှိ ပျင်းရိနေသူပမာ၊
မည်သည့်အရာမျှ စိတ်မဝင်စား အလကားနေချင်သူပမာ၊

http://www.dhammadownload.com



ထို ထိန မိဒ္ဓ သဘောတရားသည် ရထားသောဘဝ အလဟဿ ဖြင့် အချိန်ကုန်လွန်စေ၏။ ကံသုံးစုံ မည်သည့် ကံမျှ အလုပ်မဆင်း ကြတော့ရာ

လူဖြစ်က လူကံများကောစေ၏။

နတ်ဖြစ်က နတ်ကံများကောစေ၏။

တိရစ္ဆာန်ဖြစ်ပါမူကား တိရစ္ဆာန်ကံများ ထူပြောလာစေ၏။

တိရစ္ဆာန်သည် တွေဝေခြင်းမောဟမှ ပေါက်ဖွားလာသော အမျိုး ဖြစ်ရာ ထို တွေဝေစိတ်အားကြီးလေ တိရစ္ဆာန်ပြည်ကြီးနှင့် နီးလေပင်။

လူနတ်များမှာမူကား မိမိတို့သဏ္ဌာန် ဖြစ်ပွားစေသင့်၊ တိုးပွားစေ သင့်သော ကံများအားလုံး ကောနေချိန်ဖြစ်ပါမူ

လောကီကျိုး၊ လောကုတ်ကျိုး ဘာတစ်ခုမျှ မတိုးပွားပြီ။

လူ့အသိ၊ နတ်အသိ ဘာတစ်ခုမျှ မမိပြီ။

လူ့ဘဝ ရောက်လျက်က လူ့ဘဝ ပျောက်ဆုံးသွားချိန်တည်း။

ဘုရားလက်ထက်တော် ကာလတုန်းက သာဝတ္ထိနေ ရဟန်းတော် လေး တစ်ပါးသည် မိမိခန္ဓာခွင်၌ရှိသော သဘာဝအရှိနှင့် မိမိသတိ၊ အသိ၊ ဉာဏ်အထိသို့ မမိဖြစ်နေချေရာ. .

တရားအားထုတ်မှု၌ စိတ်ဓာတ်များ ကျဆင်းလာပြီ။

အားထုတ်မှုအစား အိပ်မှုကသာ များလာပြီ။

ကြာသော် မည်သည့်အာရုံမျှ ခံစားလိုစိတ် မရှိလေ။ ပျင်းရိလေ ဖြစ်လာကာ အိပ်ရာထက်မှာချည်း ခွေလှဲနေတော့ရာ အတူနေများက ဖျောင်းဖျ၏။ မရ။ အကြီးအကဲများက

http://www.dhammadownload.com



သီတင်းသုံးဖော်ချင်း အကျင့်တူ အမြင်တူ ဖြစ်မလာက အများ၏ ဆူးငြောင့်ခလုတ် ဖြစ်လာရတတ်ကြောင်းဖြင့် ဆုံးမ၏။

ကျင့်လိုသူများအတွက် ရည်စူးထားသော ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးများ အကျင့်ဗလာဖြင့် ယူငင်သုံးစားနေက အပြစ်ကြီးလေး လှကြောင်းဖြင့်လည်း ဆုံးမ၏။

ထိုအခါ ထိုရဟန်းငယ်လေး ထိတ်လန့်ခြင်း သတိ သံဝေဂအစား ကြောက်လန့်ခြင်း၊ စိတ်ငယ်အားလျော့မှုများကသာ လွှမ်းမိုးလာချေ တော့ရာ လူထွက်ရန်ကြိုးစားတော့၏။ မဖျော် ချော်စမြဲ မဟုတ်လော။

ထိုစဉ် အကြီးအကဲနှင့် သီတင်းသုံးဖော်များက ဘုရားထံမှောက် အရောက်ပို့အပ်ကြရာ ဘုရားရှင်သည် ဝနပတ္ထဇာတ်တော်ဖြင့် နောက်ကြောင်းလှန် အကြံမလျှော့ရန် ဟောတော်မူ၏။

ထိုအခါ ထိုရဟန်းငယ်လေး၏ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယအားများ နိုးထ လာချေရာ. .

ကျဆင်းစိတ်မှ တက်ကြွစိတ်သို့ ပြောင်းလဲလာ၏။ မိမိ သတ္တိဂုဏ် ပုံ၍ယုံလာသောကြောင့်. . . ။

ပျင်းရိစိတ်မှ လန်းဆန်းစိတ်သို့ ကူးထွက်လာ၏။ ဆန္ဒထူး၊ အကြီး အမှူးနေရာ ဝင်ယူလာသောကြောင့်။

ပျော့ညံ့စိတ်မှ ရဲတင်းစိတ်သို့ ကူးတက်လာ၏။ ဝီရိယာဓိပတိ နောက်အားဖြည့်လိုက်သောကြောင့်။

သည့်ပမာလျှင် ထိန မိဒ္ဓ သဘာဝတရားသည်လည်း အာရုံအမိ၊ မထိလာချိန်များတွင်လည်းကောင်း၊ အာရုံထမ်း ပင်ပန်းလွန်းအားကြီး

http://www.dhammadownload.com



ရာမှလည်းကောင်း၊ အပူအပုပ်ခိုး အထိုးကြမ်းလာရာမှလည်းကောင်း တက်စိတ်အားလုံး ဂျုံးဂျုံးကျ ကျဆင်းစေတော့ရာ

ယင်း အပူယှဉ်ခံရသောစိတ် ကြည်လင်တောက်ထခြင်း ကင်းဆိတ်သွားရပြီး မည်းရာမှ မွဲလာသည်အထိ ဖြစ်ခဲ့ရပြီ။

သတ္တဝါတိုင်း သူနှင့်မကင်း။

သူသည်လည်း သတ္တဝါတိုင်းနှင့် မကင်း။

အခြား အညစ်တရားများဖြစ်သောအခါလည်း ရှိ၏။ မဖြစ်သောအခါလည်း ရှိသေး၏။ ဖြစ်သော်မှ တာမရှည်တတ်။

ယင်းကား မအိပ်သောညဟူ၍ မရှိတတ်။ ရက်၏ ညပိုင်း တစ်ပိုင်းလုံးကိုလည်း လွှမ်းမိုးထား၏။

ယင်းကြောင့် အရှိန်ကောင်းသောလမ်းဖြစ်က တန့်စေ ရပ်စေ၏။

မြန်မည့်လမ်းဖြစ်က နှေးကွေးစေ၏။

အရှိန်ဖြင့် လျှောက်ရမည့်လမ်းဆိုက အရှိန်ပြတ်တောက်စေ၏။

သို့ကြောင့် ဤ ထိနမိဒ္ဓသဘောတရားနှစ်ပါးကိုလည်း ဤမူပိုင် အမည်ထူးများအပြင် ကိလေသာအမည် သံကိလိဋ္ဌသံကိလေသိက အမည်ပါ အများနည်းတူ ဆက်ခံခွင့်ပေးရ၏။

တစ်ဖန် အသိကံ အခံမ ါလှာကြသော တိရစ္ဆာန်များ၌ ရှက်ရ ကြောက်ရကောင်းမှန်းပင် အလျှင်းမသိတတ်ရကား

ဝက်သည် လူရှေ့သူရှေ့ မစင်စားပြ၏။

ခွေးသည် လူရှေ့သူရှေ့ မိတ်လိုက်ပြ၏။ သို့ပမာ. . .

တိရစ္ဆာန်အားလုံးတို့သည်လည်း ရှက်စရာ ကြောက်စရာဟူ၍

http://www.dhammadownload.com



ဘာဆို ဘာမျှ မရှိကြတော့ပြီ။

အသိကာ် အခံပါလှာကြသော လူသားများသော်မှ

အကြိုက်နယ်လွှန် ကြိုက်သွေးများ မွှန်လာသောအခါ မရှက်တတ်။

အငိုက်လွှမ်းဖုံး မိုက်သွေးချည်းလုံးလုံး ဖြစ်သွားသောအခါ မရှက်တတ်။

အငတ်ဖိစီး အကြိုက်မီးကြီး တောက်နေသောအခါလည်း မရှက်တတ်။

တစ်ဖန်လည်း. . .

ဒေါက်သလွှန်ကဲ သွေးမည်းများ ထူထဲလာသောအခါ မကြောက်တတ်။

မာနလွှန်ကဲ တက်သွေးများ ရဲလာသောအခါလည်း မကြောက်တတ်။

ရာဂလွှန်ကဲ မုန်းသွေးများ ရွှဲလာသောအခါတွင်လည်း မကြောက်တတ်။

သို့ကြောင့်ပင် ထို မရှက်တရား မကြောက်တရားများသည်လည်း တက်သွေးများကို ဖန်တီးတတ်သော လောဘ၊ ဒေါသ စသည်များ၏ လက်ပါးစေ ရှေ့ထွက်များအဖြစ်သို့ ရောက်လာကြရသည်။

အငေ့အဝိုက်၏ နိယာမအရ နောက်လိုက်က ရှေ့သွား ဖြစ်နေစေသည့်ပမာတည်း။

ယင်းတရားနှစ်ပါးသည် ကမ္ဘာဖျက်လက်နက်ကြီးနှစ်ခုဟူ၍

http://www.dhammadownload.com



ဆရာမြတ်တို့ ကင်ပွန်းတပ်ခဲ့ကြ၏။

ရှုက်နေသူ မကောင်းမှု ဘာတစ်ခုမျှ မပြုဝံ့။

ကြောက်နေသူ မကောင်းမှု ဘာတစ်ခုမျှ မပြုဝံ့။

တစ်လောကလုံး လူရော တိရစ္ဆာန်များ၌ပါ ထို အရှက် အကြောက် တရားနှစ်ပါး ထွန်းကားနေကြပါမူ သုံးဆယ့် တစ်ဘုံထဲမှ အောက်လေးဘုံ ပြုတ်ကျသွားစရာရှိသည်။

ယခုသော်. . လူသည်ပင် တိရစ္ဆာန်ဉာဉ်တစ်ပိုင်း အဝင်ခံ နေကြရရာ မရှက်တမ်းတရား၊ မကြောက်တမ်းတရား နှစ်ပါးတို့ကသာ လူတကာ၏စိတ် အတို့အဆိတ် ခံနေကြရသည်။

နာဒရဇာတ်တော်လာ အင်္ဂတိအမည်ရ ဘုရင်ကြီးသည် ကျင့် ကားကျင့်၏။ သို့သော် အရှေ့အနောက် ထွင်းဖောက်မြင်နိုင်စွမ်း မရှိသော တက္ကဒွန်းထံ ချဉ်းကပ်မိစဉ်. . .

ဘဝဟူသည် နောင်လည်းမရှိ ယခင်လည်းမရှိ ယခုမျှသာရှိ၏၊ သို့ကြောင့် ဘာလုပ်လုပ် အကျိုးမရှိ။ အတိတ်ခံ လက်ကျန်ကျိုး မရှိ သလို၊ ပစ္စုပ္ပန်အခံ နောင်အတွက် လက်ကျန်ကျိုးလည်း ရှိလိမ့်မည် မဟုတ်။

ဤဒြဝါဒစကားကိုလည်း နာကြားလိုက်ရ၏။ တစ်ဖန် တက္ကဒွန်း အနီးနေ တက္ကဒွန်း အလုပ်ကျွေးပြုကလည်း ယခင်ဘဝက ကောင်းမှု များ မည်သို့မည်ပုံ ပြုလာရပြီး ယခုသော် ဆင်းရဲနေရပုံ ကြားဝင်၍ လျှောက်အတင်. . .။

တစ်ဖန် အတူပါလှာသော စစ်သူကြီးကလည်း ယခင်ဘဝက

http://www.dhammadownload.com



မည်သို့မည်ပုံ သူတကာအသက် သတ်ဖြတ်ဖျက်ဆီးခဲ့သော်လည်း ထိုအပြစ်ကားမရ။ အပြစ်မကျသည့်အပြင် ယခုဘဝ စစ်သူကြီးပင်လာဖြစ်ရပုံ ကြွားဝင်၍ လျှောက်အတင်. . ။

ဟင်. . သည်လိုဆို. .

ထို အင်္ဂတိမင်းကြီး ထိုတက္ကဒွန်းထံမှ ပြန်ခဲ့ပြီးချိန်၏ နောက်ရက်များမှ စတင်ကာ. .

ကာမေသု မိစ္ဆာကွက် ဦးစွာဖောက်ဖျက်တော့၏။ ထို့နောက် တစ်နွယ်ငင်တစ်စင်ပါနှုန်းအတိုင်း မူးယစ်သောက်စားခြင်း စသည် အရှက်ထိန်း၊ အကြောက်ထိန်း အားလုံး သိမ်းကျုံးချိုးဖျက်ကာ အသုံးပြုတော့ရာ. . .

လူရှေ့ဟူ၍လည်း ရှက်ရကောင်းမှန်း သတိမရပြီ။

နောင်အတွက်လည်း ကြောက်ရကောင်းမှန်း သိခွင့်မရပြီ။

အယူတစ်ခုမှား တရားလက်လွတ် လူ့ကျင့်ဝတ် ပျက်စေပြီ။

အရှက်မဲ့ အနှဲ့ပေါ်တတ်၏။

အကြောက်မဲ့ အဖွဲ့ပေါ်တတ်၏။ သို့ပမာလျှင်

ဤ အဟိရိက အနောတ္တပ္ပ သဘာဝတရားနှစ်ပါးကလည်း အယူမှား (အမြင်မှား)များကို ကြားခံထားလျက်က အကြိုက်ကြီး လောဘစသည် ရှေ့ပြေးများအတွက် နောက် ဝင်ပေးရပြီး ထိုရှေ့ပြေးများ လုပ်သာကိုင်သာရန်အတွက်ကိုကား ယင်းတို့ကပင် ရှေ့ထွက်လုပ်ပေးရပြန်သည်။

အရှက်ကြောက်နည်း၍ ရာဂအားကြီးသည်။

နတ်တာလူစာစဉ်

http://www.dhammadownload.com



ရာဂအားကြီးလွန်း၍လည်း အရှက်အကြောက် နည်းရပြန်သည်။

သည့်အတူ ထို ကိလေသာ ဆယ်ပါးစလုံးလည်း မည်သည့် အရာသည် အမြဲရှေ့က၊ မည်သည့်အရာကား အမြဲနောက်ကဟူ၍ ပုံသေမရှိတတ်။

သူဦး သူဝင်၊ ငါဦး ငါအရင်သာ။

တစ်ဦးဝင် အားလုံးရှုပ်၊ ဝိုင်းကြီးချုပ်ပမာသာ။

တစ်ဖန် ထိုဆယ်ပါးစလုံးတို့တွင် သတ္တဝါသဏ္ဍာန်တွင်း ကပ်ချည်းကြရာ၌

အစသည် မသိစိတ်နှင့် ကြိုက်စိတ် အဝိဇ္ဇာတဏှာအရင်းခံ။

အဆုံးသည် အရှက်မဲ့၊ အကြောက်မဲ့ အဟိရိက အနောတ္တပ္ပ အဖျားခံ၊ သို့မဟုတ် စိတ်ကို စည်းရုံးရာကျ အဝိဇ္ဇာတဏှာ မူလနှစ်ပါးက။ ကိုယ်ကို လှုံ့ဆော်ခိုင်းရာကျ အဟိရိက အနောတ္တပ္ပတို့က။

သို့ဖြင့်ပင်. . .

သတ္တဝါတိုင်း၏စိတ် အမဲရိပ် အထိုးခံနေကြရှာပြီ။

သတ္တဝါတို့၏ဘဝ ယင်းတို့ကိုလျှင် မှီခိုနေကြရပြီ။

တစ်ဖန် ယင်း ထိုဆယ်ပါးတို့ကပင်

မီး (၁၁)မီးများကိုလည်း ကိုယ်ပွားအဖြစ် ဖန်ဆင်းပေးထားကြပြန်၏။

သံယောဇဉ် (၁၀)ပါးကိုလည်း ကိုယ်ပွားအဖြစ် ဖန်ဆင်းပေးထားကြပြန်၏။

သည်မျှသာမကသေး. . အာသဝ၊ ဩဃ၊ ယောဂ၊ ဂန္ထ စသည်

http://www.dhammadownload.com



အယုတ်တရားများကိုပါ သူ့ဆိုင်ရာ ဆိုင်ရာများဖြင့် ဖွဲ့စည်းပေးထား ကြပြန်သေးသည်။ ထိုသတ္တဝါများ မည်သို့လျှင် သူတို့လက်က လွတ်မည်နည်း။

သတ္တဝါတို့၏ တံခါးတိုင်းမှာ သူတို့ပါ၏။

သတ္တဝါတို့၏ စိတ်ထားရာတိုင်းမှာ သူတို့ပါ၏။

သတ္တဝါတို့၏ သွေးသားတိုင်းမှာ သူတို့ပါ၏။

မမြင်လိုက်နှင့်။ လိုလျှင်လို၊ မလို မုန်းထားလိုက်မှာချည်း။

မကြားလိုက်နှင့်။ ကြိုက်လျှင်ကြိုက်၊ မကြိုက် တိုက်ခိုက်ရမှာချည်း။

ဤနည်းဖြင့်ပင် သတ္တဝါတို့၏ စိတ်ကလေးသည် တပ်မကြီး တစ်ခုထဲ တစ်ယောက်တည်းသော သုံ့ပန်းပမာ. .

တစ်ခုက ခိုင်း၊ ထိုတစ်ခု၏ အလိုကျအတိုင်း လိုက်လုပ် ပေးနေရ၏။

တစ်စုက ခိုင်း၊ ထိုတစ်စု၏ အလိုကျအတိုင်း လိုက်လုပ် ပေးနေရ၏။

တစ်အုပ်လုံးဝိုင်းခိုင်း၊ ထိုတစ်ခုလုံး ခိုင်းတိုင်းလိုက်လုပ် ပေးနေရ၏။

- တစ်ကြိမ်တည်းလည်းမဟုတ်၊ တစ်ခုတည်းလည်း မဟုတ်။
- တစ်ရက်တည်းလည်း မဟုတ်၊ တစ်ဘဝတည်း လည်း မဟုတ်။

ကြာသော် စိတ်သဘာဝပျောက် သူတို့သဘာဝချည်း အရောင် ပေါက်နေချေရာ. . .

နတ်တလူစာစဉ်

http://www.dhammadownload.com



နေလနှစ်ပါး ရှိ၍သာ တော်သေး၏။ နေလကွယ် အဘယ်သို့နှယ် နေကြလေမည်မသိ။

ကြက်ကဲ့သို့ တန်းဆင်းတန်းတက် ယက်ရှာနိုင်သေး၍သာ တော်သေး၏။

အင်္ဂါစုံ အကုန်ပျက် အဘယ်သို့ ခရီးဆက်ကြရမည် မသိ။

စိတ်ကို ညစ်နွမ်းစေတတ်သော သဘာဝတရားသည် ကိလေသာမည်၏။

စိတ်ကို ပူပန်စေတတ် နှိပ်စက်တတ်သောတရားသည် ကိလေသာမည်၏။

ဘဝနှင့်ခန္ဓာကိုကား စိတ်ဦးဆောင်၏။ ထို ဦးဆောင် စိတ်ကမှ ပိန်းပိတ်အောင် မှောင်နေလေသောအခါ ဘဝကား အမှောင်အတိသာ။

❖ ❖ ❖

http://www.dhammadownload.com

http://www.dhammadownload.com

ကိလေပျော်ရာ ကံကြမ္မာကား

ကမ္မမှလာသော ကံသည် ကိလေသာတို့၏ အလိုကျ အမှုကို ဆောင်ရွက်ပေးကြရ၏။ ထိုစဉ်. . .

စိတ်ကို စိတ်ကိုလည်းမှီ၊ စိတ်ကိုလည်း တုတ်ချည်ခိုင်းစေ နေတတ်သော စေတသိက်များက ကြိုးကိုင်၏။

ဝေဒနာကား ခံစားသိကို ဖြစ်စေပြီး ခံစားစိတ်ဖြင့် လမ်းပြနေရာယူ၏။

သညာကား မှတ်သားသိကို ဖြစ်စေပြီး မှတ်သားစိတ်ဖြင့် ရှာဆော်နေရာယူ၏။

စေတနာဦးဆောင်သော ကျန်(၅၀)တို့ကား အလုပ်သမားခေါင်း

နတ်တလူစာစဉ်

http://www.dhammadownload.com



နှင့် အလုပ်သမားများနေရာကို ဝင်ယူလိုက်ကြ၏။

ကိုယ်ကို ကိုယ်ကိုလည်းချီ၊ ကိုယ်ကိုလည်း တုတ်ချည်ခိုင်းစား နေတတ်သော စိတ်ကပင် ကြိုးကိုင်မည်။ သို့ကြောင့်. . .

စေတနာ သင်္ခါရအားလုံးသည် ကံကို ဖြစ်စေ၏။

စိတ်သည်လည်း ကံကို ဖြစ်စေ၏။

ထိုကံကား. . .

စေတနာဖြင့် ကျူးလွန်ရာ မနောကံ၊

စိတ်ဖြင့် ကျူးလွန်ရာ ကာယကံ၊ ဝစီကံ။

သို့မဟုတ် စိတ်စေတနာတို့ဖြင့် ကျူးလွန်ကြရာ ကာယကံ၊ ဝစီကံများ။

တစ်ဖန် ထိုကံများမှပင်

လေးလံလွန်းလှသောကံ (ဂရုကံ)

ပေါ့ပါးသောကံ (လဟုကံ)

မပြတ်လေ့ကျင့်ထားသော ကံ (အာစိဏ္ဏကံ)

ရုတ်တရက် ဝင်ရောက်လာသောကံ (အာသန္နကံ)

ဤသို့ လေးမျိုးကွဲနေပြန်ချေရာ

စိတ် စေတနာများကလည်း ထက်လွန်းအားကြီးနေမည်။

တစ်ဘက်အာရုံကလည်း စွဲဆောင်အားကြီးမားနေမည်။

ထိုအခါမျိုးများ၌ ဂရုကံအဖြစ်များလာတတ်ပြီး၊ စိတ် စေတနာတို့ သာမန်ချိန်များ၌ လဟုကံကသာ ဦးစီးသည်။ စိတ်စေတနာမဲ့သော အရာများ၌ကား အဟောသိကံသို့ ကျရောက်မည်။

နတ်တလုစာစဉ်

http://www.dhammadownload.com



အခါတစ်ပါး. . . . မေတ္တာဘာဝနာ ပွားများလိုသော သူကြွယ်က သူကိုးကွယ်နေစရာကား မည်သူ့အဓိကထား ပွားရပါမည်နည်း မေးရာ ထိုဆရာက အချစ်ဆုံးကိုဟူ၍ ညွှန်လိုက်၏။

ထိုစဉ် အိပ်ရာဝင်ခါနီး အချစ်ဆုံးတွေးကြည့်ရာ တစ်ဘက်ခန်း၌ အိပ်မောကျနေသော မယားကို လှမ်းမြင်လိုက်ရ၏။

သို့နှင့် မယားပုံ အာရုံယူ၍ မေတ္တာပွားများရာ အစသော် ပုံရေးရေးမျှ ကြာသော် အထင်ကရ ဖြစ်လာစေတော့၏။

ထင်သည်ထက်. . . . ထင်၊

မြင်သည်ထက်. . . . . မြင်၊

ထိုပုံ၊ ထိုအာရုံက မိမိစိတ်ကို ညှို့ဆွဲ ဆွဲနေသော အခါတွင်မူကား အတွေးမှ အတွေးပေါက် ထပြေးချင်လောက်အောင်ဖြစ်လာပြီ။ စေတနာတွေ ဒလဟော ထပြေးချင်စိတ်လည်း ပေါက်လာပြီ။

ထိုမှတစ်ဆင့် နေမရ ထိုင်မရဖြစ်ပေါ်လာသောအခါ တစ်ညလုံးလုံး မယား၏အိပ်ခန်း ဦးခေါင်းနှင့် တိုက်လျက်ကသာ အချိန်ကုန်ဆုံးရသောဟူ၏။

တစ်ဖန် အာစိဏ္ဏကံနှင့် အာသန္နကံ နှစ်မျိုးတွင်လည်း မိမိ၏ ညဉ်စရိုက် ဝါသနာများ အထုံများစွာပါဝင် မပြတ်လေ့ကျက်ခြင်း အာစိဏ္ဏကံ အဖြစ်များတတ်ပြီး သူတစ်ပါး တိုက်တွန်းလွန်းအားကြီးသောကြောင့်ဖြစ်စေ အားနာ၍ဖြစ်စေ၊ အတုမြင် အတတ်သင်လိုမှုကြောင့် ဖြစ်စေ၊ ပြုကျင့်ရာများ၌ကား အာသန္နကံခေါ် ရုတ်တရက် အနီးကပ်ကံက ဦးစီးသည်။

http://www.dhammadownload.com



သောန တောင်နေ ရဟန္တာအရှင်သောန၏ ခမည်းတော်သည် မုဆိုးအဖြစ်ဖြင့်သာ တစ်သက်လုံး အသက်မွေးခဲ့သူဖြစ်၏။

အသက်ကြီးရင့်လာသော် သား၏အဆုံးအမကြောင့် ရဟန်းအဖြစ် ကူးပြောင်းကာ ထိုသောနတောင်၌ပင် သီတင်းသုံး၏။ သေချိန်ရောက်လာပြီ။

ထိုအခါ ယင်းမပြတ်လေ့ကျင့်ထားသော ကံများက အလုအယက် ငရဲဘက်ခေါ်ရန်

ကမ္မနိမိတ်(မိမိပြုခဲ့ပုံ) ပုံ၍ သိမ်းသွင်းခြင်း၊

ဂတိနိမိတ်(မိမိခံရမည့်ပုံ) ပုံပြ၍ သိမ်းသွင်းခြင်း၊

သို့ကြောင့် ငရဲနိမိတ်များချည်း ထင်ပေါ်လာချေတော့ရာ . . .

သားရဲ့ ကယ်ပါဦး၊ ခွေးနက်ကြီးတွေက လာဆွဲနေကြပြီ။

သားရဲ့ လုပ်ပါရဲ့၊ ငရဲထိန်းများက အတင်းဆွဲခေါ်နေကြပြီ။

ထိုစဉ် အရှင်သောနသည် ဤကဲ့သို့သော ရဟန္တာတစ်ပါး၏ ဖခင်သည် ငရဲပြည် မသွားစေရဆိုကာ သောနတောင် ဘုရားရှေ့ သက်နိုးသပိတ် စသည် လှူရန်များ စနစ်တကျစီမံစေ၏။

ဖခင်ဘုန်းကြီးကိုလည်း ခုတင်ဖြင့် ထမ်းစေကာ ထိုဘုရားရှေ့ ခေါ်ဆောင်လာစေ၏။ ရောက်သောအခါ ထိုအရှင်သည် ဖခင် ရဟန်းကြီးအား ရည်စူးလှူထားသည်များကိုလည်းပြ၍၏။ ကိုယ်တိုင် လှူ၊ ကိုယ်တိုင် သာဓု ခေါ်ရန်လည်း တိုက်တွန်း၏။

သို့ဖြင့် ထိုရဟန်းအိုကြီး မိမိလှူရန်အတွက် အသင့်ပြင်ထားသော၊ ပစ္စည်းများနှင့် အလှူခံဘုရား စိတ်ဝင်စားလျက်ကပင် . . .

http://www.dhammadownload.com



လှူဒါန်းပါ၏။ သာဓု. . . သာဓု။

ထိုနှင့် မရှေးမနှောင်းမှာပင် အာရုံအပြောင်း နိမိတ်ကောင်းလည်းပေါ် အသက်လည်းကုန်သွားရာ ထိုရွှတ်တရက် အနီးကက တာဝတိံသာစံအဖြစ်သို့ ထိုးပို့လိုက်ပြီ။

သို့ကြောင့် ဤကံလေးမျိုးတို့သည်
မနောကံကိုလည်း ဖြစ်စေကြမည်။
ဝစီကံကိုလည်း ဖြစ်စေကြမည်။
ကာယကံကိုလည်း ဖြစ်စေကြမည်။

ထိုကံသုံးမျိုး တစ်မျိုးမျိုးဖြစ်ပေါ်လေတိုင်း ဤကံလေးမျိုးတစ်မျိုးလည်း ပါဝင်နေတတ်မြဲပင်။

ထိုကံ လေးမျိုးကဲ့သို့ပင်
ကာယ၊ ဝစီ၊ မနောတို့ကို ဖြစ်ပေါ်လာစေသောကံ၊
ဖြစ်ပေါ်လာပြီးကံများကို အထောက်အပံ့ပေးသောကံ၊
ဖြစ်ပေါ်ပြီး ကံနှင့် ဆန့်ကျင်ဘက်ကံများကို ညှင်းဆဲပေးသောကံ၊
ဆန့်ကျင်ဘက် အညှင်းခံကံများကို ဖြတ်တောက်ပေးသောကံ၊
မိမိကံများ အကျိုးသက်ရောက်စေသောကံ၊

တစ်ဖန် စသည် ကံအမျိုးမျိုးတို့ကလည်း ဤကံသုံးမျိုးတို့ကို အမြဲဖြစ်ပွားစေခဲ့ကြသည်။

သို့ကြောင့်လျှင် သတ္တဝါတိုင်း ကိုယ့်ခေဆော့လျှင်ဆော့၊ ကိုယ်မဆော့ နှုတ်ဆော့နေပြီ။ ကိုယ်နှုတ်ငြိမ်သော်မှ စိတ်ကား အမြဲကစား

http://www.dhammadownload.com



ပေးနေကြရပြီ။

ကံအားနေသော အချိန်ဟူ၍ ဘယ်အခါမှ မရှိတတ်။

ကံအလုပ်မလုပ်သော အရာဟူ၍လည်း ဘယ်အခါမှ မရှိတတ်။

ဘုံလုပ်ငန်းမှန်သမျှ တစ်ခုမဟုတ်တစ်ခုလုပ်ရမြဲ။

အိပ်ပျော်နေသည်ကပင် တိရစ္ဆာန်ဘုံလုပ်ငန်း လုပ်ကိုင်နေခြင်း မဟုတ်လော။

ထိုသို့ လုပ်ရာ၌

စိတ်စေတနာ အဆံတင်းသောအခါ အကျိုးပေးကံသို့။

စိတ်စေတနာ ကင်းစဲနေသောအခါ အဟောသိကံ အရာသို့။

သည်မျှသာ ကွာ၏။ ကံကား ကံအရာချည်းပင်။ မွေးကင်းစမှ သည် သေအထိ ကံနှင့် မကင်းကြရပြီ။

ထိုစဉ် လူ့ဘဝ အသုံးပြုနေကျ အာရုံများအပေါ် ကြိုက်ရကောင်းမှန်း၊ မုန်းရကောင်းမှန်း မသိတတ်ချိန်သည် လူဖြစ်သော်ငြားလည်း လူအလား မကျက်စားတတ်သေးသဖြင့် လူလားမြောက်မဆိုရသေး။ ထို လူလားမမြောက်မီ၏ ကံများကလည်း

စိတ်၏အား အသုံးချ ဖွံ့လုံ့လ၊

စေတနာ၏ တွန်းအားပို့ ပယောဂ၊

ထို လုံ့လ၊ ထိုပယောဂများ မလေးနက်သေးရကား အဟောသိကံ ထဲသို့သာ ကံဆင်းများမည်။

လူလားမြောက် လူ့အရာဝင်ချိန်သော်မှ အသိမဲ့ စေတနာမဲ့ချိန်၊ ခံစားမဲ့ မှတ်သားမဲ့ချိန်များ၌ ပြုကျင့်မိသောကံများ ပေါ့သော အကျိုး

http://www.dhammadownload.com



ပေးအထိ အရာမရောက်တော့သော ကံအဖြစ်ရောက်သွားစေတတ်သည်။

လူသားတိုင်း ခြေလျင်ခင်း မြေနင်း၍ ခရီးသွားလာရချိန် မြေပေါ်နေပိုးမွှားလေးများအား မည်မျှနင်းသတ်မိမည်မသိ။

တစ်ဖန် အိပ်မောကျချိန်များ၌လည်း သွေးဝနေသော ကြမ်းပိုး၊ သွေးဝနေသဖြင့် မပျံတော့သောခြင် ဘယ်နှစ်ကောင်ဖိသတ်ပစ်မိလေမည်မသိ။

ထိုကံများ ဂရုကံသို့ မရောက်နိုင်။ နိုးသော လူသားများသော်မှ လူသားနိုး၍ ကိလေသာ မထတော့သော အရိယာများ၏ ဆိုးကံ (ကောင်းကံ)များ လေးပိလာခြင်း၊ အကျိုးပေးခြင်းအထိ မရောက်ကြပြီ။

ထိုကိစ္စ စက္ခုပါလ ရဟန္တာအရှင်မြတ်ကြီးနှင့် မုဆိုးမယားသော တာပန်မများက သာဓကဆောင်ထားခဲ့ကြလေပြီ။

သာဝတ္ထိနေ စက္ခုပါလ ရဟန္တာအရှင်မြတ်သည် မိုးဦးကျ၏ ညများတွင် မိမိ၏ကျောင်းရှေ့ဝယ် စင်္ကြံကမ္မဋ္ဌာန်း စီးဖြန်းရာ လမ်းပေါ်မှာရှိနေကြသော ပိုးဖလံကောင်လေးများ တက်အနင်းခံကြရပြီး သေကျေပျက်စီးခြင်းသို့ ရောက်ကြရရှာ၏။

နေ့များတွင် အဝေးဒေသများမှ ဘုရားရှင်များအား အဖူးလာကြကုန်သော ရဟန်းတော်များ ကျောင်းစဉ်လျှောက်၍ ကြည့်ကြရာ ထိုအခြင်းအရာကို မြင်သွားကြရာမှ ထိုအရှင်အား အပြစ်ပြ၍ စွပ်စွဲကြ၏။ ဘုရားရှင်အားလည်း သွားရောက်လျှောက်ထားကြ၏။

http://www.dhammadownload.com



ထိုအခါ ဘုရားရှင်က ထိုရဟန်းကြီး၌ မျက်စိအလင်း ကင်းသဖြင့်လည်းကောင်း၊ ရဟန္တာအဖြစ်သို့ ရောက်နေသဖြင့်လည်းကောင်း၊ သတ္တဝါဟူသော အသိအမှတ်လည်းမရှိ၊ သေစေလိုသော စေတနာလည်းမရှိ၊ သို့ကြောင့် အပြစ်မသင့် မိန့်၏။

တစ်ဖန် မုဆိုး၏ မယားဘဝရောက်ရရှာသော သောတာပန်မ၏ လင်သွားလျှင် အသင့်ဖြစ်ရန် လေးမြှားစသည်များကို အဆင်သင့်ထားပေးခြင်းအပေါ်

'ဒါ သောတာပန်တဲ့လား'။

'သောတာပန်က သူ့အသက်သတ်ဖို့ ကူညီသတဲ့လား' သို့ ကဲ့ရဲ့ကြ၊ စွပ်စွဲကြ၊ ပုတ်ခတ်ကြလေရာ ထိုစကားလည်း ဘုရားနားတော်မှောက်ရောက်လေ၏။ ထိုအခါ. . .

-အပေါက်အပြဲ မရှိသောလက်ဖြင့်၊

-အဆိပ်ကို ကိုင်သော် အဆိပ်ဒဏ်မသင့်။

သည့်ပမာ သူ့၌ မုဆိုးမယားဖြစ်သဖြင့် မယားဝတ္တရား ကျေပွန်ရုံသာ ရှိ၏။ သူတစ်ပါး သေစေလိုသော ဆန္ဒမရှိ။ သို့ကြောင့် သူ့အား အားပေးအားမြှောက်အရာရောက်သော အဖြစ်ဖြင့် မစွပ်စွဲသင့် မိန့်၏။

သို့ကြောင့် ကံအဖြစ်သို့ တက်ရောက်လာတိုင်း ကံအောင်ချည်းမဟုတ်ချေ။ စိတ်အသိအမှတ်ပြုကလည်း အားကြီးမှ၊ စေတနာထားကလည်း အားကြီးမှသာ ရေအောင်မိုးအောင် အဆံပြည့် အရာဝင်ပြီ။ ယင်းနှစ်ပါး အားမပါချေက အဆံကင်း အဖျင်းအရာဝင်တော့သည်။

http://www.dhammadownload.com



-စိတ်စေတနာ နှစ်ပါးသည်
-တံထူထောင်ရာ၌ ခေါင်ချုပ်နှစ်ပါးတည်း။

❖ ❖ ❖

http://www.dhammadownload.com

http://www.dhammadownload.com

အထက်ကံ အောက်ကံ တာဝန်ခံ၍

ကိုယ်နှုတ်နှလုံးသုံးပါးစလုံးတို့ကို ကံကြီးဖြစ်စေ၊ ကံသေးဖြစ်စေ မပြတ်ကျင့်စေ၊ အနီးပိတ်သွင်းစေ စသည်ဖြင့် အမိန့်ပေးစေခိုင်းလျက်ကပင်. . . .

အချို့ သတ္တဝါများအတွက် ကံကောင်း၊

အချို့ သတ္တဝါများအတွက် ကံဆိုး၊

ပြုကျင့်စေကြရာတိုင်းတို့၌ ထိုသတ္တဝါတို့၌ရှိသော

ရုပ်သည်ကား ဘာဆိုဘာမျှ မသိတတ်။

စိတ်သည်ကား သိတတ်ရုံမှတစ်ပါး အခြားသတ္တိမရှိ။

ထိုမသိသောရုပ်နှင့် သိသောနာမ်များကို စိတ်ကိုလည်းမှီ၊ စိတ်ကိုလည်း ချည်တုပ်ခိုင်းစားတတ်သော စေတသိက် အမည်ရ သခင်ရ

http://www.dhammadownload.com



လုပ်သားကြီး (၅၀)တို့က ကိုင်တွယ်အသုံးချပေးကြရ၏။

ထိုစဉ်

(က) ကောင်းကံမှန်သမျှကို သောဘနအုပ်စု (၂၅)ပါးတို့က အဓိက တာဝန်ခံမည်။

(ခ) ဆိုးကံဖန် မှန်သမျှကိုကား အကုသိုလ်အုပ်စု (၁၄)ပါးတို့က အဓိက တာဝန်ခံမည်။

(ဂ) အခြားအကျွဝင် အညသမန်းအုပ်စုဝင် (၁၁)ပါးတို့က အရံပါဝင်မည်။

သို့ဖြင့်ပင် ထို (၅၀)သော လုပ်သားကြီးများသည် ဆိုင်ရာ ကိုယ်နှုတ်စိတ်တို့ကို အသုံးချလျက်က. . .

ကြီးလေးသော ကံကြီးများကိုလည်း တည်ဆောက်ကြမည်။

သေးငယ်သော ကံဖျင်းများကိုလည်း တည်ဆောက်ကြမည်။

အချို့မပြတ်၊ အချို့နီးမှ ကပ်သွင်းလည်း ပြုမူပေးကြမည်။

တစ်ဖန် ဆိုင်ရာ ကိုယ်နှုတ်စိတ်များကို လှုပ်ရှဲမျှတို့ လှုပ်ပေးခြင်း

လှုပ်သောကံ အရှိန်မပြတ် ဆက်ရန် ထောက်ပံ့စေခြင်း

ကံသွားကိုထားသော တစ်ပါးကံအား အားသေးရန် ပြုပေးစေခြင်း၊

အားသေးသွားသော ထားကံအား ဖြတ်တောက်ချပေးစေခြင်း၊

ဤနည်းများကိုလည်း ထိုသင်္ခါရအုပ်စုက ပြုပေးသေး၏။

-သို့ဖြင့်ပင် အချို့အထက်ကံများ အစီအရီပေါက်နေကြပြီ။

-သို့ဖြင့်ပင် အချို့အောက်ကံများ အစီအရီပေါက်နေကြပြီ။

ကန်တွင်းရေဖွေး ငါးမွေးရန်သာ ကျန်တော့သည်။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုသို့ ကောင်းကံ၊ ဆိုးကံ စီမံကြရာ၌ သတ္တဝါတို့၏ သန္တာန်ရှိ စိတ်သည် သက်သာသည်ကိုသာ ကြိုက်နှစ်သက်တတ်ခြင်း၊ မကောင်းမှု၌သာ မွေ့လျော်တတ်ခြင်း၊ အာရုံစဉ် အခင်အမင်များခြင်းတို့ကြောင့် သင်္ခါရအုပ်စုထဲမှ ခေါင်းဆောင်ဖြစ်သော စေတနာသည် အကုသိုလ်တို့၏ ထိပ်သီးဖြစ်သော လောဘကို ချည်းသာအလုပ်အပ်ရသည်က များ၏။

ကောင်းကံများကို တာဝန်ခံကြရသော (၂၅)ပါးတို့တွင်လည်း ကောင်းရာလုပ်လျှင် ကောင်းရာဖြစ်သည်။

ဆိုးရာလုပ်လျှင် ဆိုးရာရမည်။

ဤ ကံယုံ သဒ္ဓါလောက်ကိုသာ အညသမန်းအုပ်စုထဲမှ ဆန္ဒနှင့် တွဲကာ ကာမစ္ဆန္ဒအရာဖြင့် တာဝန်ခံအပ်နှံခွင့်ရ၏။

အခြားချမ်းသာကိုဖြစ်စေသော တာဝန်ခံ၊ ဉာဏ်ကိုဖြစ်စေသော တာဝန်ခံဖြစ်သည်။ သတိဦးစီးသော အမောဟ၊ ပညာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ သမ္မာဝါစ၊ စသည်များနှင့် ဟိရိဩတ္တပ္ပများကား အစားအရာ ကြားဖူးရုံမျှသာ ပြုခွင့်ရကြဦးမည်။

ဘာဆိုဘာမျှ သိမြင်ခြင်း မရှိတော့သဖြင့် အန္ဓ၊

မောဟလိုက် မိုက်လွန်းအားကြီးနေသဖြင့် ဗာလ၊

စိတ်ညစ်စရာများချည်း စုစည်းထားနေတော့သဖြင့် ပုထုဇဉ်။ ထိုဘွဲ့ထူး ဂုဏ်ထူးကြီး သုံးခုနှင့်နေသော သတ္တဝါအများထုထဲ၌ ထိုကောင်းစု တာဝန်ခံများ ပွဲမတိုးပြီ။

ဘွဲ့ထူး သုံးမျိုးပိုင်ရှင် ထိုသတ္တဝါများစွာတို့၏ အမြဲပွဲတောင်းခံကြ

http://www.dhammadownload.com



ရသော စိမ်ခန့်ခွဲရေးသမားများကား

မောဟသည် လှူယုံတော်နေရာတွင် ထားခံရပြီး ထိုသတ္တဝါများ ကိစ္စအဝဝ လိုက်ပါပြုကျင့်ခွင့် အပေးခံရ သည်။

ဒေါသသည် လှူမိုက် အားကိုးနေရာတွင် အထားခံရပြီး လောဘ အကြိုက် မလိုက်လျှောရာ အားလုံးတို့ကိုတိုက်ခိုက်ရာ၌ တာဝန် အပေးခံရသည်။

ထိုအရင်းခံ သုံးမျိုးတို့နှင့် ခွဲမရ ခွာမရ သားသမီးများအရာ ရကြလေသော မာန၊ ဒိဋ္ဌိ စသည် ကျန်အကုသိုလ်ကံ ဖန်တီးရေးသမား များလည်း အထူးရေပန်းစားကြသည်။

ယင်းတို့နှင့်အတူ၊

ယင်းတို့မြူ မြူသလို ပါတတ်သော၊

ယင်းတို့သွားရာ လမ်းပြအဖြစ် ပါတတ်သော၊

မည်သည့် စိတ်နှင့်မဆို ဝင်ဆန့်သည်။ အုပ်စုထဲမှ. . .

စေတနာ -နှိုးဆော်ပေးခြင်း၊ နောက်ပင့်ပေးခြင်းသဘော၊

ဧကဂ္ဂတာ -အာရုံဝတ္ထုတစ်ခုအကြား သွင်းထားပေးခြင်းသဘော၊

ဇီဝိတိန္ဒြေ -ရုပ်သက်၊ စိတ်သက်များ ဆက်ပေးနေခြင်းသဘော၊

မနသိကာရ-အာရုံဝင် ဆင်ခြင်ပေးတတ်ခြင်းသဘော၊

ဖဿ -သူ့တံခါး၊ သူ့အာရုံ စိတ်အထုံများကို တွေ့ပေးခြင်း သဘော၊

ဤငါးမျိုးတို့ကိုလည်း အကုသိုလ်စုနှင့်အတူ အမှုထမ်းစေသည်။

တစ်ဖန်. . .

http://www.dhammadownload.com



ဝိတက် - အာရုံပုံရိပ်ကို ကြံသိ သိပေးတတ်ခြင်းသဘော၊
ဝိစာရ - ကြံသိနှင့် အာရုံစွဲ တွဲမိနေစေရန် ကပ်ပေးခြင်း သဘော၊
အဓိမောက္ခ- စိတ်အလုပ်၌ အုပ်ချုပ်ပေးတတ်ခြင်း သဘော၊
ဝီရိယ - ကိုယ်စိတ် နှစ်တွဲ ဖွဲ့တင်းပေးတတ်ခြင်း သဘော
ပီတိ - အာရုံအလိုက် အကြိုက်ကျစဉ် နှစ်သက်ပေး တတ်ခြင်း သဘော၊
ဆန္ဒ - ကြိုက်အာရုံကျ လိုက်စားရန် ဆွပေးတတ်ခြင်း သဘော၊

၎င်းခြောက်မျိုးတို့ကိုလည်း ထိုအကုသိုလ်အုပ်စုများနှင့်အတူ မဖြစ်မနေ သူ့နေရာနှင့်သူ ဝင်ရောက်အမှုထမ်းစေသည်။

သို့ကြောင့်. . .

မူလ လောဘ၊ ဒေါသ၊ မောဟ အဓိက တာဝန်ခံသုံးဦး။

အရံမာန စသည် အကုသိုလ်အသင်းဝင် တစ်ဆယ့်တစ်ဦး။

ပွဲတိုင်းပါ များရာပါ အခြားအုပ်စုဝင် တစ်ဆယ့်တစ်ဦး။

ထိုနှစ်ဆယ့်ငါးဦးတို့ကား သူတို့မပါက အရာမရောက်သလောက် အထိ စွာကြ၏။ သူတို့ကိုမသုံး လူဖြစ်ကျိုးနှုံးအထိလည်း အထင်ရောက် စေကြ၏။ ကာမလောက၏ ဖန်ဆင်းရှင်ကြီးများတည်း။

ယင်းတို့သည် အာရုံခံ နယ်ပယ်ချဲ့ ထွင်ရာ၌လည်း ပါ၏။

ယင်းတို့သည် ဘုံဘဝ နယ်ပယ်ချဲ့ထွင်ရာ၌လည်း ပါ၏။

ယင်းတို့သည် အာရုံသစ် ဘဝသစ်ချဲ့ထွင်ရာ၌လည်း ပါ၏။

http://www.dhammadownload.com



ဘဝဘုံ အကုန်အစုံ ဘာလုပ်လုပ် လက်ရာအလွန်မြောက်ကြလေရာ ယင်းတို့ကား ပွဲတိုင်းကျော် မှော်ဘွဲ့ရများတည်း။

တစ်ဖန် ယင်းတို့နှင့်အပြိုင် ကောင်းဘုံများ တည်ဆောက်ပေးကြမယ့် ကံယုံသဒ္ဒါ တစ်ဦးတည်းကိုယ်စားလှယ်သည်ပင်. . .။

ကောင်းတာလုပ် ကောင်းတာဖြစ်မည်။

ဤ ယုံကြည်ချက်အတွင်း၌ ကောင်းဘဝ၊ ကောင်းအာရုံ ကောင်းဂုဏ်များအပေါ် အမျှော်မကင်းတတ်ရကား

ဆန္ဒတွင် ကာမရှေ့တန်းက တင်လျက်။

ကာမစ္ဆန္ဒ အမည်ထွက်ဖြင့်သာ ကောင်းမှုပြုခွင့်ရချေရာ ဒါနမှုပြုရာ၌လည်း ငါခင်၊ ပုဂ္ဂိုလ်ခင်၊ ဝတ္ထုခင် မလွတ်တတ်။

သီလမှု ဆောက်တည်ရာ၌လည်း ငါ့ဖို့ကား ပါစမြဲ။

သမထ၊ ဘာဝနာ ဈာန်ဝင်ရာ၌လည်း ငါ့ဖို့ကား အတွဲမဖြုတ်။

သို့ကြောင့် ယင်းကုသိုလ်ကောင်းမှုကံများက

အမြတ်ထွက် အမြင့်ဘက်ကား တက်ခွင့်ရ၏။ သို့သော်

အညံ့ဘက် ယုတ်သက်များနှင့်ကား မကင်း။

လူဖြစ်လာလည်း ဝတ္ထု၊ အာရုံ၊ ကာမဂုဏ်၌ ချစ်တုန်း မုန်းတုန်း တရှုန်းရှုန်း။

နတ်ဖြစ်သွားလည်း ဝတ္ထု၊ အာရုံ ကာမဂုဏ်၌ ချစ်တုန်း၊ မုန်းတုန်း တရှုန်းရှုန်း။

ဗြဟ္မာဖြစ်သော်မှလည်း ဈာန်ချမ်းသာ၌ ခင်တုန်း၊ မင်တုန်း တပြုံးပြုံး။

http://www.dhammadownload.com



ဟုတ်မဟုတ် သင့်ဘဝက ဇာတ်စုံခင်းပြနေသည်ကိုသာ ကြည့်ရတော့လေ။

သတ္တဝါတိုင်း ထိုလောဘ၊ ဒေါသတို့ ဦးစီးသောအကုသိုလ်၊ သင်္ခါရစုတို့၏ အပြုကိုချည်း။

နေ့ချင်းဆက်၍ နှစ်သက်လက်ခံ ပျော်စံနေမိခြင်း၊

လ၊ နှစ်ချင်းဆက် တွဲဖက်ခံယူခြင်း၊

အသက်ချင်းဆက် တွဲဖက်ခံယူခြင်းများကြောင့်

ထိုသတ္တဝါ ခန္ဓာကြွေ၍ ဘဝသေသော်မှ ထိုအယုတ်အကဲများက အစွဲအဖြစ်ဖြင့် အမြစ်တွယ်နေကြတော့ရာ အကြိုက်ဦးစားပေး၍ အာရုံအလိုက်စားများသူ၏ သဏ္ဍာန်၌ လောဘ၏ဗီဇသတ္တိများ အနုသယ(အမြကိန်း အစဉ်ပါ)အဖြစ် အပြီးအစီး အရှိန်ပါနေတော့မည်။

အမုန်းဦးစားပေး၍ ကြိုက်ရာပုံ အစုံရွေး ခံစားနေသူ၏ သဏ္ဍာန်၌ ဒေါသ၏ဗီဇသတ္တိများ အနုသယအဖြစ် အမြစ်တွယ်နေတော့မည်။

ချစ်မုန်းမထား သက်သာရာလိုက်စားလေ့ရှိသူ၏ သဏ္ဍာန်၌လည်း မောဟ၏ ဗီဇသတ္တိများ အနုသယအဖြစ် အမြစ်ပါနေမည်။

သို့ကြောင့်. . . .

လောဘခင်သမား၏ သွေးအားလုံး လောဘသွေးများကချည်း ဖုံးလွှမ်းနေပြီး အသိကလည်း အကြိုက်မျှသာသိ၊ အကျင့်ကလည်း ကြိုက်ရာကျင့်ချည်း ဦးစီးနေချေတော့ရာ ထိုသူကား. . .

လောဘညဉ့် ဝင်စားလာသူတည်း။

လောဘစရိုက် အလိုက်ပါလာသူတည်း။

http://www.dhammadownload.com



လောဘဝါသနာ ဖျောပါလာသူတည်း။

သည့်အတူ

ဒေါသခင်သမား၌ ဒေါသဖြစ် ညဉ်စရိုက် ဝါသနာ၊

မောဟခင်သမား၌ မောဟဖြစ် ညဉ် စရိုက် ဝါသနာ၊

ယင်းတို့ချည်းသာ အလေ့ကြာအလာများ အဖြစ်ဖြင့် ကြီးစိုးနေကြတော့မည်။ အာစိဏ္ဏကံ၌ အထိုင်ချနေ ကြလေပြီ။ ထိုကိစ္စ အာရုံတစ်ခု၊ ဝတ္ထုတစ်ခုခုအပေါ် အစွဲငင်အခင်ဖြစ် ရစ်လွန်းအားကြီးနေသူအား. . .

'ထိုအကြိုက် ပယ်ဖျက်မှ သင်ချမ်းသာမည်'

သည်တို့ မိတ်ဆွေအများ ဝိုင်းဖျက် ဝိုင်းဖျောင်းဖျ ပေးသော်မှလည်း မနာလိုချိန်ကြည့် သိနိုင်၏။ တစ်ဖန် အလွန်နာကြည်း အလွန်လည်း မုန်းတီးနေသော ဝတ္ထုအာရုံပေါ်၌ ရန်လိုမာန်မျက်ချောင်းချောင်းထွက်နေသူအား

'မတော်ပါ။ သင့်ဒေါသ သင်ပယ်ဖျောက်ပစ်လိုက်စမ်းပါ'။

သည်သို့များ မိတ်ကောင်းတို့က ဝင်တားလေသောအခါ 'ဖယ်စမ်း၊ အသာနေစမ်း၊ ကျုပ်လာမတားနှင့်'အထိအချင်းများနေချိန်ကြည့် ခံနိုင်၏။

တစ်ဖန် မည်သည့်အလုပ်ကိုမျှ လက်ကြောတင်း မလုပ်လိုဘဲ အလစ်သုတ်၊ ဘိန်းရှူ စသည်ဖြင့် မကောင်းရာဘက် အနံ့ထွက်နေသူအား. . . .

'ရခဲသော လူ့ဘဝ အလဟဿ မကုန်စေနှင့်'

http://www.dhammadownload.com



ဆုံးမသောအခါ 'ပျင်းတယ်ဆိုတာ နာမည်ကသာ ဆိုးလှူကျတော့ ချမ်းသာမျိုး'ဖြင့် ပျာပျာသလဲ ကာကွယ်ရာ၌ကြည့်သိနိုင်၏။

သည်မျှအထိ စိတ်သာမက သွေးသားများတိုင်၊

သည်မျှအထိ တစ်ဘဝသာမက ဘဝအဆက်ဆက်၊

အထုံဝါသနာအဖြစ် လိုက်ပါနေပြီ ဖြစ်ခြင်းကြောင့် ယင်းတို့ကို. . .

လောဘမှ သဒ္ဓါသို့ သတိဖြင့် ကြားခံပြောင်းပေးသောအခါ

ဒေါသမှ ပညာသို့ သတိကြားခံပြောင်းပေးသောအခါ၊

မောဟမှ အတွေးအခေါ်သို့ သတိကြားခံ ပြောင်းပေးသောအခါ

ကြက်သံလည်းမပေါက် ကျီးသံလည်း မပျောက် အောက်ကလိအာ ပမာ မင်္ဂလေးမင်္ဂတို့ဖြင့်ဆက် ဖျက်သော်မှ ဝါသနာကား ကျန်ဆဲသာ။

မှတ်စိတ်ကသာ ရဟန္တာ၊ အထဲစိတ်က ဝါသနာမကွာ။

ကိုယ်ကြီးကသာ ခန္ဓာ၊ လှုပ်ရှားမှုက ဝါသနာမမွတာ။

ပိလိန္ဒဝစ္ဆ မထေရ်က ထိုအကြောင်း ကောင်းကောင်းကြီး ပြောသွားခဲ့ပြီ။

ထိုအရှင်သည် အဘိညာဉ်ရ မထေရ်ကြီးပင်ဖြစ်၏။

သို့တိုင်လည်း ဘဝများစွာက အစွဲနာလာသော လူတွေ့တာသလ (လူယုတ်ပတ်)ခေါ်လေ့ရှိသော ဝါသနာက မပျောက်ရကား

တစ်နေ့. . . ပုဏ္ဏားကလည်း ပိတ်ချင်းသီး လှည်းအပြည့်တင်၍ တစ်မြို့မှ တစ်မြို့သို့ မထေရ်ရှိရာ မျက်နှာမူပြီး အမောင်း။

မထေရ်ကလည်း ထိုလမ်းကြောင်းအတိုင်း လှည်းရှိရာသို့ မျက်နှာမူ၍ အလာ

နတ်တလူစာစဉ်

http://www.dhammadownload.com



'ဟဲ့ လူယုတ်. . . ဘယ်သွားမလို့လဲ'

'ဈေးပွဲသွားမလို့'

'နင့်လှည်းပေါ်က ဘာတွေတုန်း'

'ကြွက်ချေးတွေ၊ ကြွက်ချေး'

'အေးလေ ကြွက်ချေးဆိုလည်း ကြွက်ချေးပေါ့'

ဇာတ်မြင့် ပုဏ္ဏားက သူ့အား ဝသလခေါ်ရပါမို့လား ဆိုကာ ပိတ်ချင်းသီးအား ကြွက်ချေးလုပ်ပြောလိုက်မိရာ ဈေးပွဲရောက်သဖြင့် ရောင်းမည်ပြုသောအခါ ကြွက်ချေး များဖြစ်နေသည်ဆို၏။

တစ်ဖန် ထိုကြွက်ချေးက ပိတ်ချင်းဖြစ်ရန် စောင့်နေစဉ်လည်း

'ဟဲ့ ဝသလ ဘယ်ကလာတုန်း'

'ပွဲဈေးက'

'နင့်လှည်းပေါ်က ဘာတွေတုန်း'

'ပိတ်ချင်းသီးတွေ'

'အေးလေ ပိတ်ချင်းသီးဆိုလည်း ပိတ်ချင်းပ'။

သို့နှင့် ဈေးပွဲပြန်ရောက်သောအခါ ပိတ်ချင်းများချည်းဆို၏။

ယင်းသည် ဝါသနာ၏ ဓမ္မတာပင်ဖြစ်၏။ စေတနာပါ၍ကားမဟုတ်။ သည့်အတူ ထူပြောလှသော ဉဉ်ဝါသနာများကို ရှင်တော်မြတ်ဘုရား မှတစ်ပါး မည်သူမျှ မပယ်နိုင်။

အလေ့ကြာ အလာများနေခြင်း၏ သရုပ်တည်း။

❖ ❖ ❖

နတ်တလူစာစဉ်

http://www.dhammadownload.com

ကံပြီးသခိုက် ဝိပါက်လိုက်ကာ

ကိလေသာနှင့် စိတ်ကား လင်နှင့်မယား။

ကံသုံးပါးတို့ကား လင်မယားတို့ ပေါင်းသင်းရာကာလ။

ဝိပါတ်ဆိုက်များကား သမီးနှင့်သား ထွန်းကားသည့် ပမာ။

ထိုစိတ် ထိုကိလေသာတို့ ကံပြုရာမှ ပေါ်ထွန်းလာ သော အကျိုးပေးဝိပါတ်ကား ဘဝနှင့်ဘုံ အာရုံခံစားခြင်း များပင်။

ထိုစဉ် ကံစိတ်တို့က ကိလေသာတို့ခိုင်းစေရာ လိုက်ပါ ပြုကျင့် ပေးခဲ့ရာမှ ဖြစ်ပေါ်လာသော အကျိုးပေးကား

ဘုံအားဖြင့် အောက်အောက်ဘုံ၊

နတ်တလူစာစဉ်

http://www.dhammadownload.com



အာရုံများဖြင့် အနိဋ္ဌာရုံ။

ဘဝအားဖြင့် အပါယ်ခံဘဝ။

ဤသို့သော အလှူးပေါ် ကစားသမားပိပိ. . .

ဒေါသကြီးမားကလည်း ထိုစဉ်ကပင် မိမိက မိမိဒေါသအား ရှုံးနိမ့်ပြီး၊ ထိုဒေါသပြီးမှ ပြီးခဲ့ရသည့်အလျောက်၊ ယခုလည်း ငရဲဘုံခန်း တစ်လျှောက်ဝယ် ငရဲသားတို့၏လက်အောက် ပြားပြားမှောက် အရှုံးခံ ရတော့မည်။

လောဘကြီးသမားကလည်း ထိုစဉ်ကပင် မိမိက လောဘအား အရှုံးခံပေါင်းပြီး လောဘတောင်းသမျှ ဆောင်းပေးခဲ့ရသည့် အလျောက် ယခုလည်း ပြိတ္တာဘုံခန်း တစ်လျှောက်ဝယ် ပြိတ္တာကြီးများ၏ လက်အောက် ပြားပြားမှောက် ခံကြရတော့မည်။

မောဟကြီးသမားကလည်း ထိုစဉ်ကပင် မိမိက မောဟ၏ လက်အောက်ခံ မောဟကို မတော်လှန်ဝံ့သည့်အလျောက် ယခုလည်း တိရစ္ဆာန်ဘုံခန်း တစ်လျှောက် နိုင်ရာစားကြီးများ၏ လက်အောက်ရောက်ကြရတော့မည်။

အပါယ်ခံတို့၏ အကျိုးပေး ချမ်းသာမှုကား တစ်ရွေးသားမျှမရှိ။

အပါယ်ခံတို့၏ အကျိုးပေး ယုယမှုကား တစ်ရွေးသားမျှမရှိ။

အယုတ်သည် အညံ့ကိုသာ ဖန်တီးတတ်ရာ မည်သို့လျှင် ခန့်ထည်ခြင်း၊ အားကိုးအားထားလောက်ခြင်း ရှိအံ့နည်း။

တစ်ဖန် ထိုကံစိတ်များက မိမိ၌ အမြဲလိုက်နေကြသော ကြိုက်၊ မကြိုက် အမိုက်များကို မျက်ခြေဖြတ်ခဲ့ ကာ. . .

ကိုယ်ကြိုက်ကိုစွန့်၍ သူကြိုက်ကို မတွန့်မတို ပေးကမ်းရက်ရော

http://www.dhammadownload.com



မည်။

ကိုယ်ကြိုက်ကိုစွန့်၍ သူကြိုက်ကို ကိုယ်မပိုက် သူ့အလိုက်ပေးထားမည်။

ကိုယ်ကြိုက် သူကြိုက်လွတ်၍ အာရုံမသွတ် အလွတ်နေမည်။

ထိုစိတ် ထိုကံများ၏ အကျိုးပေးကား

ဘုံအားဖြင့် အထက်မှ အထက်ဘုံများ။

ဘဝအားဖြင့် အများအားကိုးခွင့်ရ ဘဝများ။

အာရုံအားဖြင့် ဣဋ္ဌာရုံ၊ အတိဣဋ္ဌာရုံနှစ်ပါး။

ဤသို့သော အမြတ်ပေါ် ကစားသမားပီပီ၊

ဒါနဖြင့် ကာမစွန့်သမားကလည်း ထိုကံပြုစဉ်ကပင် မိမိက အယုတ်တရားသုံးပါး(လောဘ၊ ဒေါသ၊ မောဟ) တို့ထံ အရှုံးမခံခဲ့သည့် အလျောက် လူ့ဘုံခန်းဝါတစ်လျှောက်ဝယ် အများတို့ အားကျလောက်သော ဘဝစည်းစိမ်၊ အိုး အိမ်တိုက်တာ၊ အခြံအရံများစွာနှင့်အတူ ဂုဏ်ယူမဆုံး တပြုံးပြုံး။

သီလစင်ကြယ်သော ဒါနဖြင့် ကာမစွန့်သမားကလည်း ထို့ထက် အလွန်အမြတ်ပွင့် အမြင့်သာနှုန်းများဖြင့် နတ်တို့၏ ဘုံခန်းဝါ တစ်လျှောက်ဝယ်. . .

အမြင့်ကြောင့် အများအားကိုးခွင့်ရစေခြင်း၊

အမြတ်ကြောင့် မကြိုးစားဘဲ အာရုံခံစားခွင့်များ ရနေခြင်း၊

ယင်းတို့ကို တစ်ဘုံထက်တစ်ဘုံ၊

အသက်အားဖြင့်လည်း လေးဆ၊ လေးဆစီတိုးဖြင့် လည်းကောင်း၊

http://www.dhammadownload.com



အဆင်းအားဖြင့်လည်း လေးဆ၊ လေးဆစီတိုးဖြင့် လည်းကောင်း။

သည့်အတူ စည်းစိမ်ချမ်းသာ၊ ခွန်အား၊ ဉာဏ်ပညာများသို့ကပါ လေးဆတိုးများဖြင့် အခြံအရံများစွာနှင့်အတူ ဂုဏ်ယူမဆုံးတပြုံးပြုံး။

တစ်ဖန် ဈာနဖြင့် ကာမစွန့်သမားကလည်း ယင်းအယုတ်တရား့ သုံးပါးတို့ကို မျက်ခြေဖြတ် မဟုတ်ဘဲ ယင်းတို့ ဦးခေါင်းများပေါ် နင်းမြုပ်ပယ်ခြင်းအမှု ပြုဝံ့ခဲ့သူပီပီ ထိုစိတ် ထိုဈာန်တို့၏ အကျိုးပေး ကလည်း. . . .

-ဘုံအားဖြင့် ဗြဟ္မာ့၊ ဗြဟ္မာဘုံ၊

-ဘဝအားဖြင့် အမြတ်ထွက်ဘဝ၊

-အာရုံအားဖြင့် ဈာန်အဟုန်ချည်းဖြစ်ရာ၊

မိမိကိုကြည့်၍ မည်သူကမျှ လာရောက် မဖျက်ဆီးဝံ့ကြပြီ။

မိမိကိုမြှူ၍ မည်သူကမျှ လာရောက် အရည်မချူဝံ့ကြပြီ။

အသက်၊ အဆင်း စသည်များကလည်း ကာမဘုံသားများ မည်သို့မျှ လိုက်မမီသော အဆင့်များ၌သာ။

ထိုသို့ ကောင်းခွင့်ရ၊ ဆိုးခွင့်ရ သတ္တဝါများ မိမိတို့၏ ကံသတ္တိ၊ စိတ်သတ္တိအလိုက် ဝိပါက်ဆိုက်ကြရလေ ရာ. . .

ကောင်းကံ၊ ဆိုးကံ မည်သို့သောကံ၌ဖြစ်စေ၊

ကံပြုစဉ် အလေးဂရု အားကုန်ပြုမိခဲ့ကြပါသော်၊

အကျိုးခံစားရာ၌လည်း လေးလေးပင်ပင် အရာထင်ကြမည်။

တစ်ဖန် ပေါ့ပျက်ပျက် အသက်မပါကြသော် အကျိုး ခံစားခွင့် ရရာများ၌လည်း

http://www.dhammadownload.com



ပေါ့ပေါ့တန်တန် ခံစားကြရသည်များလည်း ရှိမည်။

အကျိုးသို့မရောက် လမ်း၌ပျောက်သည်လည်း ရှိမည်။

သည့်အတူ မိမိ မပြတ်လေ့ကျင့်နေကျကံက ထအကျိုးပေးသော အခါ ဘဝနှင့်စက် အသက်နှင့်မကွာ အကျိုးခံစားရာပါနေမည်။

အနီးကပ် နောက်ဆုံးပွင့်ကံက ထအကျိုးပေးသောအခါ မမျှော်ဘဲရ၊ မလုပ်ဘဲကျဖြင့် အကျိုးခံစားခွင့်ရမည်။

အကျိုးသည် အကြောင်းနှင့်မကင်း။

အကျိုးသည် အကြောင်းခံ ကလန်ကဆန် မလုပ်ရဲ။

တစ်ဖန် ထိုကံစိတ်တို့ အသုံးပြုရာ ကာယ၊ ဝစီ၊ မနောများတွင်လည်း ကိုယ်ထိလက်မြောက်ပြုမိခဲ့သောကံများက အကျိုးပေးအလှည့်ကျလာသောအခါ မိမိကိုယ်တိုင် ကာယကံမြောက် လုပ်မှသာ အကျိုးဆက်များ ပေါ်ထွက်လာမည်။

ဒါနသမားများကိုကြည့် သိနိုင်၏။

နှုတ်ဖွင့်ရုံမျှ ပြုကျင့်ခဲ့သော ကံများက အကျိုးပေး အလှည့်ကျလာသောအခါ နှုတ်ဖွင့်ဟောပြောရုံမျှဖြင့် အတိတ်ကံ အကျိုးဆက်များ ထွက်လာစေသည်။

သီလသမားများကိုကြည့် သိနိုင်၏။

စိတ်ကျင့် ကျင့်ရုံမျှဖြင့် ပြီးစီးသောကံများက အကျိုးပေးအလှည့်ကျလာသောအခါတွင်မူကား. . .

ကိုယ်တိုင်လည်း မလုပ်၊

နှုတ်ဖြင့်လည်း မဖွင့်အန်၊

နတ်တလူစာစဉ်

http://www.dhammadownload.com



စိတ်အကြံ ကြံရုံမျှဖြင့် ပြီးစီးကြမည်။

ဘာဝနာသမားများ၏ ခရီးဆုံးကိုကြည့် သိနိုင် လောက်ကြ၏။

တစ်ဖန်လည်း မည်သည့်ကံ၌မဆို ကံပြုစဉ်ကပင် ကာယစသည်များကို လှုပ်ပေးခြင်း အထောက်အပံ့ပေး ခြင်း၊ ဆန့်ကျင်ဘက်တွေ့ ညှဉ်းပေး၊ ရှင်းပေးခြင်းများ လည်း ပါခဲ့ပါမူ. . . .

ဤအကျိုးခံစားရာများ၌လည်း ထိုအကျိုးဆက်၏ သက်ရောက်မှုများလည်း ပါလာကြဦးမည်။

ဒုက္ခရောက်တော့ရန် တဲတဲ၊ ကံဖယ်ပေလို့။

ထိုစကားများကိုကြည့် သိနိုင်လောက်ကြ၏။

အချုပ်အားဖြင့် ဆိုရပါမူ မိမိစိတ်ကို ကပ်မြောင်အုပ် ချုပ်မကောင်းအုပ်တို့ အနိုင်ကျင့်ရာမှ ဖြစ်သောကံများက မကောင်းကျိုးများသို့သာ ဘဝနားသက်စေမည်။

ကပ်မြောင်အုပ်ချုပ် မကောင်းအုပ်တို့ ကင်းမဲ့ရာမှ ဖြစ်သော ကံများက ကောင်းကျိုးများသို့သာ ထိုးပို့မည်။

သို့ကြောင့် ကိလေသာ၊ ကံ၊ ဝိပါက်။ ဤသုံးချက်တို့ သည် ရထားစက်ခေါင်း၊ ခရီးသည်စီးတွဲ၊ ဂတ်ဗိုလ်တွဲ သုံးမျိုးတို့နှင့် ဘာမျှမခြားနား။ သို့မဟုတ် ရှေ့ခေါင်း နောက်ခေါင်းပါ မြို့ပတ်ရထားလေးများနှင့် အတူတူသာ။

❖ ❖ ❖

http://www.dhammadownload.com

## ပတ်လည်ထပ် လှည့်ပတ်နေခြင်းသည် ဝဋ်

အထက်က ဆိုခဲ့ပြီး ကိလေသာ၊ ကံ၊ ဝိပါက်များသည် ဝဋ်အရာလည်း ဝင်ကြမည်။ ဝဋ်ကိုလွန် ဝန်အရာလည်း ဝင်ကြမည်။ ထိုစဉ် အရှိန်ရလာသော် တစ်ခုပြီးတစ်ခုဆက် ဝဋ်ဘက်သို့ထွက်လာမည်။

သတ္တဝါတိုင်း မွေးကတည်းကကြိုက် ဝဋ်လိုက်သည်မရှိခဲ့။
သတ္တဝါတိုင်း မွေးကတည်းကစွဲ အကဲလည်းမပါခဲ့။
အစသော် မိဘများက ပညတ်သင်ပုန်းကြီးကို သင်ကြားပေးရစ

http://www.dhammadownload.com



မြဲ။

သား. . . ဒါကြက်သား စားကောင်းတယ်။

သမီး. . . ဒါက ဝက်သား စားကောင်းတယ်။

ထိုသို့ သင်ပြပေးသော်မှလည်း တစ်ချို့ နှစ်ချို့တည်းနှင့် ကြက်နှင့်ကောင်း ခေါင်းဆက်မရသေး။

ခဏခဏ စားရသော်မှလည်း ဝက်နှင့်ကောင်း ခေါင်းဆက်မရသေး။

တစ်နှစ်သား၊ နှစ်နှစ်သားများအထိ အသုံးကြာညောင်းလာသော်အခါတွင်မှသာ ရေးရေးမြင်လာကြရသည်။ ထိုအထိတွေ့၍သုံးသည့်မှုလောက်သာ ရှိကြဦးမည်။

ထိုမှနောက် ထိုအရသာတို့ဖြင့် တည်ဆောက်ထားသော ခန္ဓာကခြင်ဆီအား အရိုးကြားမှုမက ဦးခေါင်းအထိ ပြည့်လာနေပြီ။

ခြင်ဆီလည်ပတ်ရာမှ သုက်ဓာတ်များပါ ပြည့်အန်လာနေပြီ။

သားဖြစ်သော် လူပျိုဘာဝ၊ လူပျိုဖော်ဝင်လာပြီ။

သမီးဖြစ်က အပျိုဘာဝ၊ အပျိုဖော်ဝင်လာပြီ။

ထိုအချိန်သည် ကျောက်နှင့်ခတ်ဘီးခိုက် မီးလိုက်လာသောအချိန်မျိုးပင်ဖြစ်ရာ. . .

ဝက်သားအသုံးများ ဝက်သားအစွဲထား များလာကြပြီ။

သွေးတောင်းရာ အသားထည့် ထိုအသား၌ ငြိလာစေပြီ။

ထိုအခါမျိုးသည် စားတိုင်းကောင်းပြီး ကောင်းတိုင်းစားမည့်အခါတော်တည်း။

http://www.dhammadownload.com



ထိုကပင် စတင်၍ ဝင်္ဋလည်လာပြီ။

ထိုကာလသား ကာလသမီးများ၏နောက် ဝင်္ဋလိုက်နေပြီ။

ဤ၌ ဝင်္ဋဟူသည် လည်ပတ်ခြင်းကိုပင် ဆိုချေရာ. . .

ကြိုက်သည်၊

ကြိုက်ရာ လိုက်ပါပြုကျင့်သည်၊

ပြုကျင့်၍ ရလာတိုင်း ခံစားသည်။

တစ်ဖန်. . . . ထိုခံစားဆဲ၌ပင် အကြိုက်များက သဲသဲ မဲမဲလိုက်ပါလာကြပြန်ရာ

တွေးမိတိုင်းပေါ် မျှော်မိပြန်သည်။

အမျှော်ကြီး ကံမီးတောက်လာပြီ။

ကံလုပ်၍ရ ဝိပါက်က ထခံစားမည်။

သို့ဖြင့်ပင်. . . . .

ကြက်သား ကြိုက်သမား၏နောက်၌လည်း ကြက်ဝင်္ဋများ (ကိုယ့်စိတ်တိုင်းကျအဖြစ်ဖြင့်) တစ်သက်လုံး လိုက်ပါနေသည်။

ဝက်သားကြိုက်သမား၏ နောက်၌လည်း တစ်သက်လုံး လုံးပင်ထိုဝင်္ဋများ လည်ကာပတ်ကာ လိုက်ပါနေကြသည်။

သည့်အတူ

ကွမ်းကြိုက်သမားလည်း တစ်ခါပြီးတစ်ခါ အခါခါလည်၏။

ဆေးလိပ်ကြိုက်သမားလည်း တစ်လိပ်ပြီးတစ်လိပ် ချိတ်လျက်လည်၏။

ပုထုဇဉ်အမိုက် ဝင်္ဋမလိုက် လည်သူမရှိ။

http://www.dhammadownload.com



တစ်မျိုးပြီးတစ်မျိုး တိုးလည် လည်သောဝင်္ဂ။

တစ်ချိုပြီးတစ်ချို ပတ်လည် လည်သောဝင်္ဂ။

သူတစ်လှည့် ကိုယ်တစ်လှည့် မိလည် လည်သောဝင်္ဂ။

သည်မျှသာ ကွာကြမည်၊ အလည်ကား မည်သူမျှမကင်း။

အဖော်ပါမှ ပျော်သည်ထင်သော ပုထုဇဉ်၊

ပျက်စီးမှ အကောင်းရသည်ထင်သော ပုထုဇဉ်၊

ထိုပုထုဇဉ်တိုင်း ဝင်္ဂမလည် လည်အောင်ပင် တမင်လှည့်ပေး တတ်ကြသေးသည်။ ထိုဝင်္ဂ လည်ပတ်ရာတိုင်း၌လည်း ကိုယ့်စိတ်တိုင်းကျ ကိုယ်ကြိုက်ရာ တစ်ဖက်သတ် လည်ပတ်ခွင့်ရစေသော

ကြက်သားစားချင်သည်၊

ကဲ ပြောနေကြသည် သတ်ချက်လိုက်ပြီ။

ကဲ ကျက်ပြီ စားတော့မည်။

တစ်ယောက်တည်း လည်သော ဤဝင်္ဂလိုက်ခြင်းက ပို၍အထိနာမည်။ စေတနာကံ ကြီးသလောက် သူတစ်ဖက်သား သွားရောက်ပြစ်မှားမှုကြီး ဖြစ်နေသောကြောင့်။

သူတစ်ပါးတို့က ညှဉ်းဆဲရာမှ ရသောဝင်္ဂကား

စကတည်းက မကြိုက်သည်က တစ်ကြောင်း၊

ရန်သူအဖြစ် အသိရှိနေပြီး ဖြစ်သည်ကတစ်ကြောင်း၊

ရှောင်တိမ်းရန် အသိရှိနေသည်က တစ်ကြောင်း၊

ထိုအကြောင်းများကြောင့် ဆယ်ကွေ့ တစ်ကွေ့ မလည်တတ်။ ဤ ကိုယ်ကြိုက်ကား နေ့စဉ်ရက်ဆက် အသက်နှင့်ကိုယ် အိုးစားမကွဲ

http://www.dhammadownload.com



သမ္မ လည်ပတ်ပေးနေရသည့်ချည်းဖြစ်ရာ

သံသရာမြေ ခြေဆန့်နေရခြင်းများသည် သူ့ကြောင့်၊ သူ့ကြောင့်။

ဘဝဝဋ်ကြွေး တစ်ပေးတည်း ပေးနေရခြင်းများသည် သူ့ကြောင့်၊ သူ့ကြောင့်။

ဒုက္ခမျိုးစုံ အဖုံဖုံ ခါးစည်းခံနေရခြင်းများသည်လည်း သူ့ကြောင့် သူ့ကြောင့်။

ယင်းတို့သည် အကြိုက်မှ စတင်ရသည့်ချည်းဖြစ်ရာ

ကာမတဏှာ - ကိုယ်ကြိုက်အာရုံ၌ အလောင်ပြင်းပြ အငမ်းမရ ဖြစ်နေကြခြင်းသည် ဝဋ်မြစ်တည်း။

ဘဝတဏှာ- ကာမဂုဏ်ခံစားခွင့်ရ ဘဝအပေါ် လိုလားပြင်းပြ အားကိုးအားထား ပြုနေကြခြင်းသည် ဝဋ်မြစ်တည်း။

ဝိဘဝတဏှာ- သည့်ထက်ကောင်းဘဝ မျှော်လင့်တမ်းတ အလိုက်ပေးနေကြရခြင်းသည် ဝဋ်မြစ်တည်း။

ထိုတဏှာများကပင် ကိလေသာများကို အတွင်မွေးထုတ်ပေးပြီး စိတ်ကို နှိုးဆွပေးနေချေရာ

စိတ်အကြံ ကံများလည်း မနေသာပြီ။

ကံလက်ချက် ဝိပါက်လည်း ဆက်ပေးနေရသည်။

သို့ဖြင့်ပင် ထိုတဏှာသည် ဝိဘဝနှင့်တွဲ နတ်ထဲ၊ ဗြဟ္မာထဲ လွှဲဝင်လိုက်သောအခါ ထိုနတ်ဗြဟ္မာများသည်လည်း မိမိတို့ ဖန်ထားသောကံ၊ စျာန်များအလိုက် ကိလေသာ၊ ကံ၊ ဝိပါက် ဤသုံးချက်တို့ဖြင့် ဝဋ်လိုက်ခံနေကြရသည်။ ထိုစဉ်. . . .

နတ်တလှူစာစဉ်

http://www.dhammadownload.com



ကိလေသာက နတ်ဘဝ၊ နတ်ကာမ ဆွပေး၊

ကံက နတ်ဘာဝ၊ နတ်ကာမ ထပြုကျင့်၊

ဝိပါက်က နတ်စည်းစိမ် ဇိမ်ခံ၊

သို့ဖြင့်ပင်. . . .

နတ်ကြီးများလည်း နတ်အကြိုက် နတ်ဝင့်အလိုက်ခံနေကြရာ အားရသည်၊ နားရသည် မရှိကြတော့ပြီ။

ဗြဟ္မာကြီးများလည်း ဗြဟ္မာအကြိုက် ဗြဟ္မာဝင့် ဆိုက်နေကြရာ သက်တမ်းနှင့်အမျှ အားကြသည်၊ နားကြသည် မရှိကြရပြီ။

တစ်ဖန် ထိုတဏှာသည် ဘဝတဏှာအဖြစ် အမြစ်ယှဉ်အပင် ထုတ်ဖြင့် လူမှလူထဲ လွှဲလိုက်ပြန်ချေရာ

ထိုလူသားများ မိမိ မိမိတို့ဖန် ကံကြမ္မာ၏ သတ္တိသို့ လိုက်လျက်က ကိလေသာ၊ ကံ၊ ဝိပါက် ထိုသုံးချက်တို့ အပင်အကိုင်း အခက်အသီး အပွင့်တို့ဖြင့် ဝေဝေဆာ ဖြစ်ထွန်းလာသော ရာသီမိသစ်ပင်ကြီးများ ပမာ. . . ။

မိမိ မိမိတို့ ရပိုင်ခွင့်ရှိသော ဝတ္ထုအာရုံ ကာမဂုဏ်များကိုလည်း တစ်ကြိမ်မှတစ်ကြိမ် တစ်သက်ပတ်လုံး ကြိမ်များဖြင့်သာ ဆက်နွယ် လျက်က ဝင့်လိုက်ခံနေကြရပြီ။ တစ်ဖန်

မိမိ မိမိတို့ ရပိုင်ခွင့် မဟုတ်ရာများကိုပင် အရှိန်အနှောက် အဖောက်လွန်လာကြသော

ဝိသမလောဘ - ချစ်သွေးမွှန် သွေးသွန်များလာရမှုလည်း ကောင်း၊

http://www.dhammadownload.com



ဝိသမဒေါသ- မုန်းသွေးပွက် သွေးတက်ကြွမ်းလာရာမှလည်းကောင်း၊

လိုက်လံကာ. . .

-တစ်သက်ကြည်ဖြူမှုကို မစောင့် မှောင့်လည်းမှောင့်ကြ လေပြီ။

-တစ်ဘက် ကြိုက်ကြိုက်၊ မကြိုက်ကြိုက် လိုက်သိမ်းလိုက်နေကြပြီ။

ကံဟောင်းနှင့် အားမရသဖြင့် ကံသစ်များ အတိုးချဖြင့် အကြွေးယူနေကြရခြင်း။

လူသည် ကံလုပ်စက် လက်၌ရှိသဖြင့် အသစ်လည်း ထွင်သုံးနိုင်သည်။

လူသည် ကံစုံတန်း လမ်းမကြီးပေါ်နေရသဖြင့် အကောင်းလည်း ထွင်သုံးနိုင်၏။

သို့ကြောင့် ဘယ်ဘုံ ဘယ်ဘဝမဆို ဤလူ့ဘဝမှပင် လမ်းစရသွား ကြခြင်းတည်း။

တစ်ဖန် ထိုတဏှာသည် ကာမသက်သက် ရမ္မက်နှင့်တွဲ အပါယ်ဘုံထဲ လွှဲဝင်လိုက်သောအခါ ဒေါသနှင့်တွဲ ငရဲထဲရောက်နေရသူလည်း သူပြုမူခဲ့ဖူးသော ကိလေသာ၊ ကံ၊ ဝိပါက် အတိုင်းလျှင်

ဆုတ်နစ်သော ဒေါသ ကိလေသာက ကြောက်စိတ်သွင်းပေး၊

အကြောက်လွန်နေသော ကံက ထအော်ပြေး၊

စေတနာနှင့်အလိုက် အတိုက်ခံနေရသော ဝိပါက်က နောက်က လိုက်၊

http://www.dhammadownload.com



သို့ဖြင့်ပင် တစ်ချက်ကလေးမအား၊ တစ်ရက်ကလေး မနားရပြီ။

လောဘနှင့်တွဲ ပြိတ္တာထဲ ရောက်နေရသူလည်း ပြုမူခဲ့ဖူးသော စေတနာကပင် လောဘသတ္တိအလိုက် အကြိုက်ကျရာ ချစ်စွဲနစ်နေခဲ့ ချေရာ

ကိလေသာက မိမိစွဲရာ ဝတ္ထုအာရုံဝ တသသမျှော်ငေး၊

ကံက မိမိစွဲရာ ဝတ္ထုအာရုံအရှိ ပတ်လည်လှည့်ကြည့်၊

ဝိပါက်က တစ်ခုဒ္ဓ အကြိုက်ကျနေတော့သဖြင့် မည်သည့် စည်းစိမ်မျှ ခံစားခွင့်၊

သည်နည်းဖြင့် အစွဲရှိန်မကုန်သေးသမျှ ဝဋ်လိုက်ခံနေရပြီ။

မောဟနှင့်တွဲ တိရစ္ဆာန်ထဲ ရောက်နေရသူသည်လည်း မူရင်း ကိလေသာ၊ ကံ၊ ဝိပါက်များကပင် တွေဝေခြင်း၊ ပျံ့ခြင်း၊ လန့်ခြင်းများ နှင့်အတူ ပြုမူခဲ့ဖူးရာ၊ ယခုလည်း. . .

ထိတ်လန့်ကြောက်ရွံ့နေရခြင်း ကိလေသာ၊

နိုင်ရာစားတို့၏ လက်မှ အလွတ်ရုန်းပြေးနေရခြင်း ကံ၊

အနေဆင်းရဲ၊ အစားဆင်းရဲခြင်း ဝိပါက်၊

ထိုသုံးချက်တို့ တစ်ချက်ပြီးတစ်ချက် လည်ပတ်နေရာ အကြား နေ့ကုန် ညဘက် အပြေးအလွှား တက်လိုက်နေကြရရှာပြီ။

ကံပြုစဉ်က

မိမိက တစ်ဘက်ကို သတ်ခဲ့မိသည်အတိုင်း ယခုလည်း ထို တစ်ဘက်က မိမိအား သတ်ဖြတ်ခြင်းကို အမြဲစောင့်ကြို လက်ခံနေ ရပြီ။

နတ်တလူစာစဉ်

http://www.dhammadownload.com



ကံပြုစဉ်က

မိမိက တစ်ဘက်၏အလိုဆန္ဒ ပယောဂများကိုသတ် မိမိအလိုကျ ချည်း ပတ်ခဲ့မိသည်အတိုင်း ယခုလည်း ထိုတစ်ဘက်တို့က မိမိအား လည်း အလိုတူ ကြည်ဖြူသည်အထိ မစောင့်ကြတော့ဘဲ သူတို့စိတ် တိုင်းကျ အတိုးကြီးရဖြင့် ဝဋ် သုံးဝ လှည့်ပြနေချေပြီ။

ထိုသို့ အပါယ်ခံဘဝ ငရဲ ပြိတ္တာ၊ တိရစ္ဆာန်တို့သို့ ရောက်ကြရစဉ် ကာလ၌ သူတကာတို့ စိတ်တိုင်းကျ၊ သူတကာတို့၏ စက်ထဲသွား ရောက် ဝင်လည်ပေးကြရခြင်းသည် မိမိက. . .

ဒေါသဖြင့် ပြစ်မှားမိခဲ့ဖူးသူများ ပါချင်လည်း ပါမည်။ ပါချင်မှ လည်း ပါမည်။ မသေချာ။

လောဘဖြင့် စော်ကားခံရဖူးသူများ၊ မောဟဖြင့် စော်ကားခံရဖူး သူများလည်း ထိုနည်းလည်းကောင်း မသေချာပင်။

သေချာသည်မှာကား မိမိကျူးလွန်ခဲ့စဉ်က စေတနာသည် မိမိ နောက်ခြေရာခံလိုက်ပါလျက်က မိမိအား တန်ပြန် အရေးယူ ပေးနေ ခြင်းများပင်။

ထိုစဉ် ယခင်ဘဝ ကြက်မြင်စဉ်တုန်းက ထိုကြက်အပေါ် အစွဲ တဏှာဖြင့် တပ်စွန်းမိခြင်း၊ သတ်ဖြတ်ချက်ပြုတ်စဉ်က အမြင်ကြည့် အနံ့ခံရာမှဖြစ်သော အစွဲတဏှာဖြင့် တပ်စွန်းမိခြင်း၊ စားသောက်ရာ၌ လည်းကောင်း၊ အမြင်၊ အနံ့၊ အရသာမှ ဖြစ်သော အစွဲတဏှာများဖြင့် ငြိစွန်းနေခြင်း။

ထိုစေတနာ ကြက်စွဲက ကြက်ဘဝထဲ ထိုးပို့လိုက်ရာ ကြက်ဘဝ

http://www.dhammadownload.com



ကြက်လိုနေ ကြက်လိုသေဖို့ မိမိစေတနာက မိမိအား ဖန်တီးပေးလိုက်ပြီ။

ကြက်ကြိုက်စွဲ ကိလေသာက ကြက်အာရုံကိုယူ၊
ကြက်စွဲသံက ကြက်ဂတိနိမိတ်ဖြင့် ပုံတူကူးဝင်၊
ကြက်ဝိပါက်က ဥခွံထဲ ဆင်းဆင်းရဲရဲစွဲနေ၊

ထိုကအောင် အကောင်ပေါက်လာသောအခါတွင်မူကား တောပျော်ကြက်ဖြစ်ပါက တောတွင်းနိုင်ရာစားများ ဖြစ်ကြလေသော နေ့ သိမ်း၊ စွန် စသည်၊ ည ကြောင် စသည်များ၏

မျက်စိကျခြင်းများကိုလည်း ခံရမည်။
ထိုးသုတ်ကိုက်ချီခြင်းများကိုလည်း ခံရမည်။
တစ်ဘက်သတ် စားသောက်ခြင်းများကိုလည်း ခံရမည်။

တစ်ဖန် မြို့ရွာရောက် ပိုင်ရှင့်လက်အောက်ခံ ဖြစ်လာခဲ့ရလျှင်လည်း. . . .

လူသားတိုင်းက စားလိုစိတ်ဖြင့် အရိပ်ကြည့်နေကြမည်။
လူသားတိုင်းက သတ်ဖြတ်ချက်ပြုတ် ဟင်းလုပ်ရန် စီမံကြမည်။
လူသားတိုင်းက မြိန်ရည်ရှက်ရည် စားသောက်ကြပေလိမ့်မည်။

သည့်အတူ ငှက်စွဲ ငှက်၊ ဝက်စွဲ ဝက်၊ ငါးစွဲ ငါး မိမိအစွဲကျရာ မိမိစေတနာ သန္တာနရာများ၌လည်း ထိုစေတနာကပင် တဏှာဥပါဒါန် တို့၌ရှိသော ငယ်စာရင်းကို လှန်ကြည့်ကာ မိမိနောက် ခြေရာကောက် ၍ တောက်လျှောက်ပင် ဝဋ်သုံးစင်း ဖန်ဆင်းပေးနေချေရာ

ကာမသက်သက် ရမ္မက်ဆက်ဖြင့် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ

http://www.dhammadownload.com



ယူခြင်း၊ သူ့ကာမ အစမ့်ဆွယူခြင်း စသည်များအပေါ်
တပ်မက်စိတ် အားကြီးလာပြီ။
ကိုယ်လှုပ်နှုတ်ဖွင့် ထပ်ဆင့်လာပြီ။
ပူပူလောင်လောင်ခံစား အမှတ်ထားခဲ့ပြီ။
ထိုစဉ်ကလည်း စိုးရိမ်မကင်း ကြောင့်ကြပင်း လက်ငင်း တပူပူ။
ယခု အနှံ့မှအခံသို့ ရောက်နေစဉ်ကာလ၌လည်း စိုးရိမ်မကင်း ကြောင့်ကြပင်း လက်ငင်းတပူပူပင်။

မကောင်းမှု ပြုကျင့်မိမှားလေသူ ပြုဆဲ၌လည်း စေတနာပူ သွေးလေပူကြောင့် အပူမကင်း တဟင်းဟင်းသာ။ နောက်၌လည်း စေတနာပူ၊ သွေးလေဆူကြောင့် အပူမကင်း တဟင်းဟင်းသာ။

မိမိစေတနာဖြင့် တိရစ္ဆာန်ပြည် လမ်းပွင့်နေသူကဲ့သို့ပင် ငရဲကောင်၊ ပြိတ္တာကောင်(အသူရကာယ်ကောင်) ဘဝများဆီသို့ မိမိတို့ စေတနာက ထိုးအပို့ခံနေကြရသူအားလုံးလည်း
ယခင်က ကိုယ်သည် ဝင်ရိုးစက်ကိုင်၊ သူသည် စက်ရုံသုံး ကုန်ကြမ်း ပစ္စည်း။
ယခုသော် သူက ဝင်ရိုးစက်ပိုင်၊ ကိုယ်က စက်သုံးကုန်ကြမ်း။
သည်မျှသာကွာမည်။ အပူကား ယခုနှင့်ယခင် အတူတူပင်။
တစ်ဖန် ကာမပေါ် ဘဝ၊ ဝိဘဝတို့ဖက်၍ လူဘက်၊ နတ်ဘက်၊ ဗြဟ္မာတို့ဘက် အထက်တက်စက်နှင့် ဖက်သူများလည်း တစ်ဘက် ကောင်းစားစေ ချမ်းသာစေလိုသော စေတနာများဖြင့်
ကိုယ်ခံစားမည့် ခနေ၊ သူတစ်ပါး ဝေမျှအသုံးချစေခြင်း၊

http://www.dhammadownload.com



ကိုယ်ခံစားလိုသော်လည်း သူ့အသက်သတ်လို့မှ စောင့်စည်းခြင်း၊

ကိုယ်ခံစားလိုရာ အာရုံစုံ ခမ္မအာရုံဖြင့် အစားထိုး ပယ်ဖျောက်ခြင်း၊

-ထိုစဉ်ကလည်း ဝမ်းမြောက်၊

-ယခုရောက်သောအခါလည်း ဝမ်းမြောက်ကြရသည်။

သို့ဖြင့်ပင်. . .

ထိုပြဟ္မာများလည်း ဈာန်ဝင့်ပတ် တစ်ပတ်ပြီးတစ်ပတ် မရပ်နိုင်ကြတော့။

ထိုနတ်များလည်း ကံဝင့်ပတ် တစ်ပတ်ပြီးတစ်ပတ် မရပ်လိုကြတော့။

ထိုလူများသည် ကံဝင့်ပတ် တစ်ပတ်ပြီးတစ်ပတ် မရပ်လိုကြတော့။

- ဝမ်းမြောက်ဥစ္စာသည်

- ပူဆွေးရမှု ဥစ္စာထက် ပတ်ရေပိုတက်မည်။

ယနေ့ ထိုဝဋ်ခင်းများသည် ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ သုံးမျိုးခွဲ့ သုံးဆယ့်တစ်ဘုံတို့အတွက် သတ္တဝါတိုင်း. . .

ဘဝ၊ ဘဝ နှင့်ချီ၍လည်း စုမိ စည်းမိပြီး ဖြစ်နေကြပြီ။

ကမ္ဘာ၊ ကမ္ဘာချဉ်း၍လည်း ရှာမီး သိုမှီး မိပြီးလည်းဖြစ်နေကြပြီ။

သို့ကြောင့် ဝဋ်လေပွေ မွှေလိုရာမွှေ ပတ်ရေကား နည်းပါးကြမည် မဟုတ်ပြီ။

မကြိုက်ဝဋ်လည်း သွတ်မိက မွတ်နေအောင် လည်ပေးရမည်။

http://www.dhammadownload.com



ကြိုက်ဝင့်လည်း သွတ်မိက မွှတ်နေအောင် လည်ပေးရမည်။

သတ္တဝါတိုင်း မိမိတို့ ကြံစည်ပြုလုပ်မှုမှန်သမျှ ဝဋ်မကင်းဆိုသည်ကို မသိမရှိသမျှ ကာလပတ်လုံး ထိုဝဋ်ခင်း လွတ်ကင်းဖွယ်မမြင်ပြီ။ အလွတ်ရှုန်းရန်ပင် မသိတတ်နိုင်ရာပြီ။

❖ ❖ ❖

http://www.dhammadownload.com

http://www.dhammadownload.com

## ဝဋ်လွှန်လျှပ် ဝန်ထုပ်ဖြစ်လာသည်

သတ္တဝါတို့၏ ဘဝသည် အစမထင်သော သံသရာမှဆို၏။ သို့မဟုတ် ဘယ်ကာလကပင် ဘဝစတင်လာခဲ့ရကြောင်း မသိဟူ၍ ပင်။

ဘဝရတိုင်း ရတိုင်းလည်း ထိုရသောဘဝ မပစ်ရက် မပယ်ရက် စွဲမက် မက်နေသောကြောင့် အသက်မွေးမှု ဝမ်းကျောင်းမှု ပြုပေးခဲ့ ရသည်ချည်းပင်။

ထိုစဉ် တစ်ဘက် အာရုံစုံ ပုံများရှိရာသို့ ဆိုင်ရာအကြည် ခေတ် ခွက်များ အတည့်လှည့်မိအောင် ချိန်ပေးထားရပြီ။

ဝေဒနာက ဘာလဲ၊ ဘယ်လိုလဲ စုံစမ်းပေးရသည်ချည်းပင်။

သညာကလည်း ဘယ်ဟာ၊ ဘယ်လို မှတ်ချက်ပေးရသည် ချည်းပင်။

နတ်တလူစာစဉ်

http://www.dhammadownload.com



ဝိညာဉ်ကလည်း ကြိုက်မကြိုက် အလိုက်ဆုံးဖြတ်ပေးရသည် ချည်းပင်။

ထိုအခါ စေတနာဦးစီးသော (အကုသိုလ်စု၊ ကုသိုလ်စု၊ ကြားနေစု) သင်္ခါရလုပ်သားများလည်း သူ့တာဝန်ကျရာသူ ယူပေးရသည် ချည်းပင်။

ဝေဒနာနောက်က တဏှာ၊ ဥပါဒါန်၊

သညာနောက်က ဝိပ္ပလ္လာသ၊

ကံ သင်္ခါရနောက်က ဝိပါက်နှင့် ဘဝခန္ဓာ၊

ထိုအရာများလည်း တစ်နွယ်ငင် တစ်စင်ပါ ပါခဲ့ကြသည်ချည်းပင်။

ထိုချည်းပင်များ များပြားလေသောအခါ

ဆိုးစုများ၌လည်း ကိလေသာ၊ ကံ၊ ဝိပါက် ဝဋ်သုံးခင်း တင်းကြမ်းပြည့် စုပြီးဆောင်းပြီး ဖြစ်လာနေကြပြီ။

ကောင်းစုများ၌လည်း ကိလေသာ၊ ကံ၊ ဝိပါက် ဝဋ်သုံးခင်း တင်းကြမ်းပြည့် သိုပြီး မှိုးပြီး ဖြစ်လာနေကြပြီ။

ကြားနေစုများ၌လည်း ကိလေသာ၊ ကံ၊ ဝိပါက် ဝဋ်သုံးခင်း တင်းကြမ်းပြည့် ကုပ်ပြီးချုပ်ပြီး ဖြစ်လာနေကြပြီ။ သို့မဟုတ်

ထိုသုံးခုတို့၏ လက်မှတ်ဖြင့် သတ္တဝါတိုင်း မည်သည့်ဘုံ မည်သည့်ဘဝမဆို ဝင်ရောက်ခို၍ ရနေကြပြီ။

ထိုမျှ သုံးကုန်စွဲဖြည့်၊ သုံးတိုင်းကုန် စွဲတိုင်းပြည့်အဖြစ်သို့ ရောက်ကြရလေသောအခါ

http://www.dhammadownload.com



ကိလေသာ တစ်ခုတည်းကလည်း ဝဋ်ကိုလွန် ဝန်ဖြစ်လာပြီ။

ကံတစ်ခုတည်းကလည်း ဝဋ်မှကျွံဝန်ဖြစ်လာပြီ။

ဝိပါက်တစ်ခုတည်းကလည်း ဝဋ်အလွန် ဝန်သွားဖြစ်နေပြီ။

သို့ကြောင့် ယင်းသုံးခုတို့သည်

တစ်ခုတည်းထဲတွင် ဝန်၊

သုံးခုလည်ရာတွင်ကား ဝဋ်၊

ဤသို့လျှင် အမည်ထူး နှစ်ခုတို့ဖြင့် ဝင်လှာသတ္တဝါ၊ ဝန် ဖြစ်ချိန်စီး ဝဋ်ဖြစ်ချိန်ဝါး စီးဝါးအရာ ဝင်နေကြပါပြီ။

ထိုဝဋ်ခင်းများကို အသုံးချကောင်းသော ပစ္စည်းအထင်ဖြင့် အစွဲတင်အခင်ဖြစ်နေကြရသူ သတ္တဝါတို့ခမျာ မြေဩဇာအရာဝင် သဖြင့် နွားချေးများကို စုရာမှ မေးခိုင်ပိုးဝင် သေပွဲရှိရာ အပြေးနှင် နေရသူပမာ. . . .

ဝဋ်လွန်ရာ ဝန်ထုပ် အလုပ်ကြီးတစ်ခုကဲ့သို့လုပ် ထမ်းလျက် ကပင်။

ဇာတိ၊ ဇရာ၊ မရဏ သေချေးတန်း မနားတမ်းပြေးနေကြရပြီ။

ကိလေသာ၊ ကံ၊ ဝိပါက်စက် တက်လိုက်နေရပြီ။

ကာမ၊ ဘဝ၊ ဝိဘဝ၊ စုံ-မ စက်၍ ရက်ဆက်ရွေးနေကြရပြီ။

ထိုစဉ် ကိလေသာ ဝန်ထုပ်ကြီးကလည်း မည်သည့် ကာလမျှ စိတ်ပခုံးပေါ်က မချရ၊ တစ်ခုမဟုတ်တစ်ခု တွေးပေးနေရ၏။

အသစ်အာရုံကျ ကျရာအာရုံနောက် လိုက်ပြေးပေးနေရ၏။

လက်မိခံစားခွင့်ရ ရရာအာရုံ ခံမင်ပေးနေရ၏။

နတ်တလှစာစဉ်

http://www.dhammadownload.com



အာရုံများ အထိအတွေ့ဖြင့် လာမပတ်သက် ဖြန့်ကျက် ရှာပေးနေရ၏။

သည့်အတူ အလိုမကျ အားမရဖြင့် စိုက်ထမ်း ထမ်းပေးနေရခြင်း၊

နင်မှလား၊ ငါမှလားဖြင့် ဖက်ပြိုင်ထမ်း ထမ်းပေးနေရခြင်း၊

ဒါ ငါ့ဟာ၊ ဟိုဟာ သူ့ဟာဖြင့် ခွဲတမ်းချထမ်း ထမ်းပေးနေရခြင်း၊

ဟိုလေလား၊ သည်လေလားဖြင့် ဝေဝါးဝါးထမ်း ထမ်းပေးနေရခြင်း၊

ထိုင်းမှိုင်းပျင်းရိ ဟိုမမိ သည်မမိဖြင့် ရိထမ်း ထမ်းပေးနေရခြင်း၊

ဖောက်ကြမ်းကြမ်းဖြင့် မရှက်ထမ်း မကြောက်ထမ်း ထမ်းပေးနေရခြင်း၊

စိတ်ကို ညစ်နွမ်းစေတတ်သော သဘာဝတရားက ဆယ်မျိုးမို့သာတော်တော့၏။ ဆယ်ဆတိုး အမျိုးတစ်ရာ ဖြစ်နေပါမူကား အိပ်ထမ်းပင် ထမ်းခွင့်ရတော့မည် မဟုတ်ပြီ။

ထိုဆယ်မျိုးတို့တွင် တစ်မျိုး တစ်မျိုးလျှင် မြင်ရာကြားရာ တံခါးခြောက်ပေါက်တို့မှ အဆင်း၊ အသံ စသည် ခြောက်မျိုး၊ နောက်တိုးကား မြင်သမျှ ကြားသမျှသော သက်ရှိသက်မဲ့ ဝတ္ထုအာရုံ အပုံဖိုး၊ အချိန်အားဖြင့်ကား နေ့ညမစဲ၊ အိပ်သော်မှ မောဟနှင့် တွဲလျက်သာ။

တွက်ကြည့် မှတ်မိနိုင်လောက်စရာမရှိ။
ထမ်းပြ မှန်းရခမန်းမရှိ။

နတ်တလူစာစဉ်

http://www.dhammadownload.com



ဆယ်မျိုးစလုံး သည်အချိုးအတိုင်းလျှင် စိတ်ကိုင်ရာ သူတို့ပါဖြင့် နေရာတကာ သူတို့ကသာ စိုးပိုးနေကြရာ

သန္တတိ အမတ်ကြီးသည် သူအလွန်နှစ်သက်သော ဂီတ မာလာလေး သေဆုံးသွားရာမှ သောကဝန်ထုပ် ခေါင်းခုစုပ်မပါဘဲ ထမ်းရှာရချေရာ ရင်မှာ ကျပ်သည်အထိလည်း လေးလံလွန်းလှ၏။ ပူလွန်းမကသော ပူခြင်းအထိလည်း ပြင်းလွန်းလှ၏။ အိပ်မရ၊ စားမရ အထိလည်း မောလှပန်းလှ၏။

နာရီပိုင်းမျှမဟုတ်၊ အချိန်ပြည့် ရက်ပြည့်။

တစ်ရက်တည်းလည်းမဟုတ်၊ ရက်တိုင်း။

ဘုရားအကူရ၍ ဝန်ချခွင့် ရရှာ၏။ မရခဲ့ပါသော်. . .

တစ်ဘက်ဘဝအထိလည်း ထမ်းဝင်သွားရပါတော့မည်။

သံသရာတစ်လျှောက်လုံးလည်း ထမ်းပြေးနေရပါမည်။

ထိုဝန်မျိုး တစ်မျိုးမဟုတ် အမျိုးမျိုး လက်ဝယ်မိ ရှိနေကြသော သတ္တဝါ (လူသား)များဆိုက မတွေးဝံ့စရာပင်။

သည့်အတူ ကံဝန်ထုပ်ကြီးများကလည်း. . . .

ကိုယ်ဖြင့် လုပ်ခွင့်ရလျှင်ရ မရ နှုတ်ဖြင့်။

နှုတ်ဖြင့်ပင် လုပ်ခွင့်ရလျှင်ရ မရ စိတ်က။

ဤနည်းဖြင့်. . . .

ကိလေသာအတွေး စိတ်ကို အကြံပေးတိုင်းလည်း လုပ်ပေးလှုပ်ပေးနေကြရ၏။

ကိလေသာအတွေး စိတ်နှင့်အတူ ပြေးတိုင်းလည်း စိတ်သွားရာ

http://www.dhammadownload.com



ကိုယ်ပါ လိုရာရာ လုပ်ပေးနေကြရ၏။

ကိလေသာက စိတ်နောက်လိုက် ကြိုက်သည်ပြောလျှင်လည်း ပြုံးပေးရ၊ လက်ကမ်းပေးရ ကြိုဆိုပေးနေကြရ၏။

သည့်အတူ. . . .

မကြိုက်က အမူရာတစ်မျိုး၊ တိုက်ခိုက်စရာ မြိုင်စရာရှိက အမူအရာ တစ်မျိုးတို့ဖြင့် ကိလေသာဆယ်မျိုး မည်သည့်အရာက သွေးတိုး သွေးထိုး ထိုအမျိုး တစ်မျိုးတစ်မျိုး၏ စိတ်ထားမျိုးများအတိုင်းလျှင်

စိတ်သဘောထားဖြင့်လည်း သွင်းပေးနေကြရပါသည်။

နှုတ်နှင့်တန် ဖွင့်အန်၍လည်း ပြောပေးနေကြရပါသည်။

ကိုယ်နှင့်သင့် တိုယ်ချင်းဖြင့်လည်း လုပ်ပေးနေကြရပါသည်။

ထိုကံအလုပ် ကံဝန်ထုပ်ကြီးများကလည်း မျက်စိနှစ်လုံး ပွင့်ချိန်မှ မှိတ်ချိန်အတွင်း မည်၍မည်မျှဟူ၍ စဉ်းစား၍ပင် မရကြပြီ။

မွေးစမှ အရွယ်မရောက်အတွင်း

အရွယ်ရောက်စမှ ကာလသား ကာလသမီးဘာဝအတွင်း

ကာလသားသမီးမှ အိမ်ထောင်ကျစအတွင်း

အိမ်ထောင်ကျစမှ ယခုတိုင်အောင်အတွင်း

-စိတ်ဖြင့် ပြုကျင့်ခဲ့ဖူးသော အကြိမ်ပေါင်း၊

-နှုတ်ထွက် ဆက်ခဲ့ရဖူးသော အကြိမ်ပေါင်း၊

-ကိုယ်ထိလက်မြောက် ဖောက်ခဲ့ရဖူးသော အကြိမ်ပေါင်း၊

စာရင်းကား ဇယားပင် ချပြစရာအကွက်မရှိကြတော့ပြီ။ သည်မှ

http://www.dhammadownload.com



ဆက် သေဘက်ကျအောင်လည်း နည်းနည်းလောက်ပါ၊ စိတ်တွေးရှင်းကင်းသလောက်ပါပဲ မပြောဝံ့ကြသေးပြီ။

သည့်အတူ ထိုကိလေသာဝန် ကံဝန်ကြီးများ၏ အလေးချိန်အတိုင်းပင်

ဝိပါက်၏ အကျိုးသက်၊

ကိုယ်ခန္ဓာဘက် ကြည့်ပြန်ပါသော်

ဝမ်းဟာ၍ စားပေးရ ပြီးမှ မပြီးသေး အညစ်အကြေးများ ပြေးစွန့်ပေးရကလည်း တစ်ရက်မဟုတ် တစ်လမဟုတ်၊ ညောင်း၍ ထိုင်ပေးရ ထိုင်၍မှမကြာသေး ထပေးရကလည်း တစ်ချိမဟုတ် နှစ်ချိမဟုတ်။

တစ်ဖန် ထိုကိစ္စပေါ်လာသဖြင့် သွားပေးရ၊ ဆုံးကာရှိသေး ပြန်လာပေးရကလည်း တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်။

ထိုအလုပ်များကို အချိန်ပြည့်ထမ်း ပန်းလျှ၊ နွမ်းလျှသဖြင့် ဝန်ထုပ်ပစ်ချ အိပ်မကွ ဆိုသည့်တိုင်၊

ထိုအိပ်စက်လျက်ကပင် ဘယ်ညောင်း ညာပြောင်းပေးရ၊ ညာညောင်း ဘယ်ပြောင်းပေးရများကလည်း တစ်ကြိမ်တည်းလည်း မဟုတ်၊ နှစ်ကြိမ်တည်းလည်း မဟုတ်။

သည့်အတူ. . .

ပူအိုက်သော် ရေချိုးပေးရ၊ ယပ်လေခတ်ပေးနေရခြင်း၊

ချမ်းလွန်းသော် စောင့်ခြုံပေးရ၊ မီးလှုံပေးနေရခြင်း၊

စိတ်အညောင်းမိ ပွဲကြည့်ပေးရ၊ နားထောင်ပေးနေရခြင်း၊

သွေးသားတောင်း အာရုံငါးမျိုး ကြည့်ကြားနမ်း စသည်ဖြင့်

http://www.dhammadownload.com



ပေါင်းပေးနေရခြင်း စသည်. . . . ။

ခန္ဓာ့ဝန်ထုပ်ကြီး ထမ်းပိုးပေးနေရခြင်းများကလည်း မွေးစမှ ယနေ့တိုင် တွက်ကြည့် မသိတတ်နိုင်ရာပြီ။ နေထွက်မှ နေဝင်အထိပင် မှတ်မိနိုင်စရာ မရှိကြပြီ။

ကူလီဝန်ထမ်းများ၏ အလုပ်ကား နံနက် နေမြင့်မှဝင်၊ နေ့လယ် နား၊ ညနေ နေကျပြန်သွားခွင့်ရကြသေး၏။

ကူလီဝန်ထမ်းများ၏ ဝန်ချိန်ကလည်း ယောကျာ်းတစ်ဦးအတွက် အလွန်ဆုံး အချိန်လေးဆယ်မျှသာ။

ကူလီဝန်ထမ်းများ၏ လုပ်သက်ကလည်း အသက်(၃၀) မှ (၅၀) အတွင်း လောက်မျှသာ။

ဤဆိုခဲ့ပြီး ကိလေသာဝန်၊ ကမ္မဝန်၊ ခန္ဓာ့ဝန် အထမ်းသမား တို့မှာမူကား ကာလအချိန်အပိုင်း၌လည်းမရှိ၊ ဝန်ချိန် အပိုင်းအခြား လည်းမရှိ အသက်အပိုင်းအခြားလည်း မရှိချေ။

ကုန်တင်ကုန်ချ ဝန်ထမ်းသမားများကဲ့သို့

လေးလွန်းသည် ခဏချဦးမည် မရှိ။

မောသေးသည် ခဏနားဦးမည်လည်း မရှိချေ။

တစ်ဦးနှင့်တစ်ဦး နင်နည်းသည် ငါများသည် တွက်ကပ်ခြင်း လည်း မရှိ။

ကိလေသာတို့၏ ဦးစီး အဝိဇ္ဇာတဏှာသည်

-မေ့မေ့နေတတ်သူကို အလွန်သဘောကျ၏။

-စိတ်အလို ကိုယ်လိုက်တတ်သူကိုလည်း အလွန်သဘောကျ၏။

http://www.dhammadownload.com



-ကိုယ့်ကိုယ်ကိုယ်ညှာ ကိုယ်တွက် မခိုင်းစားတတ်သူကိုလည်း အားကိုး၏။

ထိုလူမျိုးများ သူတို့ခိုင်းရာ လုပ်တတ်သောကြောင့်တည်း။

ထိုလူမျိုးများ သူတို့ပြန် မတော်လှန်တတ်သောကြောင့်တည်း။

ထိုလူမျိုးတို့၏ တစ်နေ့တာလေးမျှ ထမ်းရွက်ခဲ့ရသော ဝန်ထုပ်များက ထိုသူတို့အား သံသရာအထိ ခရီးအဆက်ခိုင်းမည်။ အောက်တန်းသွားဘဝမျိုးအထိလည်း ပို့ခိုင်းမည်။ ကာမဒုက္ခ၊ ဘဝဒုက္ခ အဝဝတို့ကိုလည်း လှလှကြီးပေးဦးမည်ဆိုသည်ကို အမှတ်အသိကြောင့် အတတ်သိ သိနေကြပါမူကား သည်မျှထမ်းပိုးကောင်းကြမည်မဟုတ်။ သည်မျှအထိ စေတနာထန် စိတ်အားသန်ကြမည်လည်းမဟုတ်။

ယခုသော် အာရုံလျှော်ရာ အပျော်လိုက် ကိလေသာ တိုက်ရာ အကောင်းထင် မေ့မေ့ကြီးနှင့် ပြိုင်ပွဲဝင်နေကြတော့ရာ ပန်းအဝင်ကား. . . .

လူဖြစ်က လူရုပ်နှင့် လူနာမ် သုသာန်မှာ ချထားခဲ့။ စွဲစိတ်ကားသန်ရာဘက် ဝန်ထုပ်ကြီးနှင့် ဆက်ကြလေဦး။

တရားသော အထုပ်ဖြစ်က နတ်၊ ပြဟ္မာတို့ဘက်၊

မတရား အထုပ်ကြီးဖြစ်နေက အပါယ်ဘုံဘက် ခရီးဆက်ကြပေဦး။

သည့်အတူ ခွေးလည်းခွေးအလိုက်၊ ဝက်လည်းဝက်အလိုက်။

ဝိပါက်အမှန် ဇောအပြန် ဆိုသည့်အတိုင်း။ ဇောကသာ ခွေးဘဝ၊

http://www.dhammadownload.com



ဝက်ဘ၀။ လူ့မစင်တွေ့ သောမနာဖော ကျသော်လည်း လူဖြစ်လာက ထိုဇောများ ပြန်တတ်ပြီး. . . .

ဝိပါက်မှာမှုကား ခွေးမို့လို့ မတရားအလုပ်က မတရား ဝန်ထုပ်ထမ်းစေလျက်က မကောင်းဘဝဘက် ဆက်ရန်မလို၊ မရှိဆက်ကြရမည်သာ။

တစ်ဖန် ထိုလူမျိုးတို့၏ မိမိတို့ ထမ်းထားရသော ဝန်ထုပ်မည်မျှနှင့်၍ မည်မျှအထိ အင့်နေကြောင်း ကိုယ့်ခန္ဓာကိုယ် တစေ့တစောင်းချောင်းမြောင်းကြည့်တတ်ကြပါမူ

အဝိဇ္ဇာအံ့ပြော သဘောကျကြတော့မည် မဟုတ်ပြီ။

တဏှာအဖော်သွေး အပြေးလိုက်ကြတော့မည် မဟုတ်ပြီ။

အကယ်တိတိ မိမိတို့ စိတ်စေတနာ အလေးအနက်ထားရာ သားသမီးဇနီးများ အရေးပေါ်လာချိန်ရှိ မိမိ၌ ဝန်ပိနေသောကြောင့်။

နေမရ ထိုင်မရ သက်ပြင်းတချချ ကာလမျိုးဝယ် မိမိသို့ သတိအသိကပ် ရှုမှတ်ကြည့်ပါမူ ထိုဝန်ထုပ်ကြီးများ၏အကြောင်းကောင်းကောင်းကြီး သဘောပေါက်ခွင့်ရကြမည်။

ဝန်ချမလား၊ ဆက်ထမ်းမလား ဆုံးဖြတ်ရုံမျှ ရှိတော့သည်။

❖ ❖ ❖

http://www.dhammadownload.com

## ကိလေသာဝဋ်ပျက် ကံမဆက် ဝိပါက်မလားသာ

ဤစာစဉ်သည် ဝန်ထုပ်ကြီးများကို ပစ်ချရာ၏ စကားနှင့် စပ်ဆိုင်ရာချည်းသာ ဖွင့်ဆိုသော စာစဉ်ဖြစ်၏။

သို့ကြောင့် အစတွင် ကိလေသာအကြောင်း၊ ကံအကြောင်း ဝိပါက်အကြောင်း ပြောခဲ့ပြီးပြီ။

ထိုနောက် ယင်းတို့ အရှိန်ဆက်လာချိန် တစ်ခုမှတစ်ခု ဆက်ဝင်ဘက်ကူးလာကြကာ ဝဋ်လိုက်လာပုံကြောင်း ပြောခဲ့သည်။

နောက်ဆုံး ယင်းတို့ကပင် ဝဋ်အရှိန်လွန် ဝန်ဖြစ်လာပုံ ပြောဆိုပြီး သတ္တဝါတိုင်း ထိုဝန်ထုပ်ကြီးများဖြင့် လေးပိနေပုံပါ ပြောခဲ့သည်။

ယခု ပြောရန်ကား ထိုဝန်ထုပ်ကြီးများ ပစ်ချလိုကြပါကုန်သော

http://www.dhammadownload.com



ဘုရားသားတော် သမီးတော်များအတွက် ဝင့်အဆက်ပြတ် ဝန်ဘက်ရပ် အမြတ်ဝန်ကင်းခြင်းဆိုင်ရာများ ပြောဖို့သာကျန်တော့သည်။

ငါတို့ သာသနာသည်

လောကဖြစ်အောင်လည်း မန်တီးနိုင်စွမ်းရှိ၏။

လောက ပြတ်အောင်လည်း ဖန်တီးနိုင်စွမ်းရှိ၏။

ငါတို့ သာသနာသည်

ကာမအာရုံ ခံစားရင်းက ဓမ္မအာရုံပါ ခံစားနည်းလည်းရှိ၏။

ကာမအာရုံသို့ မသက်၊ ဓမ္မအချက်အလက်ချည်း ခံစားနည်းလည်းရှိ၏။

အကယ်၍သာ သင်ဖြစ်စေ၊ ငါဖြစ်စေ၊ အများဖြစ်စေ ဘုရားအဆုံးအမတော်အတိုင်း ရိုသေစွာ လိုက်နာကျင့်သုံးကြပါမူ

ခဲတစ်လုံး စာသုံးကောင် မှန်နည်းပမာ. . .

ကာမကိစ္စလည်း ကံအကျိုးခံစားခွင့်ရ ပြီးစီးကြရမည်။

ဝန်များလည်းကင်း သည့်အခင်း သည်နေရာမှာပင် ရှင်းပြီးဖြစ်ရမည်။

လောကကိုချည်း ယင်းလောကတွင်းကလည်း ထွက်ပြီးသားဖြစ်ရမည်။

ဘုရား ကျောင်းဒကာကြီး အနာထပိဏ်သည် သားစာ မယားစာရှာဖွေရန်အတွက် ရာဇဂြိုဟ်ပြည်ဘက် ကုန်ရောင်း ကုန်ဝယ်ထွက်ခဲ့ရင်းက သောတာပန် ဖြစ်လာရသူဖြစ်၏။ တစ်ဖန်. . . .

မိမိ သာဝတ္ထိ ပြန်လည်ရောက်သောအခါတွင်လည်း သားစာ၊

http://www.dhammadownload.com



မယားစာ ရှာဖွေပေးခြင်းဖြင့် မိမိဝတ္ထုရားကိုလည်း မပျက်မကွက် ဆောင်ရွက်၏။

မိမိ၏ ကာမကျက်စားရန် ကံက စီမံပေးထားသော သားမယား နှင့် ပေါင်းဖက်ခြင်းများကိုလည်း ယခင်အတိုင်းပင် ဆက်ဆံမြပင် ဖြစ်၏။

သို့တိုင်လည်း

အတွေ့နှင့်အတွေး အပေးနှစ်မျိုးရှိချေရာ

အတွေ့ကိုသာသုံး အတွေးကိုကား လုံးလုံးမသုံးပြီ။

သို့ကြောင့်လည်း အပါယ်ဝန်ကင်းရှင်း အပါယ်ဝဋ်ဆင်း မှုလည်း စာရင်းရှင်းပြီး ဖြစ်သွားစေခဲ့ပြီ။

ဝတ္ထု ငါးပုံ၊ အာရုံ ငါးမျိုးတိုင်း၌

အမည်ပေးဖြင့် အတွေးကိုဖြစ်စေတတ်သော ပညတ်၊

ဝတ္ထုပေးဖြင့် အတွေ့ကိုဖြစ်စေတတ်သော ပရမတ်၊

ဤသို့လျှင် နှစ်မျိုးစီ နှစ်မျိုးစီ ရှိနေမြဖြစ်ရာ

ကလေးတိုင်း ငှက်ပျောသီးမှည့်၏ ချိုမြိန်သော အရသာကို စွဲမက်တတ်ကြပြီး ငှက်ပျောသီးစားရာမှ ထဖြစ်သော ဗိုက်နာရောဂါ ကိုကား မလိုလားကြပြီ။

သို့စဉ်လျက် ထိုကလေးများ ငှက်ပျောသီးစားပြီးနောက် ဗိုက်နာ ရောဂါ ကျရောက်လာခြင်းကား. . . .

အခွံခွာ မစားတတ်ကြ၍တည်း။

အခွံသည် ဗိုက်နာရောဂါ စွဲကပ်တတ်ကြောင်း မသိ၍တည်း။

http://www.dhammadownload.com



တစ်ဖန် လူကြီးတိုင်းလည်း ငါးအလွန်ကြိုက်နှစ်သက်ကြ၏။ အရိုးစူးခြင်းမျိုးကိုကား မည်သူမျှ မနှစ်သက်ကြ။

သို့စဉ်လျက် ထိုလူကြီးများ ငါးစားလျက်က အရိုးမျက်ခြင်းကား ငါး စားမတတ်ကြသေး၍တည်း။

အစားကြမ်း အရိုးထွင်ခန်း မေ့နေကြ၍တည်း။

သို့ပမာလျှင် အမည်နှင့်ဇာတ် နှစ်ရပ်ရှိကြရာတိုင်း အမည်ကို ပလပ်၍ အသုံးမချတတ်က ဝင့်လိုက်ခြင်း၊ ဝန်ပိခြင်းဒဏ် ဧကန်ခံကြရမည်။

အကယ်တိတိ အမည်မမှတ် ဇာတ်ကိုချည်း သုံးတတ်ကြပါမူကား

ငှက်ပျောသီး၏ ချိုသော အရသာဓာတ်သည် တစ်ခါမြှုံ တစ်ခါချို အမြှုံကုန် အချိုဆုံး လုံးလုံးမကျန်ရစ်။

သည့်ပမာလျှင် ကာမအစု ဝတ္ထုများ၏ အတွေ့ပေး ဇာတ်များ သည်လည်း တစ်ခါထိမှ တစ်ခါတွေ့ အထိလည်းကုန် အတွေ့လည်း ဆုံး ဘာဆိုဘာမျှ လုံးလုံးမကျန်ရစ်ခဲ့တော့ရာ. . . .

-တသသတွေး ဝန်လေးစရာမရှိ။

-အတွေးပေါ်ကံဆက်၊ ဝိပါက်လိုက်စရာလည်း မရှိ။

သည်သို့သောနည်း ငါတို့သာသနာမှာ အပြီးရှိ၏။

သည်သို့သောအရာ ငါတို့ သာသနာမှာ ကျင့်စရာရှိ၏။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ခါနီးပြီ။ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေလည်း စုရုံးစုရုံး ဖြစ်နေကြပြီ။ ထိုစဉ် ပရိနိဗ္ဗာန်စံဝင်ခါနီးတည်း တည်းအလို ဥပက-ဘာဝါတို့မှ မွေးသော သုဘဒ္ဒ ပရိဗိုဇ်သည် ဘုရား

http://www.dhammadownload.com



နှင့် တွေ့ခွင့်ပြုရန် ခွင့်ပန်၏။ အားလုံးက ခွင့်မပေး။

ထိုအခင်း ဘုရားနားတော်သွင်း ရောက်သွားရာ ဝင်ပါစေ၊ လာပါစေ ခွင့်ပြုကြပါဆိုသဖြင့် ခွင့်ပေးကြရ၏။

ဘုရားထံမှောက်ရောက်သောအခါ

အရှင်ဘုရား. . . .

ကိလေသာ ငြိမ်းသောနည်း အဘယ်မှာရှိပါသနည်း။

လောကမှ ထွက်မြောက်ရာခရီး အဘယ်မှာရှိပါလေသနည်း။

ထိုသုဘဒ္ဒပရိဗိုဇ်က မေးလျှောက်ရာ

သုဘဒ်

ကောင်းကင်ဝယ် ခရီးသွားခြေရာ မရှိပြားသို့

ငါဘုရား၏ သာသနာအပြင်ဘက် ကိလေသာငြိမ်းသက်အေးချမ်းရာ နည်းမရှိ။

ကောင်းကင်ခရီးဖြင့်လမ်းလျှောက် လမ်းဆုံးလမ်းပေါက် မည်သည် မရှိဘိသို့။

ငါဘုရား၏ သာသနာ အပြင်ဘက်၌လည်း လောကမှ ထွက်မြောက်ရာ ခရီးဆုံးလမ်းမည်သည်မရှိ။

ထိုခဏမှာပင် ထိုသုဘဒ် ကျွတ်တမ်းဝင်ရပြီ။ ဘုရားရှင် သက်တော်ထင်ရှားကာလ၏ နောက်ဆုံးသာဝကဟူ၍ မော်ကွန်းအတင် ခံရပြီ။

ဤ၌ ဆိုလိုသည်မှာ အတွေ့ပေး၊ အတွေးပေး ဝတ္ထုအာရုံတိုင်း နှစ်မျိုး၊ နှစ်မျိုးချည်း ရှိမြဲဖြစ်ရာ. . .

နတ်တလူစာစဉ်

http://www.dhammadownload.com



မတွေ့ခင်ကတည်းက အတွေးမိနေသော ထိုစိတ်၊
တွေ့ဆဲ၌လည်း တွေးဆဲဖြစ်နေသော ထိုစိတ်၊
တွေ့ပြီးနောက်လည်း အတွေးပြန်ကောက်လေ့ရှိသော ထိုစိတ်၊
ရေကြောင့်ဖြစ်သော ရွှံ့ လူ၌ ပေကျံခဲ့သော်
ထိုရေဖြင့်ပင် ပြန်လည်ဆေးကြောပေးရဘိသို့၊
စွဲစိတ်ကို မှတ်စိတ်ဖြင့် ဆေးကြောလျက်က
အထိနှင့်အသိ တစ်ထပ်တည်း မိနေစေရန်၊
အသိနှင့်အရှိ တစ်ထပ်တည်း မိနေစေရန်၊
-သုံးရင်းပယ်
-ပယ်ရင်းသုံး
အတွေးပေး လုံးလုံးမသုံးမိခဲ့လျှင် ထိုစိတ်. . .
ရှေ့ကြိုရောက် ထောက်ပေးခြင်း ရှိတော့မည်မဟုတ်။
နောက်ပြန်တွေး နွေးပေးခြင်းလည်း ရှိတော့မည်မဟုတ်။
လက်ငင်းတွေ့ မေ့မေ့ကြီးဖြင့် ခံစားနေတော့မည်လည်း မဟုတ်ပြီ။

ကောင်းကောင်းသုံး၊ လုံးလုံး မစွဲစေသော နည်းမှန်လမ်းမှန်ကား အဆင်သင့်။

သင့်ဘက်ကသာ. . .

ငါသည် ဝဋ်ဒုက္ခ တကယ်ကြောက်၊ မကြောက်။

ငါသည် စိတ်ဝန်အပိကို ကိုယ်ဝန်အပိလောက် ကြောက်မကြောက်။

http://www.dhammadownload.com



ငါသည် ဝဋ်လွတ်ရာဆက် တကယ်နှစ်သက်၊ မနှစ်သက်။

ဤမေးခွန်းများ ကိုယ့်ကိုယ်ကိုယ် အပြန်အလှန်မေးထားဖို့ပင်။

ဤမေးခွန်းများ မေးတိုင်း ကြောက်လှပါပြီဆိုသော အဖြေ၊ အသည်းထဲ၊ ကျောက်ကပ်ထဲမှနေ ပေးနေကြပြီဆိုက ဤ ဘုရား ပေးသော . . .

အတွေ့ကိုသုံး၊

အတွေးကိုကား သတိသုံး၍ ဖုံးထားခဲ့အတိုင်း ကာမလည်း လက်မပျက်၊ ဓမ္မဘက်လည်း လက်မကွာ၊ ဝဋ်ကွာဝန်ကင်း စာရင်း ရှင်းပြီးကို ကျင့်သုံးကြည့်သင့်၏။

အကယ်တိတိ သင်လုပ်နေသောအလုပ်၊ သင်ထားသော သဘော ထားများအပေါ် . . . .

ဝဋ်ဒုက္ခဟူ၍လည်း မထင်၊

ဝန်ပိနေခြင်းကိုလည်း မမြင်၊

ဝဋ်အလိုက် အကြိုက်ဝင်နေခဲ့ချေသော် ဤဘုရားပေးသောနည်း သင် ဖတ်ရှုနေခြင်းဖြင့် သင့်အတွက် အချိန်ကုန်ရုံမှတပါး အခြား ဘာမျှ အကျိုးဖြစ်ထွန်းလိမ့်မည် မဟုတ်ချေ။

သာဝတ္ထိတွင် ဘုရားလက်ထက်တော်ကာလက လူဦးရေ ဆယ်သန်းရှိရာ

ရှစ်သန်းကား အရိယာဇာတ်သား၊ အတွေ့ဖြင့်သာ ပြီးစီးကြ သူများ၊

တစ်သန်းကား ပုထုဇဉ်သား အတွေးပွားနေကြသူများ၊

http://www.dhammadownload.com



တစ်သန်းကား ဘုရားဂုဏ် အယုံမထား အလကားနေသူများ၊

ဤသို့လျှင် လူတန်းစားကြီး သုံးရပ်ရှိနေချေရာတွင်

သင်သည် မည်သည့် လူတန်းစားထဲ၌ ပါနေသည်သို့မဟုတ်ပါ လိုသည်ကို သင့်ထံရှိ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတို့နှင့် တိုက်ညှိကာ သင့်ကိုသင် ဆန္ဒမဲပေးသင့်ရာ၏။ စင်စစ်

ထိုလူတန်းစားကြီးသုံးရပ်တို့သည် ဘုရားရှင်က ခွဲခြားပေးထားသည်မဟုတ်၊ ဘုရားရှင်က အတန်းခွဲလက်ခံထားခြင်းကြောင့်လည်း မဟုတ်။

ထိုထို လူသားတို့၏ သဏ္ဍာန်၌ ရှိနေသင့်သော

သဒ္ဓါ-ဘုရားရှင်၏ဂုဏ်၊ တရားတော်ရှိ ဓမ္မသတ္တိဂုဏ်၊ မိမိရှိရုပ်ဂုဏ်၊ စိတ်ဓာတ်များမှ ဖြစ်သော စွမ်းအားသတ္တိဂုဏ်၊ ထိုဂုဏ်များ အပေါ် အယုံထားခြင်း၊ မထားခြင်း. . .။

ဆန္ဒ- ဘုရားရှင် ပေးသနားသော နည်းထား၌ လိုက်စားလိုခြင်း ရှိ၊ မရှိ။

ဝီရိယ-အစွဲထားများအပေါ် ပြတ်သားစွာ ဖြတ်သွားဝံ့ခြင်းရှိ မရှိ။

ဤသုံးပါးတို့က လူတန်းစား ခွဲခြားပေးထားခြင်းသာ။

ထိုလူသားအားလုံး ကောင်းစားချင်၊ ချမ်းသာချင်ကြသူချည်းပင်။

ထိုလူသားအားလုံး ရန်ကင်း ဒဏ်ကင်းချင်ကြသူချည်းပင်။

ထိုစဉ် ကောင်းစားချမ်းသာခြင်းကို ကိုယ်ပိုင်စိတ်ကသာ ပေးစွမ်းနိုင်၏။ ကြိုက်စိတ်၊ ကြိုက်စွဲများက မပေးစွမ်းနိုင်။

ရန်ကင်း၊ ဒဏ်ကင်းခြင်းကို အရှိဆံ အမှန်မြင် ဉာဏ်ကသာ

http://www.dhammadownload.com



ပေးစွမ်းနိုင်၏။ အစွဲသိ အစွဲတေးများကား မပေးစွမ်းနိုင်။

သို့ကြောင့် ကောင်းစားချမ်းသာ ရန်ကင်း၊ ဒဏ်ကင်းရာ လိုလားသူတိုင်း. . .

ကိလေသာနှင့်စိတ် ချိတ်မိနေခြင်းကို ဖျင်ပေးကြရာ၏။

ဥပါဒါန်နှင့်စိတ် ယှဉ်အိပ်နေခြင်းကို နှင်ပေးကြရာ၏။

ထိုအရေးများ ဖြေရှင်းပေးနိုင်စွမ်းရှိသည်မှာ သတိတစ်လုံးသာ။ ထိုသတိသည် လူသားများ၏ အသက်တည်း။

သတိကင်းမဲ့နေချိန်သည် ရုပ်သက်သာရှိ၊ နာမ်သက်မရှိ ချိန်တည်း။

သတိဝင်နေချိန်သည် ရုပ်သက်လည်းရှိ၊ နာမ်သက်လည်း မိနေချိန်တည်း။

လူမှန်လျှင် မိမိလုပ်ရှားသမျှ၌ အကျိုးရှိ အကျိုးမဲ့၊ အပြစ်ရှိ အပြစ်မရှိ ခွဲခြားသိ သိနေစေရမည်။ သတိကင်းမဲ့ချိန်၌ ထိုအတော အတွင်း မည်သို့ စိတ်ကွင်းဆင်းနိုင်အံ့နည်း။

ဤ၌ လူသားထုအတွင်းဝယ်

ဂုဏ်ဟိတ် လုံးဝကင်းနေသူ လူသား(အဟိတ်ပုဂ္ဂိုလ်)

ဂုဏ်ဟိတ် နှစ်ခုမျှ ပါဝင်နေသူလူသား(ဒွိဟိတ်ပုဂ္ဂိုလ်)

ဂုဏ်ဟိတ်သုံးမျိုးစုံ အကုန်ပါဝင်နေသူ လူသား(တိဟိတ် ပုဂ္ဂိုလ်)

ဤသို့လည်း လူတန်းစားကြီး သုံးရပ် ကွဲနေကြသေး။ ထိုတွင်

ဤလူ့ဘဝသို့ ရောက်ရန် ရရန်၏ မူလအခြေခံဖြစ်သော သူကောင်းပြုဖြင့် ကိုယ်ကောင်းစုအရာဝင် ပေးကမ်းရက်ရောမှုပြုစဉ် အခါတုန်းက

http://www.dhammadownload.com



တစ်ဘက်က တောင်းခံစဉ် အမှုမဲ့မဲ့ အမှတ်မဲ့မဲ့ဖြင့်သာ ပေးကမ်းမိခဲ့ခြင်း၊

မိမိကိုယ်တိုင် ပြုလုပ်စဉ် အများနှင့် ရောယောင်လျက်ကသာ ပြုမိခဲ့ခြင်း၊

မိမိပြုလုပ်ဆဲ ကောင်းမှုအကြား စိတ်ဝင်တစားမရှိခြင်း၊

ထိုလှူဖြစ်ကြောင်းဝင် ကောင်းမှုရှင်သည် ထမင်းမဖြစ်မီ ဆန်ကတည်းကပင် ကြွက်ချေးများပါ ပါနေခဲ့ခြင်း၊ ကျောက်ခဲများ ထုတ်မပစ်ခဲ့မိခြင်း၊ ဆူးအမှိုက်များ ဖယ်ရှားမပစ်ခဲ့မိခြင်းများကြောင့် တကယ်စားရာ၌ ထိုအရာများက ဒုက္ခလှလှကြီး ပေးတော့သည် ပမာ. . .

ကောင်းမျိုးစေ့ စေတနာ၌ ကပ်ပါနေကြသော လိုချင်လောဘကလည်း မရလိုလို ရလိုလို ပိုသည်မရှိ၊ အမြဲတမ်းပင် နှိပ်စက်ကလိနေရကား. . . .

-စေတနာကြောင့် ပစ္စည်းနေ ကြွယ်ဝလာသော်မှလည်း

-လောဘအမှောက်ကြောင့် စိတ် ယောက်ယက်ခတ်နေတော့ရာ

ပစ္စည်းရှိ လူဆင်းရဲဖြစ်ရရှာတော့သည်။ အလိုမကျ အားမရခြင်း ဒေါသကလည်း မကောင်းမလို၊ ကောင်းမလို အလိုလားသည်မရှိ နှိပ်စက်ကလိ၍ချည်း နေရကား. . .

စေတနာကြောင့် အခြံရံစုံ ကုံလုံပြည့်ဝနေသော်မှလည်း

ဒေါသအနှောက်ကြောင့် ကသိကအောင့် ခံစားနေရတော့ရာ

ကိုယ်လန်းဆန်း စိတ်ပန်းဘဝ လှလှကြီးရောက်ရရှာတော့သည်။

တစ်ဖန် တွေ၊ ပျံ့၊ ဝေဝါး မောဟများကလည်း မကောင်း၊ မသိ၊

http://www.dhammadownload.com



ကောင်းမသိ အာရုံ မမိတမိဖြင့် ကလိနေရကား

စေတနာကြောင့် အခြေအရံ ခန အားလုံးက စိတ်ချရသော်လည်း

မောဟအတွေးကား ဟိုပြေး သည်ပြေးချည်း ပြေးနေတော့ရာ

ကိုယ်အထက်တန်းကျ စိတ်အောက်တန်းကျ ရောက်ရရှာတော့သည်။

သည်မျှမကသေး၊ ဂုဏ်ဟိတ်သုံးခင်း အလုံးစုံကင်းနေသော ထိုသူသည် မည်သည့်အာရုံသုံးသုံး သတိလုံးလုံး မပါဝင်တော့ရကား

အတေးအစွဲများနှင့်သာငြိ ဘာဆိုဘာမျှ မသိ၊

ချစ်စရာ မုန်းစရာလောက်သာသိ ဘာဆိုဘာမျှ မမှတ်မိ

ထိုသူကား. . . လူ့ဘဝရလာသဖြင့်သာ အလားအလာ ကောင်းလေးဆိုရပြီး၊

အပြန်ခရီးအတွက်မှာမူကား အလားအလာ မကောင်းသေး။

တစ်ဖန် ဒါနမှု ပြုစဉ်အခါတုန်းက. . .

ကိုယ်ကြိုက်ရာအညွန့် ကိုယ်ကြိုက်စွန့်လျှက်က ရက်ရောခြင်း၊

ကြည်သာရွှင်ပြ ကျေကျေချမ်းချမ်းဘာဝ မကင်းပခြင်း၊

ဤအကြောင်းခံတရား နှစ်ပါးဖြင့်သာ ပြုကျင့်ခဲ့ဖူးရာ

ထိုမှဖြစ်သော လူဘဝရောက်သောအခါတွင်လည်း လောဘ၊ ဒေါသတို့၏ အနှိပ်စက်ကား မခံရတော့။ သို့တစေလည်း ကိုယ်ပိုင်သိကို ဖြစ်စေရာ သတိမပါဝင်ရကား အစွဲအငြိလည်းမကင်း အမှန်သို့လည်း မကပ်ချဉ်းနိုင်။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုသူသည် သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယအားများ မိမိဆရာသမား အကူဖြင့်သာ ဖြစ်ပေါ်စေရပြီး ခရီးဆုံးအထိ အားမပါ။

နောက်တစ်ဦးကား ဒါနမှုပြုစဉ်ကပင် သညာအစား ပညာက ဦးစီးပြီး မောဟနေရာ သတိက အလျင်ဝင်ထားနှင့်ကာ. . .

ငါဝတ္ထု ပုဂ္ဂိုလ်တို့၌ ခင်မင်ခြင်းကိုလည်း စွန့်၏။

စိတ်စေတနာတို့၏ ထက်သန်ခြင်းကိုသာ ရှေးရှု၏။

ထိရာတိုင်းမိ အသိရှိလျှက်ကသာ ပြုကျင့်နေ၏။

ထိုသူသည်သာ လောဘ၊ ဒေါသ၊ မောဟစုံ အကုန်ကင်းရှင်း နေတော့ရကား

ဖြစ်လာလည်း ဆွေ့ဆွေ့မခုန်၊ သုံးရုံနှင့်သာ ပြီးစီး၏။

ပျက်သွားလည်း ဆွေ့ဆွေ့မခုန်၊ သိရုံနှင့်သာ ပြီးစီး၏။

သည်မျှသာမကသေး။ သက်မဲ့ သက်ရှိ မည်သည့်အရာနှင့် ဆက်ဆံရ၊ ဆက်ဆံရ ကိုယ်ပိုင်စိတ်ဖြင့်သာ ဆက်ဆံနေရကား တစ်ဘက်ကအပူ လူဆီ လာမကပ်တော့။

မည်သည့် အာရုံများက လာထိ၊ လာထိ စိတ်၌မငြိ၊ ထိုထိုအာရုံ များ၏ အနှောင်အဖွဲ့နှင့် မတိုးမိ။

မည်သည့်အချိန်မဆို အိပ်သော်မှ သတိလက်မချဖြင့် သာ အိပ်စက်ခွင့်ရစေ၏၊

ဤဆိုခဲ့ပြီး အဟိတ်၊ ဒွိဟိတ်၊ တိဟိတ် အမည်ရ လူတန်း စားသုံးဦးထဲတွင် ဤနောက်ဆုံးသော တိဟိတ်လူသားသည် သာ သတိမကွာလက်၌ ပါပြီး၊ ကျန်နှစ်ဦးကား သတိလက်မဲ့သမားချည်း

http://www.dhammadownload.com



သာ။

ထိုသတိလက်မဲ့ နှစ်ဦးတို့တွင်လည်း မောဟညာဉ်ဝင်စားသော အပယ်လူသားများသည်

ဝဋ်ကို ဝဋ်ဟူ၍ အလျဉ်း သိလိမ့်မည်မဟုတ်။

ဝန်ပိကိုလည်း ဝန်ပိနေသည်ဟု နည်းနည်းမျှမထင်။

ဒုက္ခကိုလည်း ဒုက္ခဟူ၍ လုံးဝမရိပ်မိ။

မသိမထင်၊ မရိပ်မိရုံမျှ မကသေး၊ ထိုလူသားမျိုးသည် ဝဋ်ဒုက္ခ၊ ဝန်ပိ၊ မိမိ၌ မရှိလျှင်ပင် မနေတတ်ကြချင်။

သူနောက်လိုက် ဒွိဟိတ်လူတန်းစားများကား သိကားသိ၏။ ပယ်ရာ၌လည်း သတ္တိစွမ်းအားပြည့် မရှိကြပြီ။

ရှေ့သွားကား သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယများပါ ကင်း၏။

နောက်လိုက်ကား သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယ အငှားမျှသာ လက်၌ပါ၏။

သို့ကြောင့် လူဖြစ်တိုင်း လူသက်မပါတတ်ကြပြီ။ တစ်ဖန် ထိုသုံးဦးတို့တွင် အဟိတ်လူသားသည် တိရစ္ဆာန်ဘဝများစွာနှင့် အပါယ်ရွာကြား အနေများသူတို့ အဖြစ်များတတ်သည်။

ဒွိဟိတ်လူသားသည် ဗြဟ္မာပြည်အထိ အရောက်အပေါက် များရာမှ ပြန်လာသူများ အဖြစ်များတတ်သည်။

ထို ဗြဟ္မာပြည်ပေါက် ရောက်ပြီးသောသူသည်

ကာမ၌ ရွံမုန်းခြင်းဖြင့် ဓမ္မဘက် ဉာဏ်အမြင်သက်စေခြင်း၊

ဤအချက်နှစ်ချက်တို့ကပင် ဝန်ပိဝဋ်လိုက် ဒုက္ခဆိုက်ခြင်းမှ ရှောင်ကွင်းလိုခြင်း ဆန္ဒအားများ တဖွားဖွားဖြစ်စေမည်။

http://www.dhammadownload.com



ထိုသူကား သတိမဲ့အစား သတိကလေးထားပေးရုံမျှသာ ရှိတော့သည်။

သူ့ဘက်လိုက်ခြင်းအစား ကိုယ့်ဘက်ထား ခံစားပေးရုံမျှသာ ရှိတော့သည်။

ကျန်နှစ်ဦးများလည်း အလေ့ကြာ အလာဖြစ်နိုင်သည်။

ခရီးသာ စ-အဆုံး ဟူသည်ကား ရှိပေးရစမြဲချည်း မဟုတ်လော။

သို့ကြောင့် ဘုရားရှင်၏ ဤနည်းထား တိဟိတ်လူတန်းစား တစ်ဦးတည်းအတွက်သာဟူ၍ တရားသေ မမှတ်လေနှင့်. . . ။

တရားသည် တရား၏။

အလိုဖြင့် ဖြားယောင်း၍လည်းမရ။

မာန်မဲငေါက်ငမ်း၍လည်းမရ။

တွေဝေမြူငေး သနားစရာ မျက်နှာပေးဖြင့်လည်းမရ။

စိတ်သည် ဆန်းကြယ်၏။ နိုင်ရာ လက်နက်ပြ နှိမ်နင်း၍လည်း မရ။

သည်နေရာ သည်လိုနေ အမိန့်ပေး၍လည်းမရ။

အာရုံကောင်းထဲချည်း သီးခြားပို့ထား၍ လည်းမရ။

-ထိုမရသောတရား မရသောစိတ်ကို

-အရထား၊ အနားရှိစေလိုလျှင်

သတိသည် ကိုယ့်စိတ်ကိုယ်လည်း အစိုးရစေ၏။

သတိသည် ကိုယ့်စိတ်ကိုယ်လည်း အစိုးရစေ၏။

သတိသည် ကိလေသာကိုလည်း ပယ်သတ်နိုင်စွမ်းရှိ၏။

နတ်တလူစာစဉ်

http://www.dhammadownload.com



သတိသည် သိစရာရှိသမျှ သိခွင့်လည်းရစေ၏ ဆိုရာ
ထိုသတိမှတပါး အခြားအားကိုးစရာမရှိ။
သို့ကြောင့်
တရားအားထုတ်ခြင်းအစား၊ သတိလေး ထားပေးရုံသာ ရှိတော့၏။
မယားကာမ၊ သားကာမပယ်ခြင်းအစား သတိလေးထားပေးရုံသာရှိတော့၏။
သူ့အတွင်းကိုယ့်အတွင်း သိလိုခြင်းအစား သတိလေးထားပေးရုံသာ ရှိတော့၏။
-သတိသည် မဂ္ဂင်အားလုံးတို့၏ အညွှာတည်း။
-သတိသည် ဗောဓိပက္ခိယအားလုံးတို့၏ သော့တည်း။
လှုပ်ရှားတိုင်းမှာ မှတ်ချက်ပါသော် . . .
လာပါမခေါ် အလာပေါ်အံ့။
ထိုစဉ် လူတိုင်း၌
ဝမ်းစာရှာချိန်
အနားယူချိန်
ဤသို့လျှင် အချိန်ပိုင်းကြီး နှစ်ပိုင်းရှိချေရာ
ဝမ်းစာရှာချိန်များ၌ စေ့စပ်ရေးသတိ အမြဲရှိ။
အနားယူချိန်များ၌ စူးစမ်းရေးသတိ အမြဲရှိ။
ထိုစဉ် . . . စစ်ကစားသမား၊ အားကစားသမားတိုင်း သုံးလေ့ရှိသော ကစားကွင်းများ၌လည်း

နှတ်တလှူစာစဉ်

http://www.dhammadownload.com



ခံစစ်၊

ထိုးစစ်၊

ဤသို့ နှစ်မျိုးထား သုံး၏သို့၊ ဤ၌လည်း. . . .

အလုပ်လုပ်ချိန်ရှိ စေ့စပ်ခြင်းကား ခံစစ်၊

အလုပ်နားချိန်ရှိ စူးစမ်းခြင်းကား ထိုးစစ်မှတ်လေ။

ခံစစ်သည် အရှုံးမပေါ်ခြင်း၊ အထိမနာခြင်းများကို တာဝန်ခံ၏။

ထိုးစစ်သည် အနိုင်ယူခြင်း၊ အသာစီးရခြင်းများကို တာဝန်ယူ၏။

သည့်ပမာ. . . သတိ၏ စေ့စပ်ခြင်းများကလည်း အတွေး၊ အပြေးနှစ်ပါးဖြင့် ကိလေသာ ကစားခွင့်မရရန် ပိတ်ဆို့ထားခြင်းမျှဖြစ်ပြီး

သတိ၏ စူးစမ်း(စူးစိုက်)ခြင်းများကား အရှိကိုသိခြင်း၊ မရှိကို ပယ်ခြင်းအထိ ခရီးရောက်စေ၏။ ထို သတိနှစ်မျိုးတို့သည် အပြန်အလှန်ပင်။

စေ့စပ်အားသည် စူးစမ်းခြင်း၏ ရှေ့ပြေးအရာဝင်ပြီး

စူးစမ်းအားကလည်း စေ့စပ်အတွက် လမ်းရှင်းပေးဖြစ်ချေရာ

တစ်ခုနှင့်တစ်ခု ကျေးဇူးပြုလည်း မကင်းကြ။

အရေးကြီးသည်မှာ

မိမိစိတ် မတွေးရေး မပြေးရေးသည် အဓိက၊

အစွဲမငံ့ စိတ်သန့်ချည်း ဖြစ်ရေးသည် အဓိက၊

ဤအချက် နှစ်ချက်များပင်။ ထိုနှစ်ချက် စေ့စပ်သတိက အပြီးတာဝန်ယူ၏။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုနှစ်ချက်ထဲ၌ပင်

အထဲရှိ ပေါ်သလောက် အစွဲအငြိမ် ငုတ်သွားခြင်းများကလည်း ပါမည်။

အတွင်းသိ သိသလောက် အပြင်သိ စဲသွားခြင်းများလည်း ပါမည်။

အစွဲဖြုတ်လျှောက် အစွဲမကပ်ရာ ခိုဝင်ခြင်းများလည်းပါမည်။

ထိုအချက်များ စူးစမ်းရေးသတိထားက အပြီး တာဝန်ယူမည်။

တစ်ဖန်လည်း

သမထ ထူထောင်ခြင်း၊

ဝိပဿနာ ဘောင်ကူးခြင်း၊

ဤအချက်များလည်း ပါဝင်နေ၏။ ထိုစဉ် စေ့စပ်ခြင်းက သမထ အရာ၌ ဦးဆောင်၊ စူးစမ်းခြင်းက ဝိပဿနာအရာ၌ ဦးဆောင်ကြမည်။

တစ်ဖန်လည်း. . .

သီလသိက္ခာ စိတ်သန့်စင်ရေး၊

သမာဓိသိက္ခာ စိတ်သန့်စင်ရေး၊

ပညာသိက္ခာ စိတ်သန့်စင်ရေး၊

ဤအရေးတကြီးသုံးပါးလည်း ထိုအထဲ၌ပင် ပါဝင်၏။

ထိုစဉ် စေ့စပ်ခြင်း၊ စူးစမ်းခြင်း နှစ်ပါးတို့က တစ်ဘက် တစ်လမ်းစီ ဖွင့်၍ အဆင့်တိုးရန် တာဝန်ယူကြမည်။

စေ့စပ်ခြင်းက သီလနှင့် သမာဓိဉာဏ်ကို။

http://www.dhammadownload.com



စူးစမ်းခြင်းက ဝိပဿနာပညာ၊ မဂ်ဖိုလ်ပညာကို။

ထိုစဉ် ဝင့်မလည် ဝန်မပိစေလိုသော ထိုလူသားသည်

မိမိနောက် ရန်သူဆယ်ယောက် နောက်ယောင်ခံလိုက် နေစဉ်ထားသော သတိမျိုးကဲ့သို့

မိမိရှေ့ အတားငါးမျိုးဖြင့် ပိတ်ဆို့ခံရစဉ် ကျော်လွှားသော သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယ မျိုးကဲ့သို့

-မိမိလက်ဝယ် အဆင်သင့်ရှိနေသော

-ထို သတိကို မိမိရရ ကိုင်လျက်က

သွားလည်း သတိလက်မလွှတ်၊ သွားတရားကို စိတ်ညွှတ်လျက်ကသာ သွားပါလေ။

နားလည်း သတိလက်မလွှတ် စားတရားကိုပင် စိတ်ညွှတ်လျက်ကသာ စားပါလေ။

ယုတ်စွအဆုံး

အိမ်သာတက်ချိန်မှ့ဆိုကာ သတိကို လွှတ်ချမထားခဲ့ရာ အိမ်သာတရား အိမ်သာကြားမှာပင် အပြီးနာကြားခဲ့။

အိပ်ခန်းဝင်ချိန်မှ့ဆိုကာ သတိကို လွှတ်ချမထားခဲ့ရာ အိပ်ခန်းတရား အိပ်ခန်းကြားမှာပင် အပြီးဆင်ခြင်ခဲ့။

တစ်ဖန် ဝမ်းစာရှာခြင်း၊ နားခြင်း၊ စားခြင်းကိစ္စမှအပ ဖြစ်သောအကာလခေါ် နေကုန် အချိန်မှဲ့ နားချိန်ကြီးမျိုးများ၌ကား

ကိုယ်ကို ငြိမ်စွာထား၍ စိတ်ငြိမ်လာစေရန်၊

စိတ်ကို ငြိမ်စွာထားရာမှ ကိုယ်ပါ ငြိမ်လာစေရန်။

နတ်တလူစာစဉ်

http://www.dhammadownload.com



ကိုယ်စိတ်များ ငြိမ်ရာမှ နိဗ္ဗာန်၏ ဆိတ်ငြိမ်ခြင်းကိုပါရရန် အလောင်းတော်တကာ သူတော်စွာတို့ ကျင့်မြဲနည်း၊ ထားမြဲခန္ဓာ အတိုင်း ကိုယ်ခန္ဓာ၏.....

အောက်တစ်ပိုင်း တင်ပလ္လင်ခွေလျက်က

အထက်တစ်ပိုင်း ဖြောင့်မတ်စေလျက်က

လက်နှစ်ဘက် ဖွဲ့ယှက်စေလျက်က

မျက်စိနှစ်ဘက် မှေးစက်စေလျက်က

ဤထိုင်နည်းဖြင့် လေ့ကျင့်ခန်းဝင်ရာ၏ ဤနည်းသည် သတိအား မကောင်းချိန် လှုပ်ဆော့ပြေးလွှားနေသောစိတ်ကို ငြိမ်စေရာ၌ အထူး အားကိုးရသောနည်းပင်။

ထိုစဉ်

အခက်အခဲနှင့်တွေ့ ရွှေ့ချင်ပြောင်းချင်တတ်သောစိတ်၊

ဒုက္ခငယ် တစ်ခုခုရောက် ခြောက်တတ်လှန့်တတ်သော စိတ်၊

ထိုစိတ်နောက်မှာ ကိုယ်မပါစေရန်

အစကတည်းကပင် အသက်နှင့်ခန္ဓာဘုရား၌ လှူထားလိုက်ရာ၏။

အစကတည်းကပင် ပါရမီဝင်အဓိဋ္ဌာန် ဘုရားထံ တင်ထားနှင့်ရာ၏။

သို့မှသာ ကစားသောစိတ် ငြိမ်ဆိတ်၍ လာစေမည်။

ထိုအားလုံးတို့ဖြင့် အခြေတည်(ပရိကံ)ယူပြီးသော်

မိမိအားသန်ရာ နည်းမှန်တစ်ခု လက်ကိုင်ပြုလျက်က

http://www.dhammadownload.com



မိမိခန္ဓာကြား တစ်နေရာရာ သတိခြေကုပ်ထားလျက်က
ခန္ဓာသည် လေဝင်လေထွက်အားဖြင့်လည်း လှုပ်ရှားနေ၏။
ခန္ဓာသည် အာရုံနှင့်တံခါး ထိခိုက်ရာများမှလည်း လှုပ်ရှားနေ၏။
ခန္ဓာသည် အတွင်းဓာတ် အချင်းချင်း စစ်ခင်းနေရာများမှလည်း လှုပ်ရှားနေ၏။

ထိုလှုပ်ရှားမှု တစ်ခုခုကို စေ့စေ့ငုငုရှုသိနေရာ၏။ ထိုစဉ် ဝင်သည် ထွက်ပြီ အပြောချင်းမတူ သဘောချင်းလည်း မတူ။

မြင်သည် ကြားသည် အပြောချင်းမတူ သဘောချင်းလည်းမတူ။

အေးသည် နွေးသည် အပြောချင်းလည်းမတူ၊ သဘောချင်းလည်း မတူ။

ထိုထို မတူရာများ(ဥပမာ လေဝင်လေထွက်၌)
အစသော် ဝင်သိ ထွက်သိမျှဖြင့်သာ ပြီးနေရမည်။
အခြေရလေသော် အေးသိနွေးသိအထိ အခြေပြလာမည်။
အရှိန်ရလာသော် အေးလှုပ်လှုပ်သိ၊ နွေးလှုပ်လှုပ်သိ အထိအရှိန် ဆက်လာမည်။

လှုပ်လှုပ်သိနှင့် ဖြစ်ပျက်သိ အတူတူ။
ထိုစဉ်. . . .
သတိတစ်ချက်မိ အတွေးသိ တစ်ချက်ပျက်ထွက်၏။
သတိတစ်ချက်မိ အပြေးသိလည်း တစ်ချက်ပျက်ကွက်၏။
ထိုသို့ သတိအရှိကြောင့်. . . .
အတွေးနှင့်အသိ၊

http://www.dhammadownload.com



အပြေးနှင့် အသိ၊

ကိလေသာနှင့် စိတ်တို့ ချိတ်မိတွဲမိခြင်းများ တစ်စတစ်စဝေးကွာသွားပါမှု

သတိသည် ဈာန်စိတ် ဝိတက်၏အကူဖြင့် အာရုံများစုထဲမှ လှုပ်ရှားမိ အာရုံတစ်ခုတည်းထဲမှ ပေါ်လွင်ထင်ရှားနေစေရန် တရစပ်တွန်းတင်ပေးနေခြင်းကြောင့်။

သတိနောက်ရှိ အသိသည်လည်း ဈာန်စိတ် ဝိစာရအကူဖြင့် ထိုလှုပ်ရှားမှုအာရုံလေး ပျောက်ပျက်မသွားစေရန် ကပ်သိသိပေးနေခြင်းကြောင့်။

ကိလေသာနှင့် ဝေးသလောက် ထိုစိတ်အေးလာမည်။

စိတ်အေးလာသလောက် ထိုစိတ်တည်လာမည်။

စိတ်တည်လာသလောက် ထိုစိတ် ကြည်လာမည်။

ထိုစိတ် အေးခြင်း၊ တည်ခြင်း၊ ကြည်ခြင်းများနှင့်အတူ

အတွေးဖြင့် ထမ်းပေးထားရသောဝန် အိတ်သွန်၍ ဖာမှောက်ထားလိုက်ပြီ။

အတွေ့ဖြင့် ထမ်းပေးထားရသောဝန် အိတ်သွန်၍ဖာမှောက်ထားလိုက်ပြီ။

တဒင်္ဂ၊ ဝိက္ခမ္ဘနတို့ဖြင့် ပစ်ချထားလိုက်ခြင်း။

ထိုအခါ

မိမိ၏ ဤကမ္မဋ္ဌာန်းအလုပ်သည် အကြွေးတကယ်ကြေသောအလုပ်ဟူ၍လည်းကောင်း၊ တကယ့်သုခစစ်ဟူ၍လည်းကောင်း

http://www.dhammadownload.com



ယုံကြည်လာခြင်းများနှင့် အတူ
ပီတိ-ကြွေးကင်းရာမှဖြစ်သော ပီတိ၊
သုခ-ကြွေးမယူမိရာမှဖြစ်သော သုခ၊
ဧကဂ္ဂတာ- ကိုယ့်စိတ်နှင့်ကိုယ် နေခွင့်ရလာသော ဧကဂ္ဂတာ၊
ဤအကျိုးထူးများပါ ချက်ချင်းလက်ငင်း ရစေပါမည်။
စိတ်၌ ပိသောဝန်ထုပ်၊ စိတ်ဖြင့်ပင် ဖြုတ်ချလိုက်ခြင်း။
ဤရလဒ်အားလုံး သင်လုပ်ယူ၍ ရခြင်းမဟုတ်။
သတိ၏ ခြေကုပ်မိကြောင့် ရခြင်းဆိုသည်ကို အမြဲသတိပြု။
ထိုစိတ် တည်လာသဖြင့်၊

ထိုစိတ် နားရာ မနောသွေးပါ ကြည်လာနေသောအခါ ဝင်လေ၏ ဖြစ်စဉ်တန်းကြီး ရိပ်ရိပ်လှုပ်လှုပ်ဖြင့် မနောပြင် အကြည်ဓာတ်ခွက် ရှေ့မှ ဖြတ်လျှောက်သွားသည်ကိုလည်း သတိနောက်က အသိ၊ ထိထိ မိမိ သိခွင့်ရသွားပြီ။

တစ်ဖန် ထွက်လေ၏ ဖြစ်စဉ်တန်းကြီး ရိပ်ရိပ်လှုပ်လှုပ်ဖြင့် မနော ပြင် အကြည်ဓာတ်ခွက်ရှေ့မှ ဖြတ်လျှောက်သွားပုံကိုလည်း သတိ နောက်ကအသိ မိမိရရကြီး အသိမှီလာချေပြီ၊ ဆန်းသည်ကိုမှ နှစ်သက်တတ်သောစိတ် စိတ်ချလက်ချ ဖြစ်သွားပြီ။

သည်သို့သာ. . .
ဝမ်းစာရှာချိန် စေ့စပ်သတိ သွားရင်း၊ နားရင်း၊ စားရင်း ရှိ၊
အနားယူချိန် စူးစမ်းသတိ(ထိုင်လျက်က အကြည့်)
ရှေ့နှင့်နောက် အချိတ်အဆက် မိနေချေသော်. . . .

http://www.dhammadownload.com



သည်သို့သာ. . . .

သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတို့ဖြင့် သာ၀တ္ထိနေများ၏ ထောက်ပို့တပ်မှ တပ်သားများ ထောက်ပို့လိုက်ရင်း တိုက်ခိုက်ရင်းပမာ သာသနာတော် ထောက်ပံ့ရင်းက မိမိအတွက် အရယူခြင်းမျိုးသို့ ဘက်ညီညီ ထမ်းရွက်ကြပါသော်. . . .

သောတာပန် အကျင့်ကား

အထက်မဂ်များကဲ့သို့ ကိလေသာ ခေါင်းပါးရန် ဗြဟ္မာသီလ၊ အရိယာသီလ ခံယူကျင့်သုံးစရာမလိုဘဲ ကာမသီလဖြစ်သော ငါးပါးသီလဖြင့်ပင် ကိစ္စပြီးစီးနိုင်သည်ဆိုထားရာ. .

ထိုတစ်မဂ်ကျဖြင့် တစ်မဂ်ရ ရလျှင်ပင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကိလေသာနှင့် အပေါင်းပါများဖြစ်ကြသော်. . .

သစ္စာမမြင် မဂ္ဂင်မပါ ကျင့်ရုံသာမျိုး၌ ချမ်းသာမြမည် အထင်ကပ်နေသော သီလဗ္ဗတပရာမာသ။

သူတစ်ပါးကောင်းစားသည်ကို မနာလိုသော ဣဿာ။

မိမိကဲ့သို့ သူတစ်ပါး မကောင်းစားစေလိုသော မစ္ဆရိယ။

ဤသံယောဇဉ် တရားကိုယ်များပါ ပယ်ပြီး ဖြစ်ရကား

ထို ဝန်ထုပ်ကြီးများထမ်း အပါယ်လမ်း လျှောက်စရာ မလိုတော့ပါ။

ထို ဝဋ်ပျက် ကံ၊ ဝိပါက်များလည်းဆက်မလိုက်လာကြတော့ပါ။

ထိုအပါယ်ဘဝနှင့် အပါယ်ဒုက္ခ ဂုတ်ခွစီးခြင်းလည်း မခံကြရတော့ပါ။

နတ်တလှစာစဉ်

http://www.dhammadownload.com



ဘုရားသားတော် သမီးတော်များအဖြစ် အမည်ခံယူထားပါလျှင် ဤနေရာအထိ အရောက်သွားသင့်ကြ၏။ ဘုရားနှင့် အရိယာတို့ကား အောက်သွားမျိုး မဟုတ်ကြသောကြောင့်။

❖ ❖ ❖

http://www.dhammadownload.com

ထိုမှအထက် အပြီးထွက်လိုခဲ့ပါမူ

ဤစာစဉ်သည်

ဝန်ထုပ်ကြီးများ ပစ်ချခြင်းဆိုင်ရာများချည်း အရေးပေး ဖြစ်ရာ. .

ဝဋ်ပျက်၊ ဝန်ကင်း. . .

ဒုက္ခတွင်း မဆင်းရဲဝံ့သည်အထိ ဖော်ပြမည်။

မဂ္ဂ-မဂ်ဟူသော စကားသည် ခရီးကိုလျှင် ညွှန်းဆို၏။

မဂ္ဂ-မဂ်ဟူသော စကားသည် ရန်ဘက်ကို သတ်ဖြတ်ရာလည်း ညွှန်း၏။

သို့မဟုတ်

လမ်းသွားရင်းက ရန်သူသတ်။

လမ်းထားဆုံး ရန်သူအားလုံး ပလပ်ပြီးသည့် မဂ်. . .။

နတ်တလှစာစဉ်

http://www.dhammadownload.com



ထိုစဉ် . . . .

သမာဓိဘာဝ၊ သမထဖြင့် ကိလေသာ ငြိမ်သက်အောင် ထိန်းချုပ်မည်။

ပညာဘာဝ၊ ဝိပဿနာဖြင့် ငါသူ အစ မြဲ၊ မမြဲ ကောင်း၊ မကောင်း ပိုင်၊ မပိုင် ကိစ္စများ အတိအကျ ဆုံးဖြတ်ခွင့်ရမည်။

ထို ဝိပဿနာ ဉာဏ်ပညာဖြင့်ပင် အပေါ်ယံကြည့်မှ အတွင်း ကြည့်အထိ နိုက်ခွင့်သာစေပြီး အပေါ်ယံသိမှ အတွင်းသိအထိ လိုက်ခွင့်ပါ သာစေပြီး ပညတ်ကိုမြှုပ် ပရမတ်ဖော်ထုတ်မည်။

သို့ကြောင့်

ဘုရားသာသနာနှင့် ဝိပဿနာ မတင်းစေကောင်း။

ဘုရားသာသနာနှင့် မဂ်ပညာ မကင်းစကောင်း။

သမထကား ဘုရားပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ လူရှိလျှင် သူရှိရသော. . .

အိမ်တိုင်းသုံး လျက်ဆား၊ ဆေးရုံသုံး ပယ်နယ်စလင် မျိုးများ မျှသာ။

သို့ကြောင့်

မည်သည့်မဂ်ဖြင့် မည်သည့်ခရီးမျှ မဆုံးသေးသူလည်း သမာဓိ အခြေခံ၊ ဝိပဿနာ ဉာဏ်စဉ်များကပင် စတင်ကြရမည်။

တစ်မဂ် တစ်မဂ်ကျအပြီး အဆုံးခရီးအထိ သွားလိုသူလည်း ဖြစ်ပျက်မြင် ဝိပဿနာအခြေခံ၊ ဝိပဿနာဉာဏ်စဉ်များဖြင့်ပင် စတင် ကြရသည်။ ဝိပဿနာ အခြေမခံဘဲ မဂ် ဉာဏ်သို့ မရောက်နိုင်။

http://www.dhammadownload.com



ထိုစဉ် သောတာပန်မှ အထက်မဂ်ဉာဏ်များ တက်လိုသူသည် ဝိပဿနာ၏ဥဒယဗ္ဗယဉာဏ်မှပင် စတင်ကြရကာ အထက် အထက်သို့ သတိရှိန်၏ အလျှင်ဖြင့် လမ်းဝင်လေရာ

ထိုဥဒယဗ္ဗယဉာဏ်ဖြင့် အနိစ္စလက္ခဏာကို အခိုင်အမာဖော်မည်။

သန္တတိပညတ်ခေါ် ဖြစ်စဉ်ကိုမြှုပ် ငုတ်တုတ်မျှ ဖြစ်စေမည်။

တစ်ဖန် အထက် ဘင်ဉာဏ် အုပ်စုဖြင့် ဒုက္ခလက္ခဏာ ကိုလည်း အခိုင်အမာဖော်မည်။

သမူဟ ပညတ်ခေါ် အပေါင်းအစုကိုမြှုပ် သဏ္ဌာန်နိမိတ်ဖြုတ်ပြမည်။

တစ်ဖန် ဝိပဿနာတို့၏ ဦးစွန်းဉာဏ်များဖြင့် အနတ္တလက္ခဏာကိုလည်း အခိုင်အမာဖော်ပြမည်။

သဏ္ဌာန ပညတ်ခေါ် ရုပ်နိမိတ်(နာမ်နိမိတ်)များ ကင်းဆိတ်ရန်အတွက် မဂ်ဆီသို့လည်း ထိုးပို့ပေးဦးမည်။

ထိုတာဝန် သုံးခုဖြင့်ပင်

ငါ့ကိုငါ ကြိုက်စရာအသွင် အခင်ထားခြင်း၊

သူ့ကိုငါ ကြိုက်စရာအသွင် အခင်ထားခြင်း၊

သူနှင့်ငါကြား အာရုံများ၌ ကြိုက်စရာအသွင် အခင်ထားခြင်း၊

ထို ခင်သုံးခင်၏ ခင်ထိန်းများ လျော့ရဲလာတော့ရာ ဒု၊ တ မဂ်များကား အသာတကြည် ဖြုတ်တောက်ပေးရှာသာ။

ထို သကဒါဂါမိမဂ်၊ အနာဂါမိမဂ် နှစ်ပါးတို့က ကြိုက်ခရီးသွား ရုပ်နာမ်နှစ်ပါးတို့ကို ဖြုတ်တောက်ချစဉ်

နတ်တလူစာစဉ်

http://www.dhammadownload.com



လောဘ၊ ဒေါသ၊ (ကာမ၊ ရာဂ၊ ဗျာပါဒ) ကိလေသာ၊ ဝဋ်ပြတ်ထွက်သွားတော့ရာ. . .

ကမ္မဝဋ်-သည်ကနောက် ကြိုက်ပေါက်မတိုးတော့ပြီ။

ဝိပါကဝဋ်-သည်ကနောက် ကြိုက်ဘုံများသို့ မရောက်ပြီ။

ထိုနှင့်အတူ

ကာမရာဂ-ကာမဂုဏ်၌ တပ်မက်စိတ် ဝန်ထုပ်ကြီးများ၊

ဗျာပါဒ-အလိုမကျ အားမရစိတ် ဝန်ပိုးကြီးများထမ်း၊ လမ်းသလား ရန်လည်းမရှိ ဝန်ဒုက္ခလည်း မပိတော့ပြီ။

သို့သော်. . . .

ဘဝချစ်ခင် ဘဝဖြစ် မမြင်သောရန်က မအေးသေး။

အထင်ကြီး မြတ်နိုးမာန၏ စိုးမိုးခြင်းကလည်း မလွတ်သေး။

မသိသော အသိ၏ အဖိခံအလှည့်ခံများကလည်း ခံရဆဲပင်ရှိသေး။

သို့ကြောင့်

ထိုအတားများမှ ကျော်လွှားရန်၊

အဖုံးအဖိအားလုံး ပျက်သုဉ်းစေရန်၊

ယနေ့ကာလသို့ ရောက်လာကြသော လူသားတိုင်း ပညတ်အဖိ၊ ကိလေသာက အိ၊ မိမိရှိ သညာ၊ ဝိညာဉ်၊ အမြင်များကလည်းလှည့်၊ အာရုံများကလည်း ကလိခြင်းများကို

ဘဝချင်း ဆက်၍ ဆက်၍ မက်ခဲ့သည်က တစ်ကြောင်း၊

ရုပ်ဓာတ် စိတ်ဓာတ်များ အားပေးလာနေသည်က တစ်ကြောင်း၊

http://www.dhammadownload.com



ထိုအကြောင်းများကြောင့် ဘုရားလက်ထက်တော်တုန်းကလို မက်လေးမက်၊ မဂ်လေးမဂ်ဖြင့် တစ်ချက်တည်း မပြီးစီးနိုင်။

တစ်ဖုံးချင်း လှပ်၊ တစ်ချပ်ချင်း ခွာ

အထပ်ထပ် အခါခါ ရှုကြည့်ပါမှ တော်ကာကျကြမည်။

ထိုသို့ ရှုသိရာ၌ သတိ၏ တာဝန်သည်

ညာဉ် စရိုက်၊ ဝါသနာတို့၏ အလိုက်ကို ဖြတ်တောက်ရန် တာဝန်။

စိတ်၏ အတွေးအပြေးများကို မတွေးမပြေးရန် တာဝန်။

ထိုတာဝန်များကို အပြီးအစီး ယူထားရရာ

အကြိုက်နှင့်တွေ့ ကြပ်ကြပ်သတိထားရန် သင်မမေ့လေနှင့်။

အာရုံများကအတွေ့ ကြပ်ကြပ်သတိထားရန် သင်မမေ့လေနှင့်။

ဤ မမေ့ကြီးတရားနှစ်ပါးကို ပွဲစမှ ပွဲဆုံး လက်ကတုံး တောင်ဝှေး ပမာ ဆောင်ထားရာ၏။ သို့မဟုတ်

ငါသည် ဝဋ်လည်၊ ဝန်ပိ၊ ဒုက္ခတောဖြင့် မလှည့်လိုပြီဟူ၍ ဆုံးဖြတ်ချက်ချပြီးသည်မှ မဂ်ကာလတို့၏ တစ်မဂ်၊ တစ်မဂ် ကျသည် တိုင် ပိုင်ပိုင်ကြီး ကိုင်ထားကြရမည်။

ဒုက္ခသည် အကြိုက်မှ ထဖြစ်နေကြောင်း ကောင်းကောင်း ကြီး သတိပြု။

ဝဋ်သည် အာရုံနှင့် ငြိရာမှဖြစ်ကြောင်း ကောင်းကောင်းကြီး သတိပြု။

ဤ စတုတ္ထမဂ် ခရီး၌ကား

ဘဝရာဂ-ဘဝဖြစ်စဉ်ပေါ်၌ အခင်မကင်းသေးခြင်း၊

နတ်တလူစာစဉ်

http://www.dhammadownload.com



မာန-ဘဝတွင်း စည်းစိမ်တိုး မြတ်နိုးနေသေးခြင်း၊

အဝိဇ္ဇာ-အအား၊ အနားပေး၊ မေ့ဆေးမက် နှစ်သက်နေသေး ခြင်း၊

ထိုကြိုက် သုံးကြိုက် လိုက်ဆဲပင် ရှိနေသေးသည်။

အတွင်းရှိ အဆုံးအထိ မသိသေးသောကြောင့်တည်း။

မောဟအဖိ အဆုံးအထိ မဖြတ်မိသေးသောကြောင့်တည်း။

သို့ကြောင့် ဤခရီးဘက် ဆက်ဝင်လာသောသူ

မောဟနှင့် ပတ်သက်သမျှ ပုံ့မောဟ၊ တွေမောဟ၊ အိပ်မောကျ မောဟ ထိုအားလုံး သိမ်းကြုံးကာကွယ်နိုင်မှသာ ဝန်ကျမည်။

ထို ဝန်ချသမားသည် အချိန်ပြည့် . . .

စေ့စပ်သော သတိဖြင့်သာ နေထိုင်ခြင်း(အပ္ပမာဒသတိ)

စူးစိုက်သော သတိဖြင့်သာ နေထိုင်ခြင်း(တစ်ခုတည်းသောစိတ်)

ဖြစ်ပျက်မိ အရှိပေါ်ထင်နေစေခြင်း(သဲကွဲသောအသိ)

သို့မဟုတ်

ကျင့်၊ တည်၊ သိ ဟူသော သိက္ခာသုံးချက်၏

မှတ်တိုင်း မိ၊

မိတိုင်း သိ၊

ဤကွင်းဆက် မပျက်မကွက် လက်၌မိနေစေရမည်။

တစ်ခုကောင်းအားကိုးဖြင့် ပွဲတိုးမရသောကြောင့်။

သို့တစေလည်း

ပ၊ ဒု မဂ်တုန်းကပင် စေ့စပ်အားဟူသော အကျင့် ဖြည့်ကျင့်ပြီး ခြင်း၊

http://www.dhammadownload.com



တမဂ်အထိပင် စူးစိုက်အားဖြင့် အတည်သို့ ခရီးရောက် ပြီးခြင်းများကြောင့်

ဤနေရာ၌ သိသိ နေရန်မျှ ဖြည့်ပေးရတော့မည်။

ထိုအသိဖြင့် ဖြစ်ပျက်မြင် ဉာဏ်အဆင့်၌ သန္တတိပညတ်က ဖြစ်စဉ် အမျှင်တန်းဖြင့် ဖုံးထားခြင်းမှန်သမျှကို အနိစ္စလက္ခဏာမြင်အချက်ဖြင့် တစ်စက်မကျန် ခွာလှန်ပြကာ

ဘဝပုံရိပ်၏ အနိစ္စကို ကျနစွာ အသိပေးခြင်း၊

တစ်ဖန် ဘင်္ဂဉာဏ် အုပ်စုဝင်များကလည်း

သမူဟပညတ်က အပေါင်းအစုဖြင့် ဖုံးထားခြင်းမှန်သမျှကို ဒုက္ခလက္ခဏာအချက်ဖြင့် တစ်စက်ကလေးမကျန် ခွာလှန်ပြကာ ဘဝပုံရိပ်၏ ဒုက္ခသဘာဝကို ကျနစွာ အသိပေးခြင်း၊

တစ်ဖန်လည်း သင်္ခါရုပေက္ခာဉာဏ် အုပ်စုဝင်များကလည်း

သဏ္ဌာနပညတ်က လူဟန်၊ နတ်ဟန်၊ မိန်းမ၊ ယောကျ်ားဟန်စသည် အရိပ်နိမိတ်ဖြင့် ဖုံးပြထားခြင်း မှန်သမျှကို အနတ္တလက္ခဏာအချက်ဖြင့် ဘာမျှမရှိ၊ သဘောမျှသာ အရှိကို လှစ်ဟပြကာ. . .

ဘဝပုံရိပ်၏ အနတ္တမျှကို ကျနစွာ အသိပေးခြင်း၊ သို့မဟုတ်

လူ့ဘဝ(နတ်၊ ဗြဟ္မာဘဝ)ဟူသည် ကံသတ္တိတို့မှဖြစ်သော အငွေ့အရှိန်များ၏ ပျက်စများကို တစ်ခုပြီးတစ်ခုဆက် တစ်ခုပျက် တစ်ခုဝင်ဖြင့် အသက်ငင်ထားခြင်းမျှသာ ဖြစ် ကြောင်း ကောင်းကောင်းကြီး အသိပိုင် အမြင်ပိုင်သည်အထိ ဝိပဿနာဉာဏ်က လှန်ပြလိုက်သော အခါ. . .

http://www.dhammadownload.com



-ဘဝ၌ နှစ်သက်နေသော ငါသည် အရှုးသက်သက်မျှသာပါတကား။

-ဘဝ၌ အထင်ကြီးနေသော ငါသည် ဘဝမြင့်သက်သက်မျှသာပါတကား။

-ဘဝအတွေ့ မေ့မေ့နှင့် လိုက်နေသော ငါသည် အငွေ့ခင်သက်သက်မျှသာပါတကား။

ထိုဆင်ခြင်ဉာဏ်များ ပဋိသင်္ခါဉာဏ် အဆင့်ကပင် ပွင့်လာခဲ့ပြီး သင်္ခါရုပေက္ခာ၏ အရင့်ပိုင်း အမြင့်ပိုင်းသို့ တိုးဝင်လိုက်သော အခါတွင် မူကား

သင်္ခါရမှ အလွတ်ရုန်းထွက်လိုသော အသိကလေးက သမရိုးကျထက် သွက်လက်သော အရှိန်အဟုန်ဖြင့် မဂ်ဆီသို့ တဟုန်ထိုးတိုးဝင်လိုက်သည်နှင့်

မဂ်သည် ကိလေသာအားလုံး ဖြတ်တောက်ချလိုက်ပြီ။

သစ္စာသည် ရုပ်နာမ်ချုပ်ဆုံး သင္ခတာန်နိမိတ်သုဉ်းခြင်းသို့ ဆိုက်ပြီ။

မဂ်ဉာဏ်သည် ချုပ်ဆုံးပုံကို ဖမ်းသိလိုက်ပြီ။

ဖိုလ်ဉာဏ်သည် ချုပ်ဆုံးမှု၏ အရသာကို ဝင်ခံစားလိုက်ပြီ။

ဤအချိန်မှစ၍ ထိုသူ၌ ဘဝ၊ ရာဂ၊ မာန၊ အဝိဇ္ဇာနှင့်တကွ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ စသည် ရှိရှိသမျှ ကိလေသာ ဝဋ်စက် အဆက်ပြတ်တော့သည်။

ကိလေသာဝဋ် အဆက်ပြတ်ခြင်းကြောင့် ဘဝရကြောင်းကံစုဆောင်းခြင်းလည်း ဘာတစ်ခုမျှ မပြုစုတော့ပြီ။

http://www.dhammadownload.com



ကမ္မစက် အဆက်ပြတ်ခြင်းကြောင့် ဝိပါက်အရာ၊ ဘဝခန္ဓာလည်း ဘယ်ဘဝမျှ ရပေါက်ရလမ်း မရှိတော့ပြီ။

ကိလေသာဝန်၊ ကမ္မဝန်များ အားလုံးချပြီး ဖြစ်သွားပြီ။

သို့ကြောင့်

ကိလေသာ၏ စိတ်၌ စီးပိုးခြင်းဒဏ် မခံရတော့ပြီ။

ကံ၏ ကိုယ်နှုတ်စိတ် နှိပ်စက်ခြင်းဒဏ် မခံရတော့ပြီ။

ခန္ဓာဝန်ကိုကား ယခင်က သည်လိုမသိသဖြင့် ယူထားပြီး လက်လွှန်ပြီး ဖြစ်နေချေရကား. . . .

ကံအကုန် ပရိနိဗ္ဗာန် ခိုလှုံသောအခါတွင်မှ ခန္ဓာဝန်ချ ဘဝနိရောဓသို့ ကျဖြင့် ဇာတ်သိမ်းခွင့် ရစေတော့မည်။ ကံ မကုန်ခင်ကား ခန္ဓာဝန်ထုပ် အလုပ်တစ်ခုအဖြစ်ဖြင့် မလွဲမသာ ထမ်းပါလေဦး။

❖ ❖ ❖

http://www.dhammadownload.com

http://www.dhammadownload.com

ဝန်ထမ်းလုပ် အထုပ်မချသာ

ဝန်ထုပ် ဝန်ပိုးကြီးများ ပစ်ချခြင်းဆိုင်ရာ စကားကား အဆုံးထား အထိ ရောက်ခဲ့ပြီ။ ထိုစဉ်

သတ္တဝါတိုင်း ချမ်းသာလို၏။

သတ္တဝါတိုင်း သက်သာလို၏။

ထို ချမ်းသာလို သက်သာလိုခြင်းများကြောင့်ပင် ချမ်းသာမည် သက်သာမည်ထင်သောအလုပ်ကိုလည်းလုပ်၏။ ချမ်းသာမည် သက်သာမည် ထင်ရာများနှင့်လည်း ပူးပေါင်း၏။

သို့တစေလည်း စင်းလုံးချောကား ဖြစ်မလာ။

အချို့ ကိုယ်ချမ်းသာ ကိုယ်သက်သာ၏ စိတ်ကား မချမ်းသာ၊

http://www.dhammadownload.com



မသက်သာခဲ့။

အချို့ကား စိတ်ချမ်းသာ၊ စိတ်သက်သာ၏။ သို့သော် ကိုယ်ကား မချမ်းသာ၊ မသက်သာစေခဲ့။

ထိုသို့ ဖြစ်ရခြင်းများကား

ကိုယ်အလိုလိုက် စိတ်ဂရုမစိုက်ခြင်းကြောင့်လည်း ဖြစ်နိုင်၏။

စိတ်အလိုလိုက် ကိုယ်ဂရုမစိုက်ခြင်းကြောင့်လည်း ဖြစ်နိုင်၏။

သို့မဟုတ်. . . .

ကိုယ်ကိုလည်း ညှာ၊ စိတ်အလိုသို့လည်း လိုက်ပါကာ ကိုယ်ပိုင်အားကို မထုတ်နုတ်၊ ကိလေသာတို့ခိုင်းရာ အစေခံအလုပ်ဖြင့် ကိုယ့်ဘဝကိုယ် မြှုပ်နှံထားခြင်း အငှားထားခြင်းများကြောင့်ပင် ဖြစ်၏။

ထိုသို့ ဘဝထား အငှားချစားမိရာမှ ဘဝကိုပေါင်သုံး အပေါင်ဆုံးဘဝသို့ ဆိုက်ရောက်သွားသောအခါ

စိတ်သည်လည်း ကိလေသာတို့ စီးနင်းရာ ယာဉ်ပမာ. .၊

ကိုယ်သည်လည်း ကံလုပ်သားတို့ ကွင်းဆင်းရာဌာန ပမာ. . .၊

ဘဝသည်လည်း ဝိပါက်တို့ ပစ္စည်းထားရာ ဂိုဒေါင်ပမာ၊

သင်ဆိုသော ထိုဘဝရှင်ခမျာကား. . . .

ကိလေဆိုး၊ ကံဆိုး၊ ဘဝဆိုးများကို ချီပိုး ထမ်းရွက်လျက်ကလည်း အောက်ပြည်အပါယ်ပေါက် ရောက်ခဲ့ရပေါင်း များခဲ့ရပြီ။

ကိလေပါး၊ ကံလတ်၊ ဘဝလတ်များကို ချီပိုးထမ်းရွက်လျက်ကလည်း လူ့ပြည်၊ နတ်ပြည်ကြားအပြေးအလွှား သွားပေးရပေါင်းလည်း

http://www.dhammadownload.com



များခဲ့ပြီ။

ကိလေပုန်း၊ ကံပုန်း၊ ဈာန်သုံး ဘဝမြွတ်များကို ချီပိုးထမ်းရွက်လျက်ကလည်း ဖြဟ္မာ့ပြည် နှစ်ဆယ်လုံး ကုန်းကျုံးထမ်းပြေးရပေါင်းလည်း များခဲ့ပြီ။

-ဘဝနှင့် ခန္ဓာသာပြောင်း၊ ခေါင်းပေါ်မှ ဝန်ထုပ်ကား မချခဲ့ရ။

-အချိန်နှင့် နေ့ရက်သာပြောင်း၊ ခေါင်းပေါ်မှ ဝန်ထုပ်ကား မချခဲ့ရ။

မသိလျှင် အကောင်းသား၊ သူလမ်းကြောင်း တစ်စောင်းတိုက်လိုက်ရုံသာ။

မတွေးမိလျှင် တော်သေး၊ ဖြစ်လေရာပေါ် ပျော်လိုက်ရုံသာ။

ယခုသော် ဘုရားရှင် ကိုယ်တော်တိုင် ဝဋ်သုံးပါး ဝန်သုံးထုပ် ဒုက္ခသစ္စာ ဟောဖော်ဆုံးမ အထင်အရှားပြထားပြီး ရှိနေချေရာ

အတွေ့နောက် အမေ့ကောက်၍လိုက် ပို၍ပင် အောက်မှအောက် တောက်လျှောက်ရောက်ဖို့ပင်။

ကံအကြွေး စုန်၍လိုက်၊

အောက်မှအောက် မှောက်လျက်ကမြုပ် အကျိုးယုတ်ဖို့ပင်။

ကိလေသာကား မနား၊ အချိန်နှင့် အတူသွားနေ၏။

ကံများကလည်း မနား၊ ကိလေသာနှင့် အတူသွားနေ၏။

ဝိပါက်များကလည်း မနား၊ ကံနှင့်မကွာ အမြဲပါနေ၏။

သင့်ဘက်ကသာ သတိအရင်းမထုတ်၊ ကိုယ်ပိုင်အလုပ် မလုပ်ခဲ့သော်

http://www.dhammadownload.com



ပြေးဖို့သာ အားမွေး၊ ဝန်ထမ်းလမ်းကား အဆင်သင့်ချည်း ပင်တည်း။

ထမ်းဖို့သာ လမ်းရွေး၊ ဝန်ထုပ်များကလည်း အဆင်သင့်ချည်း ပင်တည်း။

❖ ❖ ❖

http://www.dhammadownload.com



ကိလေသကမ္မဘာရံဝါ၊ ခန္ဓဘာရံယေလဘန္တိ
နိစ္စေဇဝေခဏေခဏေ၊ ပရိဝတ္တေန္တ ဘာရိတော
ဩဃောယောဂေါအခေါမဂ္ဂ၊ ဓာဝေယျုံဝတ သီယမှာ။

ယေ-အကြင် ပုထုဇဉ်တို့သည်၊
ကိလေသာဘာရံဝါ- ကိလေသာ ဝန်ထုပ်ကြီးကိုဖြစ်စေ၊
ကမ္မဘာရံဝါ-ကံဝန်ထုပ်ကြီးကို ဖြစ်စေ၊
ခန္ဓာဘာရံဝါ-ခန္ဓာဝန်ထုပ်ကြီးကို ဖြစ်စေ၊
လဘန္တိ- အတိတ်ကံ ဖန်တီးပေးသောအတိုင်း ရနေကြပါကုန်၏။

တေ-ထို ပုထုဇဉ် လူသားတို့သည်၊ တေ-ထိုဝန်ထုပ်ကြီး သုံးထုပ်တို့ကို၊ ပရိဝတ္တေန္တ-တစ်ထုပ်ပြီးတစ်ထုပ် လဲလှယ်ထမ်းနည်းဖြင့်၊ ဘာရိတော-ထမ်းချီထုပ်ပိုး သည်ပိုးလျက်ကပင်၊

နိစ္စေဇဝေ-အစွဲအမြဲ မလစ်လပ်စေဘဲ၊
ခဏေခဏေ-အချိန်ချင်းလွဲ၊ အားကဲလျက်ပဲ၊
ဩဃောမဂ္ဂဝါ- ဝဲဩဃ ခရီးကြီးဆီသို့လည်းကောင်း၊
ယောဂေါမဂ္ဂဝါ- ယောဂခရီးကြီးဆီသို့လည်းကောင်း၊
အခေါမဂ္ဂဝါ-အပါယ်ခရီးကြီးသို့လည်းကောင်း၊
သီယာမှာ - အမြန်ဆုံးနည်းဖြင့်သာ၊
ဓာဝေယျုံဝတ- ပြေးဆင်းနေကုန်ကြပြီတကား။

(၁၃၆၂ခုနှစ်၊ တပေါင်းလဆန်း ၄ရက်နေ့၊ ပဋိပတ်တော)
မဟာဗောဓိမြိုင်ဆရာတော်ကြီး

နတ်တလူစာစဉ်

http://www.dhammadownload.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏

ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်၏

ဓမ္မစာပေတရားတော်များပြန့်ပွားရေး ငွေပဒေသာပင်

အလှူရှင်များစာရင်း

၁။ အရှင်တေဇိန္ဒ(ရွှေဥမင်တောရ) ငါးသောင်းကျပ်

၂။ အရှင်ဉာဏာဓေ(ရွှေဥမင်တောရ) နှစ်သောင်းကျပ်

၃။ ဒေါ်ဥတ္တမစာရီ(ဇရပ်ကွင်း-လှည်းကူးမြို့နယ်) နှစ်သောင်းသုံးထောင်ကျပ်

၄။ ဆရာအောင်ကျော်စံ ဆယ်သိန်းကျပ်

၅။ ဒေါ်အားမေမိသားစု၊ကျွန်းပင်သာရပ်၊မြစ်ကြီးနားမြို့ ဆယ်သိန်းကျပ်

၆။ ဦးအေးမောင်+ဒေါက်တာစန္ဒာကျော်
သမီးယွန်းမှူးမှူးအိမ်၊
ဆန်းဆင့်ဆင့်အေးမောင်မိသားစုမြစ်ကြီးနားမြို့ ဆယ်သိန်းကျပ်

၇။ ဦးသိန်းထိုက်ဦး+ဒေါ်မျိုးမျိုးမင်း
သမီး မဇေဇင်ဦး မိသားစု ဆယ်သိန်းကျပ်

၈။ ဗိုလ်မှူးကြည်စိုးဝင်း+ဒေါက်တာခိုင်ခိုင်လင်း
သမီးသက်ထားဝင်းမိသားစု ငါးသိန်းခြောက်သောင်းကျပ်

၉။ စေတနာရှင်မိသားစု(ခေတ္တဘန်ကောက်) ငါးသိန်းကျပ်

၁၀။ ဦးဝင်းထိန်+ဒေါ်အေးအေးယုမိသားစု၊ ရန်ကုန်။ ငါးသိန်းကျပ်

၁၁။ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဦးထွန်းထွန်း+ဒေါ်ဝေဝေမိသားစု
သုံးသိန်းကျပ်

၁၂။ ကိုသန်းလွင်+မယဉ်ယဉ်အေး ထွန်းနိုင်အောင်ကုမ္ပဏီမိသားစု နှစ်သိန်းကျပ်

၁၃။ ဒေါက်တာတင်ထွန်းအောင်+ဒေါ်ခင်မြတ်မျိုးမြင့် မိသားစု
တစ်သိန်းငါးသောင်းကျပ်

၁၄။ ကိုအောင်နိုင်ဦး+မယဉ်မေ ဝင်းဝင်းကုမ္ပဏီမိသားစု
မြစ်ကြီးနားမြို့ တစ်သိန်းငါးသောင်းကျပ်

၁၅။ ဦးဟုတ်စွမ်+ဒေါ်ခင်ကြူ သားသမီးမြေးတစ်စု၊ ရန်ကုန် တစ်သိန်းကျပ်

၁၆။ ဦးမြင့်ဝင်း+ဒေါ်ဆွေဆွေ မိသားစု၊ ရန်ကုန် တစ်သိန်းကျပ်

နတ်တလှူစာစဉ်

http://www.dhammadownload.com

၁၇။ ဒေါက်တာခင်မောင်ဇော်+ဒေါ်ခိုင်ခိုင်အေးမိသားစု၊ရန်ကုန် တစ်သိန်းကျပ်
၁၈။ ဦးထင်အောင်ကျော်+ ဒေါက်တာပပဝါ မိသားစု
ကျော်ဝေယျာကုမ္ပဏီလီမိတက်၊ ရန်ကုန်။ တစ်သိန်းကျပ်
၁၉။ ဗိုလ်ကြီးမျိုးကျော်ညွန့်+ဒေါ်ဥမ္မာအောင်၊ သမီး မပြတ်သွယ်ခိုင်
၅/ဃ၊ မဂ္ဂင်ကျောင်းလမ်း၊ ရွာသစ်အရှေ့ အင်းစိန်။ တစ်သိန်းကျပ်
၂၀။ ကိုရဲမြင့်+မချောစု၊ အောင်နန်း ၁၂၈၊ မြစ်ကြီးနားမြို့ တစ်သိန်းကျပ်
၂၁။ ကိုခင်မောင်ထွေး+မနှောင်းငယ်၊ သား ကောင်းမင်းခန့် မိသားစု၊
ကချင်ပြည်နယ်။ တစ်သိန်းကျပ်
၂၂။ ဗိုလ်ကြီးဇော်သက်နှင့် တပ်ဖွဲ့ဝင်များ၊ ခေတ္တလိုင်ဇာ။ တစ်သိန်းကျပ်
၂၃။ ကိုအားရင် ရွှေပြည်သာကုမ္ပဏီ မိသားစု တစ်သိန်းကျပ်
၂၄။ ဗိုလ်မှူးချစ်ကိုကို+ဒေါ်သီတာအောင် မိသားစု တောင်ကြီးမြို့ တစ်သိန်းကျပ်
၂၅။ ဒေါက်တာအောင်သန်း+ဒေါ်ဝါဝါသန်း
တီကေမိသားစု၊ မြို့မရပ်၊ သာစည်မြို့ တစ်သိန်းကျပ်
၂၆။ ဒေါက်တာဝင်းနိုင်ထွန်း မိသားစု၊ ထိုင်ဝမ်။ တစ်သိန်းကျပ်
၂၇။ ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍
ဒေါ်ခင်အေးသိ
လမ်း ၂၀(၈၂×၈၃ ကြား)၊ အမှတ်(၈၈)
ပုလဲငွေရောင်ရပ်၊ မန္တလေးမြို့ တစ်သိန်းကျပ်

၂၈။ ဦးကျော်မင်းနိုင်+ဒေါ်စောမွန်လတ်မိသားစု၊
ရန်ကုန်။ ခုနစ်သောင်းငါးထောင်ကျပ်
၂၉။ ဦးကျော်ကျော်+ဒေါ်အေးအေးမြင့် မိသားစု၊
အမှတ်(၁)ကြေးနီသတ္တုတွင်း၊ မုံရွာမြို့ ခြောက်သောင်းကျပ်
၃၀။ ဒေါ်သောင်း၊ သား-ဒေါက်တာအိုကေ
အနောက်ဈေးရပ်၊ ရွှေဘိုမြို့ ငါးသောင်းကျပ်
၃၁။ ဒေါက်တာလှထွန်းဝင်း+ဒေါ်ရီရီဝင်း မိသားစု၊
အောင်သိဒ္ဓိရပ်၊ ဝီးကုန်းမြို့ ငါးသောင်းကျပ်
၃၂။ ဦးသွေးချွန်+ဒေါ်နန်းရွှေအေး မိသားစု၊ ရန်ကုန်။ ငါးသောင်းကျပ်

နတ်တလူစာစဉ်

http://www.dhammadownload.com

၃၃။ ဒေါ်မြမြသန်း၊ ဒေါ်တင်ပု(မခင်လှဆေးပေါ့လိပ်)မိသားစု
ရန်ကြီးအောင်ရပ်၊ ဇီးကုန်းမြို့ — ငါးသောင်းကျပ်

၃၄။ ဦးအောင်ထူး+ဒေါ်နုနု မိသားစု သစ်ထုတ်လုပ်ရေး မုံရွာမြို့ — ငါးသောင်းကျပ်

၃၅။ ဦးခင်မောင်သန်း+ဒေါ်ငွေ မိသားစု
ရန်ကြီးအောင်ရပ်၊ ဇီးကုန်းမြို့ — ငါးသောင်းကျပ်

၃၆။ ဦးအေးသိုက်+ဒေါ်ဝင်းဝင်းစိုး၊ သား- မောင်ဝင်းပြည့်ဖြိုး မိသားစု
ကျောက်မြောင်း၊ ရန်ကုန် — ငါးသောင်းကျပ်

၃၇။ ဦးခင်မောင်ကြည်+ဒေါ်ကျော့ကျော့မိုး မိသားစု
မြန်မာ့သစ်လုပ်ငန်း၊ မိုးမိတ်မြို့ — ငါးသောင်းကျပ်

၃၈။ ဦးညွန့်ဝေ+ဒေါ်မြကြည် မိသားစု
အမှတ်(၁)ကြေးနီသတ္တုတွင်း၊ မုံရွာမြို့ — ငါးသောင်းကျပ်

၃၉။ ပြည်နယ်တရားသူကြီးဦးမြတ်မင်း+ဒေါ်သီတာ
မြစ်ကြီးနားမြို့ — ငါးသောင်းကျပ်

၄၀။ ဦးဘုန်းမြင့်+ဒေါ်ခင်သန်းမေ
အမှတ်(၁၀၀)၊ မြို့မရပ်၊ ကာမိုင်းမြို့ — ငါးသောင်းကျပ်

၄၁။ ဦးမင်းချစ်သူ+ဒေါ်အေးအေးဝင်း
သမီး-ရွှေရေးခြယ် မိသားစု၊ ရန်ကုန်။ — ငါးသောင်းကျပ်

၄၂။ ဦးခင်မောင်အေး+ဒေါ်လှလှချင်း၊ အရောင်တင်မိသားစု
ဝက်လည်ရွဲရပ်၊ ရွှေဘိုမြို့ — ငါးသောင်းကျပ်

၄၃။ ဦးမြင့်စိုး+သုဓမ္မသီဂီဒေါ်သန်းသန်း၊ သား-ကိုမောင်မောင်စိုးသန်း
မိသားစု၊ ပျဉ်းမနားမြို့ — သုံးသောင်းကျပ်

၄၄။ ဦးမျိုးညွန့်+ဒေါ်မြင့်မြင့်ဝင်း မိသားစု၊
ပြိုပ်တုဆက်သွယ်ရေးစခန်း၊ ပူတာအိုမြို့ — သုံးသောင်းကျပ်

၄၅။ ဦးသိန်းအောင်+ဒေါ်လှစိန်
သားကိုဝင်းနိုင်နှင့်မောင်နှမများရွှေညောင်မြို့ — သုံးသောင်းကျပ်

၄၆။ ဦးသိန်းအောင် နဝရတ်စိတ္တုမိသားစု၊ လှည်းတန်း။ — နှစ်သောင်းကျပ်

၄၇။ ဦးဝင်းမောင်+ဒေါ်စိုးစိုးမြင့်မိသားစု၊ မန္တလေး။ — နှစ်သောင်းကျပ်

၄၈။ ဦးမြတ်သူ+ဒေါ်အေးမြတ်မွန်

နတ်တလူစာစဉ်

http://www.dhammadownload.com

M.H.T ဆောက်လုပ်ရေး ရန်ကုန်။ နှစ်သောင်းကျပ်

၄၉။ ဒေါ်သန်းမြ ဒေါ်ပေါ် ဖိုးလမင်းမှန်တိုက်၊ ကလေးမြို့ နှစ်သောင်းကျပ်

၅၀။ ဦးတင်တိုး+ဒေါ်ခင်ပြုံး မိသားစု၊ ဗိုလ်ချုပ်လမ်း၊ ကလေးမြို့ နှစ်သောင်းကျပ်

၅၁။ ဒေါက်တာသန်းထွေးအောင်+ဒေါ်မြင့်မြင့်မိသားစု၊ ရွှေဘိုမြို့ နှစ်သောင်းကျပ်

၅၂။ ဒေါက်တာနေဦး+ဒေါ်ဗိုဗိုTop Choice စာအုပ်လုပ်ငန်း
အမှတ်-၁၇၂၊ ၃၁လမ်း၊ ရန်ကုန်။ နှစ်သောင်းကျပ်

၅၃။ ဦးလှအောင်+ဒေါက်တာတင်တင်စု
၁၉၊ ငွေလလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။ နှစ်သောင်းကျပ်

၅၄။ ကိုတင်မြင့်+မစန္ဒာအေးမိသားစု၊
"Good Baby" စတိုး၊ မြစ်ကြီးနားမြို့ နှစ်သောင်းကျပ်

၅၅။ ဦးခင်မောင်သက်+ဒေါ်မြင့်မြင့်ခင် မိသားစု
အာရှရောင်းဝယ်ရေး မိသားစု၊ မကွေးမြို့ နှစ်သောင်းကျပ်

၅၆။ စေတနာရှင်တစ်ဦး နှစ်သောင်းကျပ်

၅၇။ မစန္ဒာလင်း(ဦးမြသောင်း+ဒေါ်အေးအေးမင်းရွှေဆိုင်)
လယ်ဝေးမြို့ နှစ်သောင်းကျပ်

၅၈။ တပ်ကြပ်ကြီးသန်းဝင်း+ဒေါ်ဥမ္မာထွန်းမိသားစု၊
ရန်ကုန်။ တစ်သောင်းငါးထောင်ကျပ်

၅၉။ ဒေါ်နန်းမူနှင့်သားများ၊ ရွှေညောင်မြို့ တစ်သောင်းငါးထောင်ကျပ်

၆၀။ ဦးအောင်ကျော်ညွန့်+ဒေါ်မူမူမိသားစု
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့ တစ်သောင်းကျပ်

၆၁။ ဦးပန်ကာ+ဒေါ်ခင်ထွေး မိသားစု၊ အမှတ်(၃)သာစည်မြို့ တစ်သောင်းကျပ်

၆၂။ ဦးမောင်မောင်အေး+ဒေါ်ချိုလေးမိသားစု
အနီးစခန်း၊ ပြင်ဦးလွင်။ တစ်သောင်းကျပ်

၆၃။ ဦးမောင်မောင်အေး+ဒေါ်တင်မြင့်
အမှတ်(၄)၊ မြို့မရပ်၊ သာစည်မြို့ တစ်သောင်းကျပ်

၆၄။ ပညာလွှင်ဘော်ဒါ၊ ရေနံချောင်းမြို့ တစ်သောင်းကျပ်

၆၅။ ဒေါက်တာမျိုးသန့်+ဒေါ်နိုင်နိုင်မော်
သမီး-မြကေသီသန့်၊ သာစည်မြို့ တစ်သောင်းကျပ်

နတ်တလှူစာစဉ်

http://www.dhammadownload.com

၆၆။ ဗိုလ်ကြီးမြင့်ဇော်+ဒေါ်ဦးသန်းမေ၊ ရန်ကုန်မြို့ — တစ်သောင်းကျပ်
၆၇။ ဦးမြသောင်း+ဒေါ်အေးအေးမင်း။ ရွှေဆိုင်၊ လယ်ဝေးမြို့ — တစ်သောင်းကျပ်
၆၈။ ဦးမြင့်သန်း+ဒေါက်တာတင်တင်လတ်၊ ရန်ကင်း၊ရန်ကုန်။ — တစ်သောင်းကျပ်
၆၉။ ဒေါ်အေးအေးခိုင် မိသားစု၊ ဝါယာလက်၊ မင်္ဂလာဒုံ။ — တစ်သောင်းကျပ်
၇၀။ ဦးဘအောင်+ဒေါ်အေးရှင် မိသားစု၊
ကျောက်မြောင်း။ ရန်ကုန်။ — တစ်သောင်းကျပ်
၇၁။ ဦးသန်းနွယ်+ဒေါ်လွင်လွင်သန်း။ မိသားစု၊
မြို့မရပ်၊ သာစည်မြို့ — တစ်သောင်းကျပ်
၇၂။ ဦးသိန်းမြင့်+ဒေါ်ချိုမိသားစု
MICCL အမှတ်(၁)၊ ကြေးနီသတ္တုတွင်း။ မုံရွာမြို့ — တစ်သောင်းကျပ်
၇၃။ ဒေါ်မာမာတင့်(အထက်တန်းပြ) မိသားစု၊
အထက(၁)၊ သာစည်မြို့ — တစ်သောင်းကျပ်
၇၄။ ဦးအောင်သိန်းနှင့် Technical Trainning ဝန်ထမ်းများ MICCL
အမှတ်(၁)၊ ကြေးနီသတ္တုတွင်း။ မုံရွာမြို့ — တစ်သောင်းကျပ်
၇၅။ ယွန်းမှုံမှုံအိမ်(အထက-၃)၊မြစ်ကြီးနားမြို့ — တစ်သောင်းကျပ်
၇၆။ နန်းအိုချစ်ရွာ၊မြောင်းမြမြို့ — တစ်သောင်းကျပ်
၇၇။ ဦးစိန်မင်း+ဒေါ်ခင်မမ၊ သား ဦးကျော်ကျော်နိုင်၊ သမီး မသီသီအောင်
သားကိုသက်ခွေး သားငယ် ကိုရဲမင်းလှိုင်မိသားစု၊ သန်လျင်မြို့ — တစ်သောင်းကျပ်
၇၈။ ဦးစိုးဟိန်း(မန်းတက္ကသိုလ်)+ဒေါ်ရည်ရည်ရွှေမိသားစု၊ရန်ကုန်။ — တစ်သောင်းကျပ်
၇၉။ ဆရာအောင်ကျော်စံ(ခေတ္တဘင်္ဂလားဒေ့ရှ်) — ဒေါ်လာ-၁၀၀
၈၀။ ဦးအောင်ကျော်ညွှန့်+ဒေါ်မူမူမိသားစု(ခေတ္တအမေရိကန်) — ဒေါ်လာ-၁၀၀
၈၁။ THIKE-SAN(ခေတ္တ-ဂျပန်) — ဒေါ်လာ-၅၀
၈၂။ ဦးဘုန်းမြင့်+ဒေါ်ခင်သန်းမေ
အမှတ်-၁၀၀၊ မြို့မရပ်၊ ကာမိုင်းမြို့ — ယွမ်-၅၀၀
၈၃။ ဦးအောင်ကျော်စံ(ခေတ္တတရုတ်ပြည်) — ယွမ်-၂၀၀
၈၄။ ဦးဇေယျ၊ ပြည်နယ်ဥပဒေအရာရှိ၊မြစ်ကြီးနားမြို့ — FEC-၂၀